သယံဇာတကျိန်စာကို တိုက်ဖျက်ခြင်း

ဗဟိုအစိုးရချုပ်ကိုင်မှုအာဏာကိုလျှော့ချ၍ သယံဇာတဆိုင်ရာစီမံခန့်ခွဲခြင်း

AOW
Arakan Oil Watch

[illegible] ၂၀၁၆

ရခိုင်ရေနံစောင့်ကြည့်ရေး

ရခိုင်ရေနံစောင့်ကြည့်ရေးအဖွဲ့ကို ၂၀၀၆ ခုနှစ်တွင်စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး သီးခြားလွတ်လပ်သော၊လူထုအခြေပြုသော၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။ မြန်မာပြည်တွင် လုပ်ရှားမှုများကို ဆောင်ရွက်လျှက်ရှိပြီး ရခိုင်ပြည်နယ်တွင် ထဲထဲဝင်ဝင်လုပ်ဆောင်လျှက်ရှိသည်။ အဖွဲ့၏ရည်ရွယ်ချက်မှာ ရခိုင်ပြည်နယ်နှင့် မြန်မာပြည်တစ်ဝှမ်းရှိ သဘာဝသယံဇာတတူးဖော်မှုများနှင့် အခြားသောစီမံကိန်းကြီးများကြောင့် ထိခိုက်နစ်နာပျက်စီး ဆုံးရှုံးရသောပြည်သူလူထုအခွင့်အရေးများ၊ လယ်သိမ်းယာသိမ်း သိမ်းဆည်းခံမြေယာများ၊ အသက်မွေးဝမ်းကျောင်းများနှင့် သဘာဝဝတ်ပန်းကျင်များကို အာမခံချက်ပြည့်ဝစွာဖြင့် အကာအကွယ်ပေးရေးကို ခိုင်မာသေချာအောင် လုပ်ရန်ဖြစ်သည်။ အဖွဲ့သည် ရခိုင်ပြည်နယ်နှင့် မြန်မာတစ်ပြည်လုံးတွင် ကော်ပိုရေးရှင်းကြီးများ၏ လုပ်ရှားဆောင်ရွက်မှုများနှင့် ယင်းမှဖြစ်ပေါ်လာသည် လူ့အခွင့်အရေး၊ သဘာဝဝတ်ပန်းကျင်နှင့် ငွေကြေးဆိုင်ရာထိခိုက်နစ်နာမှုများကိုစောင့်ကြည့် လေ့လာလျှက်ရှိသည်။ အဖွဲ့သည် သဘာဝသယံဇာတစီမံခန့်ခွဲမှုတွင် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးကို ဦးဆောင်လုပ်ရှားလျှက်ရှိပြီး ယင်းနှင့်စပ်လျဉ်း၍ လူထုအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျှက်ရှိသည်။ အဖွဲ့သည် ကမ္ဘာတလွှားရှိ သဘာဝသယံဇာတတူးဖော်မှုများနှင့် ယင်းကြောင့်ထိခိုက်ပျက်စီးနစ်နာမှုများကို စောင့်ကြည့်လေ့လာနေသော အစိုးရမဟုတ်သည့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသခံအဖွဲ့အစည်းများ၊ မြန်မာပြည်အခြေပြု လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့်လည်း ချိတ်ဆက်ဆောင်ရွက်လျှက်ရှိပြီး မြန်မာ့သဘာဝပတ်ပန်းကျင်အရေး လုပ်ကိုင်ဆောင်ရွက်ကြသူများအုပ်စု (BEWG)နှင့် အရှေ့တောင်အာရှရေနံစောင့်ကြည့်ရေးအဖွဲ့ (Oilwatch SEA) တို့တွင် တက်ကြွစွာ ဝါဝင်လုပ်ရှားနေသော အဖွဲ့အစည်းတစ်ခုဖြစ်သည်။

ဆက်သွယ်ရန်

Arakan Oil Watch

Email:	**info@arkanoilwatch.org**
Website:	**www.arakanoilwatch.org**
Facebook:	**Arakan Oil Watch**

ရခိုင်ရေနံစောင့်ကြည့်ရေးအဖွဲ့မှ ထုတ်ဝေခဲ့ပြီးသော အစီရင်ခံစာများ

မာတိကာ

အစီရင်ခံစာအကျဉ်းချုပ်------------------------------၃
အကြံပြုချက်များ------------------------------၅

အပိုင်း (၁) သယံဇာတကျိန်စာ------------------------------၉
၁။ ရခိုင်ပြည်နယ်၌ သဘာဝသယံဇာတများအား တူးဖော်ထုတ်ယူကြမည့်စီမံကိန်းများ အများအပြားရောက်ရှိလာကြခြင်း------------------------------၉
၂။ သဘာဝသယံဇာတများတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ မြင့်တက်လာခြင်း------------------------------၁၀
၃။ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်မြင့်မားလာသော်လည်း ရခိုင်ပြည်နယ်သည် ဆင်းရဲနိမ့်ကျလျက်ရှိခြင်း------------------------------၁၃
အပိုင်း (၂) ဗဟိုအစိုးရချုပ်ကိုင်မှုအာဏာကိုလျှော့ချ၍ ဖွံ့ဖြိုးတိုးတက်စေသောရှုမြင်သုံးသပ်မှုများ တည်ဆောက်ခြင်း------------------------------၁၅

အပိုင်း (၃) သယံဇာတကျိန်စာကိုမည်သို့တိုက်ဖျက်ကြမည်နည်း------------------------------၂၀
၁။ ငြိမ်းချမ်းရေးတည်ဆောက်ခြင်း------------------------------၂၀
၂။ ပြည်သူလူထုကျယ်ပြန့်စွာပူးပေါင်းပါဝင်မှုကို တရားဝင်ဖြစ်စေခြင်း------------------------------၂၃
၃။ ဗဟိုအစိုးရ၏ အာဏာကိုခွဲဝေအုပ်ချုပ်မှု------------------------------၃၀
၄။ သဘာဝသယံဇာတပိုင်ဆိုင်မှုတွင် ဗဟိုအစိုးရ၏ချုပ်ကိုင်မှုအာဏာကိုလျှော့ချခြင်း--၃၄
၅။ သဘာဝသယံဇာတများအား ထိန်းချုပ်မှုနှင့် စီမံခန့်ခွဲမှုတွင် ဗဟိုအစိုးရ၏ချုပ်ကိုင်မှု အာဏာကိုလျှော့ချခြင်း------------------------------၃၅
၆။ သဘာဝသယံဇာတမှရရှိသော ဝင်ငွေများကိုကောက်ခံရာ၌ ဗဟိုအစိုးရ၏ချုပ်ကိုင်မှု အာဏာကိုလျှော့ချခြင်း------------------------------၃၉

တိုးတက်ပြောင်းလဲမှုဖြစ်ရပ်များမှလေ့လာချက်များ
၁။ သဘာဝသယံဇာတ ပဋိပက္ခ------------------------------၄၉
၂။ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံများတွင် သဘာဝသယံဇာတပိုင်ဆိုင်မှုအပေါ် ဗဟိုအစိုးရ၏ ချုပ်ကိုင်မှုအာဏာကိုလျှော့ချထားမှုများ------------------------------၅၂
၃။ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံများတွင် သဘာဝသယံဇာတများအားထိန်းချုပ်မှုနှင့် စီမံခန့်ခွဲမှုများအပေါ်ဗဟိုအစိုးရ၏ချုပ်ကိုင်မှုအာဏာလျှော့ချထားမှုများ----------၅၅
၄။ ဗဟိုအစိုးရ၏ချုပ်ကိုင်မှုအာဏာကိုလျှော့ချထားသော ငွေကြေးစီမံခန့်ခွဲမှုစနစ်များ--- ၆၂

နောက်ဆက်တွဲများ
၁။ ၂၀၀၂ မှ ယနေ့အထိ ရခိုင်ပြည်ရှိ ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍတွင် ကုမဏီများ ရင်းနှီး မြှုပ်နှံမှု------------------------------၇၉
၂။ ထိခိုက်နစ်နာရသော ဒေသခံပြည်သူများသည် ဆုံးဖြတ်ချက်များချမှတ်ရာတွင်ပါဝင်ခွင့်ရှိ ခြင်းနှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာစံသတ်မှတ်ချက်များ---------------၈၀

အစီရင်ခံစာအကျဉ်းချုပ်

မြန်မာစစ်အစိုးရသည် တိုင်းပြည်၏သယံဇာတများအား ၎င်းတို့မောင်ပိုင်စီးထားမှုကို ဆက်လက်ထိန်းချုပ်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တရပ်ကို ၂၀၀၈ ခုနှစ်တွင် အတည်ပြုပြဌာန်းခဲ့သည်။ ၎င်းဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၃၇(က) တွင်-

"နိုင်ငံတော်သည် နိုင်ငံတော်ရှိမြေအားလုံး၊ မြေပေါ် မြေအောက်၊ ရေပေါ် ရေအောက်နှင့် လေထုတွင်ရှိ သယံဇာတအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်ဟု ပြဌာန်းထားသည်။"

၎င်းဖွဲ့စည်းပုံအခြေခံဥပဒေအရ နေပြည်တော်ရှိ ပဟိုအစိုးရသည် တိုင်းပြည်ရှိသယံဇာတအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြင့်ရုံသာမက ၎င်းတို့ကိုတူးဖေါ်ထုတ်လုပ်ခြင်းနှင့်စပ်လျဉ်း၍ လိုအစ်သည့်ဥပဒေများကို ပြဌာန်းခွင့်အပါအဝင် သယံဇာတများအပေါ် ထိန်းချုပ်ခွင့်နှင့်စီမံစိုင်ခွင့်တို့ကိုလည်း အမိအရဆုပ်ကိုင်ထားသည်။ ဤကဲ့သို့ ဗဟိုအစိုးရ၏ အလွန်အမင်းချုပ်ကိုင်ထားမှုသည် တရားမျှတမှုကြီးစွာကင်းမဲ့ခြစ်း၊ တန်းတူညီမျှမှုလုံးဝမရှိခြင်းနှင့် ပဋိပက္ခများ၊ အကြမ်းဖက်မှုများဖြစ်ပွားရခြင်းဟူသော သံသရာကိုသာ ဆိုးဆိုးရွားရွား ဖြစ်ပေါ်စေခဲ့သည်။ ထို့ပြင် တိုင်းပြည်၏အနာဂတ်မျိုးဆက်များအတွက် အမှန်တကယ် စီးပွားရေးအခြခံအရင်းအဖြစ်ဖြင်လာနိုင်သည့် အစားထိုးမရနိုင်သော သဘာဝသယံဇာတများ လျော့ပါးကုန်စန်းလာခြင်းကိုလည်း အလျှင်အမြန်ဖြစ်ပေါ်စေပည်ဖြစ်သည်။

ရခိုင်ပြည်နယ်သည် ဖေါ်ပြပါဖြီစ်ရင်မျိုးအတွက် အကောင်းဆုံးဥပမာပင်ဖြစ်ပြီး သဘာဝဓါတ်ငွေ့ကဲ့သို့သော သယံဇာတရှာဖွေမှုမျိုး၌ မြန်မာနိုင်ငံတွင် စိတ်ဝင်စားမှုအခံရဆုံးသော ပြည်နယ်တစ်ခုဖြစ်သည်။ ရွှေသဘာဝဓါတ်ငွေ့စီမံကိန်းမှ တနေ့လျှင် သဘာဝဓါတ်ငွေ့ ကုပပေသနီး(၅၀၀) ထုတ်လုင်နေသော်လည်း ရခိုင်ပြည်တွင်း လျှပ်စစ်ဓါတ်အားအသုံးပြုမှုတွင် ၎င်းဓါတ်ငွေ့ကို တစိုးတစီမျှသုံးစွဲခြင်းပရှိသေးပေ။ ရွှေသဘာဝဓါတ်ငွေ့များကို တရုတ်နိုင်ငံသို့တင်ပို့ရောင်းချပြီး ဗဟိုအစိုးရအနေဖြင့် နှစ်စဉ်အမေရိကန်ဒေါ်လာ တစ်ဘီလီယံမကသော ဓွေကြေးကို ရရှိနေစဉ်တွင် ဒေသခံပြည်သူများမှာ အသက်မွေးဝမ်းကျောင်းများနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးဆုံးရှုံးရခြင်း၊ မြေယာများမတရားသိမ်းပိုက်ခံရခြင်းနှင့် လူ့အခွင့်အရေးချိုးဖေါက်ခံရခြင်းများကိုသာ ခံစားနေကြရသည်။ ၎င်းသယံဇာတမှရရှိသော ဝင်ငွေများ၏ စာရင်းအင်းများမှာ အများပြည်သူမှင့်လင်းမြင်သာသိရှိနိုင်ရန် ခက်ခဲနေဆဲဖြစ်ပြီး ၎င်းဝင်ငွေများကိုအသုံးပြု၍ ရခိုင်ပြည်နယ်၏အခြေခံအဆောက်အအုံများ၊ ပညာရေး၊ ကျန်းမာရေးစသည်များတွင် ပြန်လည်ရင်းနှီးမြှုပ်နှံသည်ဟူ၍ ယခုထက်တိုင် တစ်စုံတစ်ရာ မရှိသေးရကား ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ ဒုတိယအဆင်းရဲဆုံးပြည်နယ်ဖြင်နေရသည်မှာ ပဆန်းလှပေ။

မြန်မာနိုင်ငံ၏ ပဟိုချုစ်ကိုင်အုပ်စိုးမှုစနစ်နှင့် သဘာဝသယံဇာတများနှင့်စစ်လျှဉ်း၍ စီမံဆုံးပြတ်ရာတွင် ထိခိုက်နစ်နာရသော ဒေသခံပြည်သူလူထုအတွက် အကာအကွယ်ပေးနိုင်သည့် လုပ်ထုံးလုစ်နည်းနှင့် ဥပဒေများကင်းမဲ့ခြင်းတို့၏ အကျိုးကျေးဇူးဖြစ်ထွန်းမှုများကို မြန်မာနိုင်ငံ ပဟိုအစိုးရ၊ မြန်မာစစ်တပ်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် ယနေ့ထက်တိုင်ခံစားစံစားနေကြဆဲပင်ဖြစ်သည်။ အခြားတဖက်တွင် ပဟိုအစိုးရသည် သဘာဝသယံဇာတများကို စီမံခန့်ခွဲခြင်းတွင် ပဟိုချုစ်ကိုင်မှုအာဏာအား ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့များသို့ ခွဲဝေပေးမည်ဆိုပါက သဘာဝသယံဇာတများကို ထုတ်ယူသုံးစွဲခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များကိုချမှတ်ရာတွင် ထိခိုက်ခံပြည်သူများ၏ဆန္ဒများကို ထည့်သွင်းစဉ်းစားဖြီး ဒေသတွင်းအဆစ့်တွင်ပင် ဆုံးဖြတ်ချက်ချမှတ်နိုင်မည့် နိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ကောစ်းမွန်သောအဆောက်အအုံများကို တည်ထောင်နိုင်မည်ဖြစ်သည်။ ဤကဲ့သို့ အာဏာခွဲဝေလျှော့ချခြင်းသည် သဘာပသယံဇာတများအပေါ် စီမံခန့်ခွဲရာ၌ ဒေသခံပြည်သူများ၏ လိုအပ်ချက်နှင့်လိုအင်ဆန္ဒကို ပိုမိုတာဝန်ခံနိုင်မည်ဖြစ်ပြီး ကြာရှည်တည်တံ့ခိုင်မြဲသော ဖွံဖြိုးတိုးတက်မှုမျိုးကို သေချာခိုင်မာစေမည်ဖြစ်သည်။

သဘာဝယံဇာတများအပေါ် ရင်းနှီးမြှုပ်နှံမှုများကြောင့် ထိခိုက်နစ်နာကြရသည့် ဒေသခံများအကြား ဆယ်စုနှစ်ကြာလုပ်ကိုင်ခဲ့သည့် အတွေ့အကြုံများနှင့် ကမ္ဘာတစ်လွှားရှိ သဘာဝသယံဇာတကြွယ်ဝသောတိုင်းပြည်များတွင် ဖြစ်ပွားကြုံတွေ့ခဲ့ရသည်များအား လေ့လာချက်များအရ ရခိုင်ရေနံစောင့်ကြည့်ရေးအဖွဲ့သည် မြန်မာနိုင်ငံ၏ သဘာဝသယံဇာတ စီမံခန့်ခွဲမှုတွင် ရေရှည်တည်တံ့အောင်မြင်နိုင်မည့် အဓိကအရေးပါသော အချက်(၆)ချက်ကို တွေ့ရှိထားပါသည်။

(၁) ငြိမ်းချမ်းရေးတည်ဆောက်ပါ။ ။နိုင်ငံရေးအရငြိမ်းချမ်းရေးသဘောတူညီမှုစာချုပ် လက်မှတ်ပရေးထိုးရမီနှင့် ဥပဒေအသစ်မပြဋ္ဌာန်းရသေးမီ တန်ဖိုးကြီးမားသောသဘာဝ သယံဇာတတူးဖော်မှုများကို တရားဝင်ဆိုင်းငံ့ထားရမည်။ သို့မှသာ တင်းမာမှုများနှင့် ပဋိပက္ခများကိုလျှော့ချနိုင်ပြီး အကာအကွယ်ပေးနိုင်မည့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းရန် အချိန်လုံလောက်စွာရမည်။။ ဥပမာအားဖြင့် ပါပူးဝါးနယူးဂီနီနိုင်ငံကဲ့သို့ အာဏာခွဲဝေမှု ကို ပြဋ္ဌာန်းနိုင်မည့် သဘောတူညီမှုမျိုးသည် ပဋိပက္ခများ ပြန်ထည်မဖြစ်ပွားရအောင် တားဆီး နိုင်ပြီး ပြည်နယ်ဒေသန္တရအစိုးရအဖွဲ့အား ၄င်းတို့၏ကိုယ်ပိုင်အုပ်ချုပ်မှုစနစ်တစ်ရပ်ကို ထူထောင်ရှေ့ ဆက်နိုင်စေပည်ဖြစ်သည်။

(၂) ကျယ်ပြန့်သောပါဝင်မှုကို ဖြစ်ပေါ်စေခြင်း။ ။ဒေသခံပြည်သူများအား သဘာဝသယံဇာတ စီမံခန့်ခွဲမှုတွင်ပါဝင်စေခြင်းနှင့် ၄င်းတို့၏သဘာဝသယံဇာတများမှ ၄င်းတို့ကိုယ်တိုင်အကျိုး အမြတ်ရရှိမှုကို သေချာခိုင်မာစေခြင်းသည် မကျေမချမ်းဖြစ်ခြင်းကို ကာကွယ်နိုင်ပြီး ပဋိပက္ခ ဖြစ်ပွားမှုကို လျှော့ကျစေပည်ဖြစ်သည်။ လက်တင်အမေရိကတွင် ပြည်သူလူထုပူးပေါင်း ပါဝင်ခွင့်ကို အားကောင်းလာစေရန် လူထုဆန္ဒခံယူပွဲများကျင်းပကြခြင်းသည် သဘာဝသ ယံဇာတစီမံကိန်းများနှင့် ရေရှည်စီမံကိန်းများရေးဆွဲကြရာတွင် ထိခိုက်ခံပြည်သူများနှင့် လူထု အခြေပြု အဖွဲ့အစည်းများအား အလျှင်အမြန်ထည်သွင်းမှုကိုဖြစ်ပေါ်စေသည်။

(၃) ဗဟိုအစိုးရ၏ချုပ်ကိုင်မှုအာဏာကိုခွဲဝေလျှော့ချခြင်း။ ။ နေပြည်တော်ရှိ ပဟိုအုပ်စိုးသူ များထ ချုပ်ကိုင်ထားသော အရေးပါသည် လုပ်ပိုင်ခွင့်နှင့်အာဏာကို ပြည်နယ်နှင့် တိုင်းဒေသ ကြီးများ၏ အရပ်သားအစိုးရအဖွဲ့ထံသို့ ပြဋ္ဌာန်းဥပဒေများမှသော်လည်းကောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေအရသော်လည်းကောင်း ခွဲဝေပေးခြင်းသည် ဆုံးဖြတ်ချက်များချမှတ်ရာတွင် ထိုခိုက်ခံပြည်သူများ၏ သဘောဆန္ဒနှင့် ပိုမိုနီးကပ်မှုရှိစေပြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ထိရောက်မှုနှင့်တန်းတူညီမျှမှုကို ပိုမိုဖြစ်ပေါ်ပေသည်။

(၄) သဘာဝသယံဇာတပိုင်ဆိုင်မှုတွင် ဗဟိုအစိုးရ၏အုပ်ချုပ်မှုအာဏာကို ခွဲဝေလျှော့ချခြင်း
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇(က)တွင် ဖြည်နယ်နှင့်တိုင်းဒေသကြီးများသည် ၄င်းတို့၏ သဘာဝသယံဇာတများ၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်ဟု ပြင်ဆင်လိုက်ခြင်းက တိုင်းရင်း သားအဖွဲ့အစည်းများ၏ ကာလရှည်တောင်းဆိုလာခဲ့သော ကိုယ်စိုင်အုပ်ချုပ်မှုကို ဖြေရှင်းရာ ရောက်စေနိုင်ပြီး ကြာရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးမျိုးကိုလည်း ရရှိစေနိုင်ပည်ဖြစ်သည်။

(၅) သဘာဝသယံဇာတထိန်းချုပ်မှုနှင့်စီမံခန့်ခွဲမှုတွင် ဗဟိုချုပ်ကိုင်မှုအာဏာကိုခွဲဝေလျှော့ချခြင်း
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇(ခ)ကို ပြင်ဆင်ခြင်းအားဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများသည်၄င်းတို့၏ရေမြေများနှင့်သဘာဝသယံဇာတများအပေါ် ထိန်းချုပ်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်တို့ရရှိမည်ဖြစ်သည်။ ၄င်းတွင် အစားပြန်ထည်မရရှိနိုင်သည့် သဘာဝသယံဇာတ များကို တူးဖော်ထုတ်လုပ်ခြင်းပြုပည်၊ မပြုမည်ကို ဆုံးဖြတ်ပိုင်ခွင့်လည်း ပါဝင်ပည်ဖြစ်သည်။ ဤသို့အားဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့များသည် ဒေသတွင်းစီးပွားရေးစီမံကိန်း များ၊ တွင်းထွက်သယံဇာထ တူးဖော်ထုတ်လုပ်ခြင်းများကို ထိန်းသိမ်းကာကွယ်စောင့်ကြည့်ခြင်း များနှင့် လက်ရှိနှင့်အနာဂတ်တွင် ပြည်သူ့အခွင့်အရေး ကာကွယ်မှုဆိုင်ရာများအတွက် ဥပဒေ များ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းလုပ်ဆောင်နိုင်မည် ဖြစ်သည်။

(၆)သဘာဝယံဇာတမှရရှိသောငွေကြေးများကိုကောက်ခံရာတွင် ဗဟိုချုပ်ကိုင်မှုအာဏာကိုခွဲဝေ လျှော့ချခြင်း
သဘာဗသယံဇာတဆိုင်ရာ အရေးပါသောအခွန်အခများ ကောက်ခံနိုင်ရန် ပြည်နယ်နှင့်တိုင်းဒေ သကြီးများအား ဥပဒေဖြုအာဏာများပေးအပ်ခြင်းသည် ၄င်းတို့၏ ကိုယ်ပိုင်ဘတ်ဂျက်ကို စီမံ ခန့်ခွဲနိုင်မှု ဒေသတွပ်းစီမံကိန်းနှပ် လိုအပ်ချက်များအပေါ် ရန်ပုံငွေများခွဲဝေပေးနိုင်မှု၊ အချိန်ပြုန်း တီးမှုနပ် နိုင်ငံတော်အဆင့် ဗျူရိုကရက်စနစ်၏ စရိတ်စကကြီးလေးမှုကို လျှော့ချနိုင်မှုနှင့် ဒေသတွင်းဖြည်သူလူထုအပေါ် ကောင်းစွာဂနိုဆောင်မှုပေးနိုင်မှုတို့ကို တာဝန်ခံနိုင်သော ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် တိုင်းဒေသကြီးအစိုးရအဖွဲ့မျိုးကို ဖြစ်ပေါ်စေနိုင်သည်။

အကြံပြုချက်များ

ငြိမ်းချမ်းရေးတည်ဆောက်ဆဲကာလ၌ ကြားဖြတ်ဆောင်ရွက်သင့်သည့် အဆင့်များ

(၁)သဘာဝသယံဇာတစီမံခန့်ခွဲမှုတွင် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းကို သေချာခိုင်မာစေသည့် တည်ဆောက်မှုများ မပြုလုပ်မချင်း တန်ဖိုးကြီးမားသည့် သဘာဝသယံဇာတများအား တူးဖော်ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းများကို တရားဝင်ဆိုင်း ငံ့ထားရမည်ဖြစ်ပြီး တူးဖော်ထုတ်လုပ်ခြင်း စာချုပ်များကိုလည်း အသစ်ထပ်မံချုပ်ဆိုခြင်းမပြုသင့်ပေ။ အကာအကွယ်ပေးနိုင်သည့် ဥပဒေများ၊ စည်းမျဉ်းများ၊ အဖွဲ့ အစည်းများနှင့် ပွင့်လင်းမြင်သာမှုအလေ့အထ ကျင့်သုံးခြင်းများကို (တရားပင်ဆိုင်းငံထားခြင်းအား မရုတ်သိမ်းမီ) တည်ထောင်ရန်လိုအပ်ပေမည်။

(၂)ဗဟိုအစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ များကြား ငြိမ်းချမ်းရေးသဘောတူညီချက် ရယူကြရာတွင်လည်းကောင်း ဗဟိုအစိုးရနှင့် နိုင်ငံရေးပါတီများကြား နိုင်ငံရေးစေ့စပ်ညှိနှိုင်း ဆွေးနွေးကြရာတွင်လည်းကောင်း သဘာပသယံဇာတ ပိုင်ဆိုင်မှု၊ ထိန်းချုပ်မှု၊ စီမံခန့်ခွဲမှု၊ ငွေကြေးကောက်ခံမှုဆိုင်ရာ အာဏာခွဲဝေခြင်းများကို ထည့်သွင်းဆွေးနွေးပြီး ရှင်းလင်းစွာသတ်မှတ် ရမည်ဖြစ်သည်။

(၃)သဘာဝသယံဇာတများကိုအသုံးပြု၍ ဖြစ်တည်လာမည့် စီးပွားရေးစီမံကိန်းများ၊ တိုးတက်ဖွံ့ဖြိုးရေးဆိုင်ရာ မူပါဒများကို နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ များ၊ လူထုအခြေပြု အရပ်ဖက်အဖွဲ့အစည်းများနှင့် သဘာပသယံဇာတ တူးဖော်ထုတ်လုပ်မှုကြောင့် ထိခိုက်နစ်နာကြရသော ပြည်သူလူထုများက ဝိုင်းပန်းချမှတ်ကြရန် လိုအပ်မည်ဖြစ်သည်။

(၄) သဘာဝသယံဇာတများ စီမံခန့်ခွဲမှုအတွက် ရေရှည်စီမံကိန်းများ ချမှတ်ရာတွင် စီမံကိန်းနယ်မြေတွင်းမှ ပြည်သူများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ တရားဝင်ပူးပေါင်းပါဝင်စေမှု အားကောင်းလာစေရန် အဆောတလျင်လိုအပ်နေသည်။ သို့ဖြစ်၍ ပြည်နယ်နှင့် တိုင်းဒေသကြီးအတွင်း ဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေးမူပါဒများ ပေါ်ထွက်လာစေရန် လူထုတွေ့ဆုံညှိနိုင်းပွဲများ ပြုလုပ်ရမည်ဖြစ်ပြီး ၎င်းတွင်ဒေသခံများ၏ နစ်နာမှုများကို မည်သို့ဆောင်ရွက်ပေးမည်နှင့် စီမံကိန်းကိုစောင့်ကြည့်လေ့လာခြင်းမျိုးကိုလည်း စီမံကိန်းကြီးများကို စတင်ပုံဖော်သည့် အဆင့်တွင်ပင် ထည့် သွင်းလုပ်ဆောင်ရမည်ဖြစ်သည်။

သဘာဝသယံဇာတများအပေါ်စီမံခန့်ခွဲပိုင်ခွင့် အပြည့်အဝအာဏာခွဲဝေမှု ထူထောင်ရန်အဆင့်များ

ဗဟိုအစိုးရ၏အာဏာကိုအပြည့်အဝလျှော့ချထားသောအုပ်ချုပ်မှု

(၁)ဗဟိုအစိုးရသည် ၎င်းဝန်ကြီးဌာနများ၏ လုပ်ပိုင်ခွင့်အခွင့်အာဏာများနှင့်တာဝန်ယူမှုများကို ပြဋ္ဌာန်းဥပဒေများမှလည်းကောင်း၊ အခြေခံဥပဒေပြဋ္ဌာန်းချက်များမှလည်းကောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့များထံသို့ လွှဲပြောင်းဝေးအပ်ရန်လိုသည်။ သို့မှသာ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များသည် လုပ်ပိုင်ခွင့်အာဏာနှင့် လုပ်ငန်းဆောင်တာများကို တရားဝင်ခွဲဝေရယူနိုင်မည်ဖြစ်သည်။အထူးသဖြင့် လက်ရှိကျင့်သုံးနေသောပြည်နယ်နှင့်တိုင်းဒေသကြီးဝန်ကြီးချုပ်များကို သမ္မတမှ ရွေးချယ်ခန့်အပ်သောစနစ်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်များတွင် တပ်မတော်သားကိုယ်စားလှယ်၂၅–ရာခိုင်နှုန်းခန့်အပ်ပိုင်ခွင့်တို့ကို ပယ်ဖျက်ပေးရမည်ဖြစ်သည်။ ဒေသခံပြည်သူများကသာလျှင် ၎င်းတို့နေထိုင်ရာ ပြည်နယ် (သို့မဟုတ်) တိုင်းဒေသကြီးအတွက် ဥပဒေပြု ကိုယ်စားလှယ်များနှင့် ဝန်ကြီးချုပ်ကို ရွေးချယ်တင်မြှောက်ကြသင့်ပေသည်။

(၂)ဗဟိုအစိုးရသည် ပြည်နယ်နှင့် တိုင်းဒေသကြီးများအားလုံးတွင် ပြည်သူလူထု၏ ရပိုင်ခွင့်များကိုကာကွယ်ရန် အနိမ့်ဆုံးရပိုင်ခွင့် အဆင့်အတန်းကို ဥပဒေကြောင်းအရ ပြဋ္ဌာန်းပေးသင့်သည်။

(က)၎င်းဥပဒေသည် သဘာပသယံဇာတစီမံကိန်းများနှင့် စပ်လျဉ်း၍ လူစုလူပေးစုဝေးနိုင်ခွင့်၊ ဖြတ်တောက်စိစစ်မထားသော သတင်းအချက်အလက်များ ရယူနိုင်ခွင့်နှင့် လူထုဆန္ဒခံယူပွဲများကျင်းပနိုင်ခွင့် စသည့် ပြည်သူလူထု အခွင့်အရေးများကို အကာအကွယ်ပေးနိုင်ရမည်။

(ခ)၎င်းဥပဒေသည် သဘာပသယံဇာတ စီမံကိန်းများအား စောင့်ကြည့်လေ့လာရန်၊ ချင့်ချိန်အကဲဖြတ်မှု ပြုလုပ်နိုင်ရန်နှင့် သတင်းအချက်အလက်များအား ပြည်သူလူထုသို့ ဖျပြနိုင်ရန်အတွက် လိုအပ်သည်။

ဗဟိုအစိုးရ၏ချုပ်ကိုင်မှုအပြည့်အဝလျှော့ချထားသောသဘာဝသယံဇာတ ပိုင်ဆိုင်မှု

(၁) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၃၇)(က)တွင် ပြည်နယ်နှင့်တိုင်းဒေသကြီးများသည် ၎င်းတို့၏ ရေ၊မြေ၊ သဘာပသယံဇာတများ၏ ပင်ရင်းပိုင်ရှင်များဖြစ်ကြောင်း ပြင်ဆင်ရမည်။

ဗဟိုအစိုးရ၏ချုပ်ကိုင်မှုအပြည့်အဝလျှော့ချထားသောသဘာဝသယံဇာတ ထိန်းချုပ်မှုနှင့်စီမံခန့်ခွဲမှု

(၁) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၃၇) (ခ)တွင် ပြည်နယ်နှင့်တိုင်းဒေသကြီးများသည် ၎င်းတို့၏ ရေ၊ မြေ၊ သဘာဝသယံဇာတများအပေါ် ထိန်းချုပ်ရန်၊ စီမံခန့်ခွဲရန်အတွက် လိုအပ်သည့် ဥပဒေပြဋ္ဌာန်းခွင့်ရှိကြောင်း ပြင်ဆင်ရမည်။ ထိုသို့ပြင်ဆင်ရန်အတွက် ပြည့်စုံကျယ်ပြန့်တိုးတက်သော နိုင်ငံရေး၊ ဘဏ္ဍာရေး၊ အုပ်ချုပ်ရေးအာဏာများနှင့် စစ်မှန်သောပြည်ထောင်စုဖွဲ့စည်းပုံ လိုအပ်ပေသည်။

(၂) အနာဂတ်တွင်ဖြစ်ပေါ်လာမည့် ပြည်ထောင်စုပြည်နယ်များနှင့် တိုင်းဒေသကြီးများတွင် ဥပဒေများပြဋ္ဌာန်းရန်နှင့် ကြာရှည်တည်တံ့ခိုင်မြဲသော အဖွဲ့အစည်းများ တည်ထောင်ရန်လိုသည်။

အကြောင်းမှာ–

(က)သဘာဝသယံဇာတများနှင့် ယင်းကိုအကြောင်းပြု၍ ဖြစ်ထွန်းလာမည့် ကြာရှည်ခိုင်မာသော တိုးတက်ဖွံ့ဖြိုးမှုများအတွက် အထူးမဟာဗျူဟာများ အပါအဝင် ရေရှည်စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်ရန်။

(ခ) တူးဖော်ထုတ်လုပ်မှုကို စောင့်ကြည့်ပြီး စည်းမျဉ်းများဖြင့် ထိန်းကွပ်ရန်။

(ဂ) ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုနှင့် ရရှိသင့်သောအခွင့်အရေးများကို ကာကွယ်ရန်။

(ဃ)အနာဂတ်မျိုးဆက်သစ်များအတွက် သဘာဝသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထားရှိရန်တို့ဖြစ်ပါသည်။

ဗဟိုအစိုးရ၏ချုပ်ကိုင်မှုအပြည့်အဝလျှော့ချထားသောငွေကြေးစီမံခန့်ခွဲမှု

(၁)နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်နယ်များနှင့် တိုင်းဒေသကြီးများကို ၎င်းတို့သဘာဝသယံဇာတများအား အသုံးပြုခြင်းနှင့် ရောင်းချခြင်းအတွက် ငွေကြေးကောက်ခံနိုင်ရန်အတွက်လည်းကောင်း၊ ၎င်းတို့၏ ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုများနှင့် ပြည်သူလူထု အဆင်ပြေချောမွေ့စေဖို့ ဝန်ဆောင်မှုလုပ်ငန်းများ တည်ထောင်လည်ပတ်ရန်အတွက်လည်းကောင်း၊ ၎င်းတို့၏ ကိုယ်ပိုင်ဘဏ္ဍာငွေ တိုးတက်ရရှိစေသော၄ာ ဥပဒေပြဋ္ဌာန်းခွင့်ပေးရမည်။

(၂)ဗဟိုအစိုးရသည် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုတွင်းများမှရရှိသောငွေကြေးကိုအသုံးပြု၍ အမျိုးသားရန်ပုံငွေများကို ထူထောင်ရမည်။ ၎င်းတွင် စုဆောင်းရန်ပုံငွေ၊ ဝင်ငွေတည်ငြိမ်ခိုင်မာမှုအတွက် ထားရှိသောရန်ပုံငွေနှင့် ကျန်းမာရေး၊ပညာရေး၊ သဘာဝပတ်ဝန်းကျင် ထိမ်းသိမ်းစောင့်ရှောက်ကာကွယ်ရေး စသည်တို့၏ အသုံးစရိတ်အဖြစ် သင့်လျှော်လျောက်ပတ်သော ငွေကြေးခွဲဝေမှုတို့ ဦးစားပေး ပါဝင်ရမည်။

(က)ဗဟိုအစိုးရထံသို့ လွှဲပြောင်းပေးရမည့် တရားဝင် သဘောတူထားသော ငွေကြေးအပါအပင် အားလုံးသောအခွန်အခများနှင့်ခိုင်ကြေးများကို သက်ဆိုင်ရာ ပြည်နယ်(သို့မဟုတ်) တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံကောက်ခံရန်။

(ခ)သဘာဝသယံဇာတမှ ရရှိလာသော ငွေကြေးများထဲမှ အတိုင်းအတာတစ်ရပ် အထိ ထိရောက်ပြည့်မီမှုရှိသော ရာခိုင်နှုန်းအချိုးအစားကို အနာဂတ်မျိုးဆက်သစ်များအတွက် အောက်ဖော်ပြပါ ကဏ္ဍရပ်များ ထူထောင်၍လုပ်ဆောင်ရန် –

၁ –စုဆောင်းထားရှိသောရံပုံငွေ (Saving Funds) (အနာဂတ်တိုးတက်ဖွံ့ဖြိုးမှုများအတွက်)

၂ –ဝင်ငွေတည်ငြိမ်ခိုင်မာမှုအတွက်ထားရှိသောရံပုံငွေ (Stabilizatin Funds) (သဘာဝသယံဇာတများ၏ ဈေးနှုန်းနှင့်ဝင်ငွေများ အတက်အကျဖြစ်ခြင်းကို ကိုင်တွယ်တုံ့ပြန်နိုင်ရန်)

၃ –အစိုးရအတွက် ရသုံးငွေ (Government Budgets) (သိသာရှင်းလင်း၍စနစ်ကျသောငွေကြေးခွဲပေသုံးစွဲမှု မူဝါဒများအတိုင်း လက်တွေ့အကောင်အထည်ဖော်ရန်)

(ဂ)အစိုးရအေဂျင်စီများနှင့် သယံဇာတ တူးဖော်ထုတ်လုပ်ရေး ကုမ္ပဏီများအား ဘဏ္ဍာရေးဆိုင်ရာ လွတ်လပ်စွာ စာရင်းစစ်နိုင်ရန်နှင့် လူထုအား အစီရင်ခံတင်ပြနိုင်ရန်။

(ဃ)ဗဟိုအစိုးရသည် သဘာဝသယံဇာတ မကြွယ်ဝသော ပြည်နယ်နှင့်တိုင်းဒေသကြီးများအား နိုင်ငံအတွင်း သာတူညီမျှ တိုးတက်မှုရရှိစေရန်အတွက် မျှတသော ငွေကြေးခွဲဝေထောက်ပံ့မှု ပြုရမည်။

(င)ဗဟိုအစိုးရသည် ရေနံ၊သဘာဝဓါတ်ငွေ့နှင့် တွင်းထွက်သယံဇာတများမှ ရရှိသောဝင်ငွေများဖြင့် စုဆောင်းထားရှိသောရံပုံငွေ (Saving Funds)နှင့် ဝင်ငွေတည်ငြိမ်ခိုင်မာမှုအတွက်ထားရှိသော ရံပုံငွေ (Stabilizatin Funds) တို့ကို အဓိကထားပြီး အမျိုးသား သယံဇာတဘဏ္ဍာရံပုံငွေ (National Natural Resource Revenue Fund) တရပ်တည်ထောင်ကာ ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍနှင့် သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောင့်ရေးအတွက်ပါ သုံးစွဲရန်အတွက် သင့်တင့်သော ငွေကြေးခွဲဝေထားရှိရမည်။

(၁.၁) ရခိုင်ပြည်နယ်၌ သဘာဝသယံဇာတများအား တူးဖော်ထုတ် ယူကြမည့်စီမံကိန်းများ အများအပြားရောက်ရှိလာကြခြင်း

မြန်မာနိုင်ငံ၏ အခြားသော တိုင်းရင်းသားပြည်နယ်များကဲ့သို့ပင် ရခိုင်ပြည်နယ်သည်လည်း သဘာဝသယံဇာတများဖြင့် ပြည့်စုံကြွယ်ဝသော ပြည်နယ်တစ်ခုဖြစ်သည်။ ၂၀၀၄–ခုနှစ်တွင် ရခိုင်ကမ်းရိုးတန်း၌ ရွှေသဘာဝဓာတ်ငွေ့သိုက်ကို ရှာဖွေတွေ့ရှိချိန်မှစ၍ ရခိုင့်သယံဇာတများအပေါ်၌ အထူးသဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့များအပေါ်၌ ပြည်ပနိုင်ငံများမှ သဲကြီးမဲကြီးစိတ်ဝင်စားလာခဲ့ကြသည်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ စစ်အုပ်ချုပ်ရေးကာလအတွင်း အိန္ဒိယ၊တောင်ကိုရီးယားနှင့် တရုတ်ကုမ္ပဏီများသည် ရွှေသဘာဝဓာတ်ငွေ့သိုက်မှ ဓာတ်ငွေ့များအား တရုတ်နိုင်ငံသို့တင်ပို့နိုင်ရန် လိုအပ်သောအခြေခံ အဆောက်အဦများကို တည်ဆောက်ခဲ့ကြသည်။

တရုတ်၏အင်အားကြီးမားသော ရေနံကုမ္ပဏီတစ်ခုဖြစ်သည့် (China National Peterolum Corporation (CNPC)က ပိုက်လိုင်းများကို တည်ဆောက်ခဲ့သည်။ အဆိုဝါပိုက်လိုင်းများသည် ရွှေသဘာဝဓာတ်ငွေ့ကိုသာမက အရှေ့အလယ်ပိုင်းနှင့် အာဖရိကမှ ရေနံတင်သင်္ဘောများဖြင့် သယ်ဆောင်လာသော

အပိုင်း(၁)

သယံဇာတကျိန်စာ



ကမ္ဘာတစ်လွှားရှိ သယံဇာတကြွယ်ဝသော နိုင်ငံအများစုသည် ၎င်းတို့၏ သယံဇာတကြွယ်ဝမှုကြောင့်ပင်လျှင် တရားမမျှတမှု၊ အကျင့်ပျက်ခြစားမှုနှင့် ပဋိပက္ခများကိုသာ လုံးဝဥဿုံ ခံစားနေကြရသည်။ အထူးသဖြင့် သဘာဝ သယံဇာတအပေါ်တွင် အလွန်အမင်း မှီခိုအားထားနေရသည် ဆင်းရဲ၍ ဖွံ့ဖြိုးမှု နိမ့်ကျသောနိုင်ငံများနှင့် အတန်အသင့်သာဝင်ငွေရှိသည့် နိုင်ငံများအနေနှင့် ခိုင်မာ၍ ရေရှည်တည်တံ့နိုင်သော စီးပွားရေးအဆောက်အဦတစ်ခု ဖြစ်ပေါ်လာရန် အလားအလာနည်းပါးလှသည်။ အကြောင်းမှာ မိမိတို့၏ သဘာဝသယံဇာတများအား ကုန်ကြမ်းအနေဖြင့် ပြည်ပသို့ တင်ပို့ရောင်းချနေကြသောကြောင့် ဖြစ်သည်။ ၎င်းသယံဇာတများသည် ကမ္ဘာ့ဈေးကွက်တွင် ဈေးမရရှိသောအခါတွင်ဖြစ်စေ၊ သို့တည်းမဟုတ် သယံဇာတများ တဖြည်းဖြည်း ကုန်ခန်းသွားသည့်အခါ၌ဖြစ်စေ၊ အဆိုပါတိုင်းပြည်များသည် စီးပွားရေးကပ်ဆိုးဆိုက်ရောက်ကာ အတိဒုက္ခအတွင်း လုံးလုံးလျားလျားကျရောက်၍ နလံမထူနိုင်ဖြစ်ရသည်။ ၎င်းကို “ သယံဇာတကျိန်စာ ”ဟူ၍ အများအားဖြင့် ပြောဆိုသုံးနှုန်းကြပါသည်။

ယခုလက်ရှိ၌ မြန်မာအစိုးရသည် အများပြည်သူတို့၏အကျိုးစီးပွားကို တစ်စုံတစ်ရာ ကာကွယ်ခြင်းမပြုဘဲ တိုင်းပြည်၏ သဘာဝယံဇာတများအား ထုတ်ယူတင်ပို့ရောင်းချခြင်းကိုသာ လူနည်းစု၏ အကျိုးစီးပွားအတွက် ရနိုင်သမျှ ရရှိအောင် လုပ်ဆောင်လျက်ရှိသည်။ သို့အတွက် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးရခြင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့များကို အလွန်အမင်း ထုတ်ယူခြင်း၊ ဒေသတွင်း မတည်မငြိမ် ပဋိပက္ခများဖြစ်ပွားစေခြင်းနှင့် ဝြည်တွင်းစစ်များ ဖြစ်ပွားရခြင်းကိုဝင် လျစ်လျူရှုကာ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ဖော်ပြပါ ရေနံနှင့်သဘာဝဓာတ်ငွေ့ စီမံကိန်းများအပြင် ရခိုင်ပြည်နယ်မြောက်ပိုင်း မယူကမ်းတစ်လျှောက်၌ တိုက်တေနီယမ်စီမံကိန်းကို တရုတ်ကုမ္ပဏီက လည်းကောင်း၊ ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်ရှိ နေပူတောင်တွင်-စကျင် ကျောက်တူးဖော်ရေးလုပ်ငန်းကို ဗီယက်နမ်နှင့် မြန်မာဖက်စပ်ကုမ္ပဏီဖြစ်သည့် SIMCO Song Da Limited Joint Stock Company, MY-SICO) ကုမ္ပဏီကလည်းကောင်း၊ အကြီးစားတူးဖော်ထုတ်လုပ်မှုများ စတင်လုပ်ကိုင်နေကြပြီးဖြစ်သည်။ ဤမျှမက ရေနံနှင့်သဘာဝဓာတ်ငွေ့များစွာထွက်ရှိရာ ကျောက်ဖြူဒေသ၌ ကျောက်မီးသွေးဖြင့်လည်ပတ်မည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ခုကို တည်ဆောက်ရန်ပင် စီမံကိန်းချထားပြီးဖြစ်ပါသည်။

(၁.၂) သဘာဝသယံဇာတများတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမြင့်တက်လာခြင်း

မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့အခန်းကဏ္ဍသည် ပြည်ပမှရင်းနှီးမြှုပ်နှံသူများအဖို့ အဓိကစိတ်ဝင်စားရာ တစ်ခုဖြစ်နေခဲ့သည်မှာ ဆယ်စုနှစ်များစွာကြာခဲ့ပြီးဖြစ်သည်။ သို့သော် ဦးသိန်းစိန်အစိုးရအဖွဲ့ တက်လာပြီးနောက် ၂၀၁၁-ခုနှစ်တွင် အနောက်နိုင်ငံများ၏ စီးပွားရေးပိတ်ဆို့မှုကို ဖြေလျှော့ပေးလိုက်သည့်အခါ ရင်းစိတ်ဝင်စားမှုမှာ အလျှင်အမြန်ပင် မြင့်တက်လာခဲ့သည်။ ၂၀၁၁-ခုနှစ်မှ ၂၀၁၅-ခုနှစ်အတွင်း မြန်မာအစိုးရသည် ရေနံနှင့်သဘာဝဓာတ်ငွေ့ ကုန်းတွင်းလုပ်ကွက်နှင့် ကမ်းလွန်လုပ်ကွက်စုစုပေါင်း(၄၄)ကွက်ကို

ရေနံများကို မြန်မာနိုင်ငံကိုဖြတ်လျှက် တရုတ်နိုင်ငံ အနောက်တောင်ပိုင်းရှိ ရေနံချက်စက်ရုံများသို့ ပို့ဆောင်မည်ဖြစ်သည်။ မကျေနပ်မှုများဖြင့်ရင်ဆိုင်နေရသော ဓာတ်ငွေ့ပိုက်လိုင်းများသည် ၂၀၁၃ ခုနှစ်ကပင် စတင်အသုံးပြုနေခဲ့ပြီးဖြစ်သည်။ ရခိုင်ပြည်၌စတင်နေသည့် အခြားစီမံကိန်းကြီးများမှာ တရုတ်နိုင်ငံ၏ ကျောက်ဖြူအထူးစီပွားရေးဇုန်စီမံကိန်းနှင့် အိန္ဒိယ၏ ကုလားတန်အထွေထွေ စံပြသထ်ယူပို့ဆောင်ရေးစီမံကိန်းတို့ဖြစ်ကြသည်။

ထို့ပြင် ၂၀၁၁–ခုနှစ်တွင် သမ္မတဦးသိန်းစိန်အစိုးရအဖွဲ့ အာဏာရလာခဲ့သည့်နောက်၌ ရခိုင်ပြည်နယ်သည် အနောက်နိုင်ငံများမှ ရင်းနှီးမြှုပ်နှံသူများအတွက် အာရုံစူးစိုက်၊ မျက်စေ့ကျစရာ ပစ်မှတ်တစ်ခုဖြစ်လာခဲ့သည်။ နိုင်ငံတကာရေနံကုမ္ပဏီများဖြစ်ထြသည့် အမေရိကန်နိုင်ငံမှ Conoco Phillips နှင့် Chevron ကုမ္ပဏီများ ၊ နယ်သာလန်နိုင်ငံမှ Royal Dutch Shell PLC ကုမ္ပဏီ ၊အင်္ဂလန်နိုင်ငံအခြေစိုက် BG group ကုမ္ပဏီနှင့် Ophir ကုမ္ပဏီ ၊သြစတြေးလျ နိုင်ငံမှ Woodside Energy ကုမ္ပဏီနှင့် နော်ဝေးနိုင်ငံမှ Statoil တို့–သည် ခရိုနီများပိုင် ပြည်တွင်းကုမ္ပဏီများနှင့် ဖက်စပ်လျှက် ရခိုင်ပြည်နယ်မှ ကမ်းလွန် ရေနံလုပ်ကွက် (၉)ကွက်တွင်ရေနံနှင့် သဘာဝ ဓာတ်ငွေ့များ စူးစမ်းရှာဖွေခွင့်ရယူထားပြီးဖြစ်သည်။

နိုင်ငံခြားကုမ္ပဏီ(၄၁)ကျော်အား ရှာဖွေတူးဖော်ထုတ်လုပ်ခွင့်ပေးခဲ့သည်။[၁] အနောက်နိုင်ငံမှ ရေနံကုမ္ပဏီအများအပြားပင် အဆိုပါကမ်းလွန်လုပ်ကွက်များ ရရှိခဲ့သည်။ ၂၀၁၂–ခုနှစ်တွင် ပြဋ္ဌာန်းလိုက်သော မြန်မာ့နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ နိုင်ငံခြားရေနံကုမ္ပဏီများသည် ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ကွက်များ (ရေနက်ပိုင်းလုပ်ကွက်များမပါဝင်ပါ)အား လေလံဆွဲရန်အတွက် ပြည်တွင်း ရေနံကုမ္ပဏီများနှင့် ဖက်စပ်ပြုလုပ်ရမည်ဖြစ်သည်။ ထို့ကြောင့် ၂၀၁၁ ခုနှစ်ကပင် စွမ်းအင်ကဏ္ဍအတွင်းသို့ ပြည်တွင်းကုမ္ပဏီတစ်ရာကျော်မျှ ဝင်ရောက်လာခဲ့ကြပြီးဖြစ်သည်။[၂] ၎င်းကုမ္ပဏီများအနက် အချို့မှာ စင်ကာပူနိုင်ငံအစရှိသည့် နိုင်ငံရပ်ခြားတွင် မှတ်ပုံတင်ထားကြပြီး ကုမ္ပဏီပိုင်ရှင်များကို အလွယ်တကူ မသိရှိနိုင်စေရန်အတွက်ဖြစ်သည်။

၂၀၁၃–ခုနှစ် ရန်ကုန်တွင်ပြုလုပ်သောအစောဆုံး ရွှေဂက်(စ်) အခန်းအနားတွင် တက်ရောက်သော မြန်မာအစိုးရနှင့် ဒေဝူး အင်တာနယ်ရှင်နယ်ကော်ပိုရေးရှင်းမှအရာရှိများ
ဓါတ်ပုံ–ဒေဝူးတင်အာနယ်ရှင်နယ်

၂၀၁၄–၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံ၏ တိုက်ရိုက်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (FDI) စုစုပေါင်းပမာဏမှာ အမေရိကန်ဒေါ်လာ(၈.၀)ဘီလီယံအထိ မြင့်တက်ခဲ့သည်။ ၎င်းပမာဏမှာ စစ်တပ်ကအာဏာကို လွှဲပြောင်းမပေးမီ ၂၀၀၉–၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ရရှိခဲ့သော (၃၂၉.၆) မီလီယံထက် အံ့သြလောက်ဖွယ် (၂၅)ဆ များပြားပြီး၊ (၂၀၁၃–၂၀၁၄)ဘဏ္ဍာရေးနှစ်တွင် ရရှိခဲ့သော ပမာဏထက် နှစ်ဆခန့်ပိုများသည်။[၃] ၂၀၁၄–၂၀၁၅ ဘဏ္ဍာရေးနှစ်တွင်ရရှိခဲ့သော အမေရိကန်ဒေါ်လာ (၈.၁) ဘီလီယံတွင် (၃.၂)ဘီလီယံမှာ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍမှ ရရှိခြင်းဖြစ်ပြီး ဒုတိယအများဆုံးအနေဖြင့် အမေရိကန်ဒေါ်လာ (၁.၅)ဘီလီယံကို ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍမှ ရရှိသည်။[၄]

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၊ ဒေါ်လာဘီလီယံ အခြေပြဇယား။[၅]

မြေအေးကျွန်းပေါ်ရှိ ရေနံသိုလှောင်စည်များ–ဓါတ်ပုံ AOW

တရုတ်ပြည်သို့ဓါတ်ငွေ့ပိုက်လိုင်း
မှ တဆင့်ဓါတ်ငွေ့ပို့နေသော်လည်း
အိမ်တွင်းချက်ပြုတ်ရန်အတွက်
ထင်းခွေပြီးပြန်လာသောမိန်းခလေး





ကိုးကား–၂၀၁၄ခုနှစ် မြန်မာနိုင်ငံ၏ လူဦးရေနှင့်သန်းခေါင်စာရင်း၊ ပြည်ထောင်စုအစီရင်ခံစာ အမှတ်(၂) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မေလ၊ ၂၀၁၅။

(၁.၃) ငင်းနီးမြှုပ်နှံမှုများတိုးတက်မြင့်မားလာသော်လည်း ရခိုင်ပြည်နယ်သည်ဆင်းရဲနိမ့်ကျလျက်ရှိနေခြင်း

ရခိုင်ပြည်နယ်ရှိ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းသည် တစ်နေ့လျှင်ဓာတ်ငွေ့ ကုဗပေပေါင်းသန်း (၅၀၀) ထုတ်လုပ်နိုင်မည်ဖြစ်ပြီး၊ ၎င်း၏(၈၀)ရာခိုင်နှုန်း၊ ကုဗပေအားဖြင့်သန်း (၄၀၀)ကို နှစ်ပေါင်း (၃၀)တိုင် တရုတ်နိုင်ငံသို့တင်ပို့သွားမည်ဖြစ်သည်။ ကျန်ရှိသောဓာတ်ငွေ့ ကုဗပေသန်း(၁၀၀)ကို မြန်မာပြည်တွင်း၌အသုံးပြုသွားမည်ဖြစ်သည်။ ၎င်းပြည်တွင်းသုံးအတွက်မှ (၂၀) ရာခိုင်နှုန်းမှာ မန္တလေးနှင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မွေးရပ်ဇာတိဖြစ်သောကျောက်ဆည်ခရိုင်၌အသုံးပြုသွားမည်ဖြစ်သည်။[6]

မဒေးကျွန်းရေနက်ဆိပ်ကမ်းစီမံကိန်း၊ ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ်
ဓါတ်ပုံ-AOW

ရခိုင်ပြည်နယ်တွင်မူ အနောက်ပိုင်းတိုင်းရေတပ်ဌာနချုပ်၊ ကျောက်ဖြူမြို့နှင့် ဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ရှိရာ ကျောက်ဖြူမှ အချို့သောကျေးရွာများသည် ၂၀၁၃–ခုနှစ်တွင် ရွှေသဘာဝဓာတ်ငွေ့မှ လျှပ်စစ်ဓာတ်အားရရှိခဲ့သည်။ ရခိုင်ပြည်ရှိအခြားသောမြို့များနှင့် ဓာတ်ငွေ့ပိုက်လိုက်ဖြတ်သွားရာနှင့် တစ်ဆင့်ဖြန့်ဖြူးရာ လမ်းကြောင်းတစ်လျှောက်ရှိ ကျေးရွာများသည်ကား လျှပ်စစ်မီးမရှိ၊ မှောင်အတိပင်ဖြစ်နေပါသေးသည်။ ၂၀၁၄–ခုနှစ် ဒီဇင်ဘာလတွင် ရခိုင်ပြည်နယ်၏(၁၇)မြို့နယ်အနက် (၉) မြို့နယ်မှာ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားရရှိခဲ့သည်။

ရခိုင်ပြည်နယ်သည် ရွှေသဘာဝဓာတ်ငွေ့သိုက်တည်ရှိရာ ပြည်နယ်ဖြစ်သည်။ ၎င်းဓာတ်ငွေ့သိုက်မှ ဓာတ်ငွေ့များကိုလည်း ငွေကြေးမြောက်များစွာနှင့် တူးဖော် ထုတ်လုပ် ရောင်းချနေကြသည်။ သို့ရာတွင် ရခိုင်ပြည်သူများအနေနှင့်ကား မဆိုစလောက်သော ပမာဏကိုသာ ရရှိကြသည်။ ဗဟိုအစိုးရသည် ရွှေသဘာဝဓာတ်ငွေ့သိုက်မှရရှိသည့် ဝင်ငွေများထဲမှ အချို့အဝက်ကိုအသုံးပြု၍ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်လာအောင် လုပ်ပေးရမည့်အစား၊ ကျောက်ဖြူမြို့နယ်တွင် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တစ်ရုံကိုသာ တည်ဆောက်ရန် စီစဉ်နေသည်။ အဆိုပါကျောက်မီးသွေးဓာတ်အားပေးရုံသည် ပတ်ဝန်းကျင်အား အလွန်တရာ ညစ်ညမ်းစေမည်ဖြစ်သောကြောင့် ကျောက်ဖြူဒေသခံပြည်သူလူထုနှင့် မြန်မာပြည်မရှိ ၎င်းစက်ရုံ၏ဆိုးကျိုးကို ထိခိုက်ခံစားရနိုင်သည့်ဒေသများမှ ပြည်သူများ၏ ပြင်းပြင်းထန်ထန်ကန့်ကွက် ဆန့်ကျင်မှုများကို ကြုံတွေ့နေရသည်။ ၎င်းနှင့်နှိုင်းစာလျှင် ပတ်ဝန်းကျင်ညစ်ညမ်းမှုနည်းပါးသည့် သန့်စင်သော ရွှေသဘာဝဓာတ်ငွေ့မှာမူ တရုတ်နိုင်ငံအား နှစ်ပေါင်း (၃၀) အပိုင်ရောင်းချ ထားခဲ့လေပြီ။

"၂၀၁၄–ခုနှစ်တွင်ပြုလုပ်သော ကမ္ဘာ့ဘဏ် ၏ ဆင်းရဲမွဲတေမှု အချက်အလက်များအရ ရခိုင်ပြည်နယ်၏ ဆင်းရဲမွဲတေမှုနှုန်းမှာ (၇၈) ရာခိုင်နှုန်း (နိုင်ငံ၏ ဆင်း ရဲမွဲတေမှုနှုန်းမှာ(၃၈)ရာခိုင်နှုန်းကိုကျော်လွန်)ဖြစ်ပြီး ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ ပြည်နယ်နှင့်တိုင်းဒေသကြီးများထဲတွင် အဆင်းရဲဆုံးဖြစ်နိုင်ဟု ခန့်မှန်း"ပြည်နယ်ဒေသနှုရ ခုပ်ချုပ်မှုများ (သို့) ရခိုင်ပြည်၏ လက်ရှိအခြေအနေ (ယူအန်ဒီပီ) မြန်မာ

မြန်မာနိုင်ငံတွင် ကြီးမားပြီး အကျိုးအမြတ်များစွာရရှိနိုင်သော ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုတွင်းများကဲ့သို့ သဘာဝသယံဇာတများမှာ အများအားဖြင့် တိုင်းရင်းသားပြည်နယ်များတွင်သာတည်ရှိကြသည်။ သို့ရာတွင် ၎င်းပြည်နယ်များမှာ ၎င်းတို့၏ သဘာဝသယံဇာတများမှ အကျိုးအမြတ်တစ်စုံတစ်ရာမခံစားရဘဲ၊ သဘာဝပတ်ဝန်းကျင် ဆိုးရွားနိမ့်ကျပျက်စီးခြင်း၊

လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းများကိုသာ ခံစားကြရလျက်၊ ၎င်းတို့၏ စီးပွားရေး၊ လူမှုရေးအခြေအနေများမှာ ဆိုးရွားစွာနိမ့်ကျလျက်ရှိသေးသည်။ ဥပမာအားဖြင့် ရခိုင်ပြည်နယ်သည် အရှေ့တောင်အာရှတွင် အကြီးမားဆုံးသော ဓာတ်ငွေ့သိုက်တစ်ခုကို ပိုင်ဆိုင်ထားသည်။ ၎င်းဓာတ်ငွေ့သိုက်မှ မြန်မာ အစိုးရအတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ တစ်ဘီလီယံမက ရရှိနေပါလျက်နှင့် လျှပ်စစ်ဓာတ်အား၊ လမ်း၊တံတားများ၊အခြေခံအဆောက်အအုံ များနှင့် အလုပ်အကိုင်အခွင့်အလမ်းမှအစ ချို့တဲ့လျက်ရှိနေသည်။ (မြန်မာ နိုင်ငံ၌ ရခိုင်ပြည်နယ်သည် အလုပ်လက်မဲ့ အများဆုံးဖြစ်သည်)[7] ထို့အပြင် ရေချိုးရေသန့်ရရှိနိုင်မှု၊ ကောင်းမွန်သော မိလ္လာစနစ်အသုံးပြုနိုင်သော မိသားစု ဦးရေမှာလည်း ရခိုင်ပြည်နယ်သည် အနိမ့်ဆုံးဖြစ်သည်။ လျှပ်စစ်ဓာတ် အားဖြင့် မီးထွန်းနိုင်မှု၊ ချက်ပြုတ်နိုင်မှု ပြုလုပ်နိုင်သော မိသားစုဦးရေမှာ လည်း ရခိုင်ပြည်နယ်သည် ဒုတိယ အနိမ့်ဆုံးဖြစ်သည်။ (ဂရပ်တွင်–ကြည့်ပါ) ထို့ပြင် ရခိုင်ပြည်နယ်သည် ပညာရေးနှင့် ကျန်းမာရေးတွင်လည်း လွန်စွာနိမ့်ကျလျက်ရှိပြီး မကြာသေးမီကသတ်မှတ်ချက်အရ မြန်မာနိုင်ငံ၌ ဒုတိယမြောက် အဆင်းရဲဆုံးပြည်နယ်ဖြစ်လေသည်။

အပိုင်း(၂)

ဗဟိုအစိုးရ၏ ချုပ်ကိုင်မှု အာဏာကိုလျှော့ချ၍ ဖွံ့ဖြိုးတိုးတက်စေသော ရှုမြင်သုံးသပ်မှုများ တည်ဆောက်ခြင်း

ရခိုင့်သယံဇာတ ရေမြေကို
ရခိုင်တို့ ပိုင်သည်။
ရခိုင်တို့ ဆုံးဖြတ်မည်။
ရခိုင်တို့ အတွက် ဖြစ်ရမည်။

ရခိုင်ပြည်နယ်မှသည် မြန်မာတစ်နိုင်ငံလုံးအထိ ဖွံ့ဖြိုးတိုးတက်မှုကိုလျော့ကျစေသော လက်ရှိလုပ်ဆောင်နေသည့် သဘာဝသယံဇာတတူးဖော်ထုတ်လုပ်မှုများကို တားဆီးကာကွယ်ရန်အတွက် ဒေသတွင်းအဆင့်၊ ပြည်နယ်အဆင့် တစ်မျိုးသားလုံး အတိုင်းအတာအထိ မည်သည့်ဖွံ့ဖြိုးမှုများကို မည်သို့လုပ်ဆောင်သင့်ကြောင်း ဆုံးဖြတ်နိုင်ရန် စကားစစ်ထိုးပွဲတစ်ခု အလျင်အမြန်လိုအပ်နေပြီဖြစ်သည်။ ကျွန်ုပ်တို့ ယခုရရှိထားသော လူသားနှင့်သဘာဝအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု အခြေခံများမှာ မည်သည်တို့နည်း။ နောက်လာမည့် မျိုးဆက်သစ်များအတွက်ကား မည်သည့်အနာဂတ် စီမံကိန်းမျိုးထားရှိသင့်သနည်း။

ရခိုင်ပြည်နယ်၌ ပြည်သူအများစုသည် သူတို့၏အသက်မွေးဝမ်းကျောင်းအဖြစ် စိုက်ပျိုးရေးနှင့် ငါးဖမ်းလုပ်ငန်းကို အားထားလုပ်ကိုင်ကြသည်ဖြစ်ရာ ယင်းကဏ္ဍများကို အလေးပေး၍ တိုးတက်ဖွံ့ဖြိုးလာအောင် တည်ဆောက်ကြမည်လား၊ သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်မှုများကို သက်ဆိုင်ရာပြည်နယ်သူ ပြည်နယ်သားများ၏ သဘောတူညီချက်အရသာလျှင် ရှေ့ဆက်လုပ်ကိုင်ခွင့်ရှိသင့်သလား၊ သဘာဝသယံဇာတများမှရရှိသော အကျိုးအမြတ်သည် ယင်းသို့တူးဖော်ထုတ်လုပ်ခြင်း၏ ဆိုးကျိုးဆောင်သော ထိခိုက်မှုထက် အလေးသာမှသာလျှင် ၎င်းသယံဇာတများကို သုံးစွဲသင့်သလား၊ အကာအကွယ်ပေးထားသော သဘာဝသစ်တော၊ ဥယျာဉ်များအပြင် စိုက်ပျိုးရေးနှင့် ငါးဖမ်းလုပ်ငန်းများ အဓိကလုပ်ကိုင်ရာနေရာများ၊ ယဉ်ကျေးမှု၊ သမိုင်းဆိုင်ရာ ရှေးဟောင်းနယ်မြေများတွင် မည်သည့်သယံဇာတတူးဖော်မှုကိုမျှ ခွင့်မပြုဘဲ ဝိတ်ပင်ကန့်သတ်သင့်သလား၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများသည် ၎င်းတို့၏ ဒေသခံများထံမှ ကောက်ခံရရှိသော အခွန်များကို အသုံးပြု၍ ၎င်းတို့ဒေသတွင်း၌ ပညာရေး၊ ကျန်းမာရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်နိုင်သော အသက်မွေးဝမ်းကျောင်းများကို တည်ဆောက်နိုင်ပါမည်လား။ ဤသည်ကား စကားစစ်ထိုးပွဲ၌ ထွက်ပေါ်လာမည်ဟု ဤအစီရင်ခံစာမှ မျှော်လင့်ထားသော မေးခွန်းများပင်ဖြစ်သည်။

သဘာဝသယံဇာတများကို အသုံးပြုခြင်းနှင့်စပ်လျဉ်းသည့် မူဝါဒများ၊ အထူးသဖြင့် အသစ်ပြုပြင်ပြောင်းလဲခြင်းမပြုရသေးသော မူဝါဒများကို ပိုမိုကောင်းမွန်လာအောင် ပြုလုပ်ရမည့်ကိစ္စသည် ရခိုင်ပြည်နယ်နှင့် မြန်မာနိုင်ငံအတွက်သာမက တစ်ကမ္ဘာလုံးရှိ တိုင်းပြည်အများအပြားအတွက်ပါ စိန်ခေါ်မှုတစ်ရပ်အဖြစ် တည်ရှိနေသည်။ ရေရှည်မူဝါဒများကို တိုးတက်ကောင်းမွန်အောင်လုပ်ဆောင်ကြသည့်အခါ အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားသင့်ပေသည်။

(၁) သယံဇာတများကို မြေကြီးအောက်တွင် သို့တည်းမဟုတ် ရေပြင်အောက်၌ ရှိနှင့်ပြီးအတိုင်း မတူးဖော်မထုတ်လုပ်ဘဲထားရှိရန်

စိုက်ပျိုးမြေများ၊ သစ်တောများ၊ ရေဝေကုန်းတန်းများ၊ ငါးဖမ်းရေပြင်များကို ဒေသလူ့အဖွဲ့အစည်း၏ အသက်မွေးပမ်းကျောင်းများအပေါ် ဆိုးကျိုးသက်

ရောက်မှုကာကွယ်ပေးရန် (သို့မဟုတ်) လုံးဝပျက်စီးသွားခြင်းမှ ကာကွယ်ပေးရန်နှင့် ရာသီဥတု ပြောင်းလဲသွားခြင်းမှ ကာကွယ်ပေးရန်။

(၂) ပြည်တွင်းသုံးရန်အတွက်သာ ရေနံနှင့်ဓာတ်ငွေ့ များကိုအကန့်အသတ်ဖြင့်တူးဖော်ထုတ်လုပ်ရန်

တည်ငြိမ်၍ရေရှည်အထောက်အပံ့ဖြစ်စေရန်နှင့် ဒေသတွင်းစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေဖို့ ဦးတည်စေရန် ။

(၃) အမြတ်အစွန်းရောင်းချရန်အတွက် ရေနံနှင့်ဓာတ်ငွေ့များကို အကန့်အသတ်ဖြင့်တူးဖော်ထုတ်လုပ်ရန်

ရောင်းချ၍ရရှိသည့်ငွေကြေးများကို ဒေသတွင်းရေရှည်ဖွံ့ဖြိုးမှု အတွက်အကျိုးရှိရှိအသုံးချရန်အရေးကြီးသောမေးခွန်းအချို့မှာ –

- သဘာဝသယံဇာတနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်များချမှတ်ရာတွင် မည်သူတို့ ပါဝင်ကြမည်နည်း။
- ဆုံးဖြတ်ချက်များကို မည်သို့ချမှတ်ကြမည်နည်း။

သယံဇာတစီမံခန့်ခွဲမှုဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ(ရခိုင်ပြည်နယ်)ဓါတ်ပုံ–AOW

ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကိုဖြစ်စေသော ရှုမြင်သုံးသပ်မှုများနှင့် ပြန်လည်မရရှိနိုင်သော သဘာဝသယံဇာတများ၏ အခန်းကဏ္ဍကို ဆုံးဖြတ်ရာတွင် မြို့နယ်အဆင့်မှသည် ပြည်နယ်အဆင့်ထိ လူထုဆွေးနွေးပွဲများပြုလုပ်ကာ အများဆန္ဒကို ရှာဖွေခြင်းမျိုးကို တိုးမြှင့်လုပ်ဆောင်သင့်သည်။ ပြီးခဲ့သည့်နှစ်က ပြည်သူ့သယံဇာတအဖွဲ့နှင့် အခြားသော အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် သယံဇာတများအပေါ် စီမံခန့်ခွဲမှုများနှင့် ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲများကျင်းပကာ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြသည်။ ရခိုင်ပြည်နယ်တစ်လွှားရှိ မြို့နယ်အသီးသီးမှ လူမှုအဖွဲ့အစည်းများသာမက နိုင်ငံရေးပါတီများပါ တက်ကြွစွာ ပါဝင်ဆွေးနွေးခဲ့ကြသည်။

ရေးဆွဲထားသော ဥပဒေများနှင့် အဖွဲ့အစည်းများသည် ပြည်သူလူထုနှင့် သဘာဝပတ်ဝန်းကျင်ကို အကျိုးရှိစေဖို့ ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွက် ရေရှည်ခိုင်မာသော ဖွံ့ဖြိုးမှုများဖြစ်ထွန်းစေဖို့နှင့် ၎င်းအချက်များ သေချာစေရန်အတွက် စီမံခန့်ခွဲမှုအဆင့်တိုင်း၌ သယံဇာတ တူးဖော်ထုတ်လုပ်မှုကို စီမံခန့်ခွဲမည့် ရေတို၊ရေရှည် မူဝါဒများ၊ ပြဋ္ဌာန်းချက်များ ရေးဆွဲထုတ်ဖော်ကြခြင်းလည်း ပါဝင်ရမည်။ ဗဟိုအစိုးရ၏ လုပ်ပိုင်ခွင့်အာဏာကို ခွဲဝေလျှော့ချထားသော ဖော်ပြပါ ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များကိုသာလျှင် ကျွန်ုပ်တို့ယုံကြည်အားထားနိုင်ဖွယ်ရှိပါသည်။

ဗဟိုအစိုးရ၏အာဏာနှင့် လုပ်ပိုင်ခွင့်ကို ပြည်နယ်နှင့် တိုင်းဒေသကြီးများကို ခွဲဝေပေးသည့်နည်းလမ်းသည် ပဋိပက္ခများအလွန်အခြေအနေ၏ အတွင်းနှင့်အပြင်၌ မညီမျှမှုကို ဖြေလျှော့ကာကွယ်ရန် ယျထာဘူတအကျဆုံးသော လမ်းဆုံပင်ဖြစ်သကဲ့သို့ ကမ္ဘာတလွှား၌ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ တည်ဆောက်ကြရာတွင် အရှိအဟုန်ဖြင့် တိုးတက်မှုကို ဖြစ်ပေါ်စေသည်။

သဘာဝသယံဇာတနှင့်ဝတ်သတ်၍ ဗဟိုချုပ်ကိုင်မှုကို လျှော့ချခွဲဝေရာတွင် ထည့်သွင်းစဉ်းစားကြရမည့် အဓိကအချက်သုံးချက်ရှိပါသည်။

(၁) ပိုင်ဆိုင်မှု

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအရသော်လည်းကောင်း၊ တရားဥပဒေအရသော်လည်းကောင်း၊ သဘာဝသယံဇာတ၏ မူရင်းပိုင်ရှင်မှာ မည်သူနည်း။ ဗဟိုအစိုးရလား၊ သက်ဆိုင်ရာပြည်နယ် (သို့မဟုတ်)တိုင်းဒေသကြီးလား။

(၂) ထိန်းချုပ်မှုနှင့်စီမံခန့်ခွဲမှု

သဘာဝသယံဇာတများကို တူးဖော်ထုတ်လုပ်မည်လား၊ မထုတ်ယူဘဲ ထားရှိမည်လားဟု ဆုံးဖြတ်ပိုင်ခွင့်အပါအဝင် သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်မှုဆိုင်ရာမူဝါဒများ ပိုမိုတိုးတက်ကောင်းမွန်လာအောင်ပြုလုပ်ခွင့် မည်သူ့တွင် ရှိ သနည်း။ သဘာဝသယံဇာတများအား တူးဖော်ထုတ်လုပ်ကြမည့် ကုမ္ပဏီများ၊ စက်ရုံများအား မည်သူက စည်းမျဉ်းများဖြင့်ထိန်းကွပ်ခွင့်၊ စီမံပိုင်ခွင့်နှင့် စောင့်ကြည့်လေ့လာခွင့်ရှိမည်နည်း။

(၃) ငွေကြေးစီမံပိုင်ခွင့်

သဘာဝသယံဇာတမှရရှိသော အကျိုးအမြတ်ငွေကြေးများကို မည်သို့စီမံခန့်ခွဲကြမည်နည်း။ မည်သို့ခွဲဝေကြမည်နည်း။ သယံဇာတကြွယ်ဝသော ပြည်နယ်နှင့် တိုင်းဒေသကြီးများကိုသာ အကျိုးအမြတ်ရရှိစေမည်လား။ သယံဇာတကြွယ်ပသောပြည်နယ်နှင့် တိုင်းဒေသကြီးများကို ခွဲပေပေးမည်လား။ ဗဟိုအစိုးရ၏လိုအပ်ချက်များကိုချည်း ထည့်ဝင်ဖြည့်ဆည်းပေးကြရမည်လား။

လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံ၏၂၀၀၈ဖွဲ့စည်းပုံအရ အထက်ပါ အာဏာသုံးရပ်စလုံးကို ဗဟိုအစိုးရ(ပြည်ထောင်စုအစိုးရ)မှ ချုပ်ကိုင်ထားသည်။တခြားရွေးချယ်စရာနည်းလမ်းတခုမှာ ထိုအာဏာသုံးရပ်စလုံး၏ လုပ်ပိုင်ခွင့်နှင့် တာဝန်ခံမှုများကို ဗဟိုအစိုးရဝန်ကြီးဌာနများမှ ပြည်နယ်နှင့်တိုင်းဒေသကြီးများ၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရဒေသများသို့ ဥပဒေပြဋ္ဌာန်းပြီး သို့မဟုတ် ဖွဲ့စည်းပုံတွင် အတိအလင်း ထည့်သွင်းခြင်းဖြင့်လည်းကောင်း တိကျသောအာဏာနှင့်လုပ်ငန်းတာဝန်ခွဲဝေခြင်းများကို လွှဲပေးရန်ဖြစ်သည်။[၈]ထိုသို့ပြုလုပ်ခြင်းကို အာဏာအပြည့်အဝလွှဲပြောင်းပေးခြင်း(Devolution)ဟုခေါ်သည်။အာဏာအပြည့်အဝလွှဲပြောင်းပေးခြင်း(Devolution) သည် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းအမြင့်ဆုံးပုံစံတခုဖြစ်ပြီး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွက် အာဏာအပြည့်အဝ ရရှိစေမှာဖြစ်သည်။

ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း (DECENTRALIZATION)

ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းဆိုသည်မှာ ဗဟိုအစိုးရ၏ လုပ်ပိုင်ခွင့်၊ တာဝန်ခံမှုနှင့် အာဏာကို အများပြည်သူအကျိုးဖြစ်ထွန်း စေမည့် အမျိုးမျိုးသောလုပ်ငန်းဆောင်တာများအတွက် ပြည်နယ်သို့မဟုတ် ဒေသအစိုးရများသို့ ခွဲဝေပေးခြင်းဖြစ်သည်။ ၎င်းကိုနိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ဘဏ္ဍာရေးနှင့် စီးပွားရေးဆိုင်ရာဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းဟူ၍ အမျိုးအစားခွဲခြားကြ သည်။

နိုင်ငံရေးရာဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း

နိုင်ငံရေးတွင် ဗဟိုချုပ်ကိုင်မှုလျှော့ချကြခြင်းမှာ တိုင်းသူပြည်သားများအား သို့မဟုတ် ၎င်းတို့ရွေးချယ်တင်မြှောက် ထားသော ကိုယ်စားလှယ်များအား အများပြည်သူအကျိုးဖြစ်ထွန်းစေမည့် မူဝါဒများ ချမှတ်အကောင်အထည်ဖော်ခြင်း နှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းများတွင် လုပ်ပိုင်ခွင့်အာဏာ ပိုမိုခွဲပေးအပ်ရန်ဖြစ်သည်။ ဤသို့ဖြင့် နိုင်ငံရေးမူဝါဒမတူညီ သူများ ပေါင်းစည်းနေထိုင်နိုင်ပြီး ရွေးကောက်တင်မြှောက်ထားသော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းအပ်သော ဒီမိုကရေစီနည်းကျ အစိုးရအဖွဲ့မျိုးကို ကောင်းစွာဖြစ်တည်စေနိုင်သည်။ ဤသို့ဖြင့် လူ့အဖွဲ့အစည်း၏ အထွေထွေသော အကျိုးစီးပွားကို ဗဟိုအစိုးရတစ်ဖွဲ့တည်းက တာဝန်ခံဆောင်ရွက်သည်ထက် ပိုမိုဖြစ်ထွန်းစေသည်။ ဤသို့ဖြင့် မိမိတို့ ဒေသအတွင်း၌ မိမိတို့၏ကိုယ်စားလှယ်များကို မိမိတို့ကိုယ်တိုင် ရွေးချယ်နိုင်ကြပြီး ရွေးကောက်တင်မြှောက်ခံရသည့် ကိုယ်စားလှယ်များအနေနှင့်လည်း ဒေသခံမဲဆန္ဒရှင်များ၏ လိုအပ်ချက်နှင့် လိုအင်ဆန္ဒများကို ကောင်းစွာနားလည်နိုင် သောအခြေအနေအားဖြစ်ပေါ်စေသည်။ ယင်းသို့နိုင်ငံရေးတွင် ဗဟိုချုပ်ကိုင်မှု လျှော့ချရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ကို သို့မဟုတ် ပြဋ္ဌာန်းဥပဒေများကို ပြင်ဆင်ရန်လိုအပ်ပါက ပြင်ဆင်ခြင်း ၊ နိုင်ငံရေးမူဝါဒမတူညီသော ပါတီများ အတူလက်တွဲလုပ်ကိုင်နိုင်မှု တိုးတက်လာစေခြင်း ၊ ဥပဒေပြုလွှတ်တော်များ၏ လုပ်ပိုင်ခွင့်နှင့် အရည်အသွေးများ အားကောင်းလာစေခြင်း၊ ဒေသအလိုက်ဒေသနိုင်ငံရေးအဖွဲ့အစည်းများပေါ်ပေါက်စေခြင်းနှင့် အများပြည်သူအကျိုးစီးပွား ကို ဆောင်ရွက်မည့် ထိရောက်သော အဖွဲ့အစည်းများ ဖြစ်ထွန်းလာစေခြင်းတို့ကို လိုအပ်မည်ဖြစ်သည်။

အုပ်ချုပ်မှုရေးရာ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း

ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအတွက် စီမံကိန်းရေးဆွဲခြင်း၊ ဘတ်ဂျက်သတ်မှတ်ခြင်းနှင့် စီမံခန့်ခွဲမှုများလုပ်ဆောင် ရာတွင် ဗဟိုအစိုးရ၏ လုပ်ပိုင်ခွင့်၊ တာဝန်ခံမှုနှင့် ဘဏ္ဍာငွေအရင်းအမြစ်တို့ကို ပြည်နယ်အစိုးရအဖွဲ့သို့လည်း ကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအစိုးရအဖွဲ့သို့လည်းကောင်း၊ ဗဟိုအစိုးရဝန်ကြီးဌာနများ၏ နယ်မြေခံရုံးခွဲများ သို့လည်းကောင်း၊ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့အစည်းများသို့လည်းကောင်း လွှဲပြောင်းခွဲပေးခြင်းဖြစ်သည်။ ၎င်းကို တစ်ပြည်ထောင်စနစ်တွင်း အာဏာခွဲဝေအုပ်ချုပ်မှု၊ တစ်ဝက်တစ်ပျက်ဖက်ဒရယ်စနစ်တွင်း အာဏာခွဲဝေအုပ်ချုပ်မှု၊ ဖက်ဒရယ်စနစ်တွင်း အာဏာခွဲဝေအုပ်ချုပ်မှုဟူ၍ အမျိုးအစားခွဲခြားနိုင်သည်။

ဖက်ဒရယ်စနစ်တွင်း အာဏာခွဲဝေအုပ်ချုပ်မှု

ပြည်နယ် သို့မဟုတ် ဒေသန္တရအစိုးရသည် ဥပဒေတိကျစွာသတ်မှတ်ထားသော ၎င်းတို့၏ပိုင်နက်နယ်မြေအတွင်း ကိုယ် ပိုင်အုပ်ချုပ်ခွင့်ရရှိပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို လွတ်လပ်စွာလုပ်ဆောင်နိုင်သည်။ ဗဟိုအစိုးရက ၎င်းပြည်နယ် သို့မဟုတ် ဒေသန္တရအစိုးရများအား ဆုံးဖြတ်ချက်ချနိုင်ခွင့်အာဏာ၊ ဘဏ္ဍာနှင့်စီမံအာဏာတို့ကို ဗဟိုချုပ်ကိုင်မှုမရှိဘဲ လုပ်ဆောင်နိုင်ရန် လွှဲပြောင်းပေးအပ်ထားပြီး မူအရ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့ထားခြင်းသာဖြစ်သည်။ ဤစနစ်တွင် မိမိတို့ဒေသအလိုက် မြို့ကောင်စီ၊ မြို့တော်ဝန်၊ ခရိုင်ကောင်စီ၊ ခရိုင်ပန်၊ ပြည်နယ်ကောင်စီ၊ ပြည်နယ်အုပ်ချုပ်ရေးမှူး စသည်ဖြင့် မိမိတို့ဘာသာ လွတ်လပ်စွာ ရွေးကောက်တင်မြှောက်အုပ်ချုပ်နိုင်ကြပြီး မိမိတို့ဒေသတွင်း ရင်နှီးမြှုပ်နှံမှုများ ကို လွတ်လပ်စွာဆုံးဖြတ်နိုင်ခွင့်၊ ကိုယ်ပိုင်ဘဏ္ဍာငွေများထူထောင်နိုင်ခွင့်တို့ကို ဗဟိုအစိုးရ၏ ပင်ရောက်ချုပ်ကိုင် စွက် ဖက်မှုကင်းစွာနှင့် ဆောင်ရွက်နိုင်ကြသည်။

တစ်ဝက်တစ်ပျက် ဖက်ဒရယ်စနစ်တွင်း အာဏာခွဲဝေအုပ်ချုပ်မှု

ဗဟိုအစိုးရသည် ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအား စီမံအုပ်ချုပ်ခြင်းများအတွက် တာဝန်ခံမှုကို တစ်ဝက်တစ်ပျက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအဖွဲ့အစည်းများသို့ လွှဲပြောင်းပေးအပ်ခြင်းဖြစ်သည်။ ယင်းသို့လွှဲပြောင်း ပေးသောတာပန်ခံမှုများသည် မှုအားဖြင့် ဗဟိုအစိုးရကတာဝန်ခံရသော်လည်း အပြည့်အဝတင်းကြပ်စွာချုပ်ကိုင်ထားခြင်းမရှိပေ။ ယင်းသို့ လွှဲပြောင်းပေးရန်အတွက် ဗဟိုအစိုးရသည် အများပြည်သူစိုင်ကော်ပိုရေးရှင်းများ ၊အိုးအိမ်၊ လပ်းပန်းဆက်သွယ်ရေး၊ဝညာရေး၊ ကျန်းမာရေးစသည့် အာဏာစိုငအဖွဲ့အစည်းများကို တည်ထောင်ရသည်။ ၎င်းအဖွဲ့အစည်းများသည် များသောအားဖြင့် ဗဟိုအစိုးရ၏ ညွှန်ကြားချက်များအောက်တွင် အလုပ်လုပ်ကြရပြီး ၎င်းတို့၏ သီးခြားရပ်တည်ဆုံးဖြတ်လုပ်ဆောင်နိုင်မှုမှာ မသေချာလှပေ။

တစ်ပြည်ထောင်စနစ်တွင်း အာဏာခွဲဝေအုပ်ချုပ်မှု

ဗဟိုအစိုးရ၏ ဆုံးဖြတ်စိုင်ခွင့်အာဏာ၊ ဘဏ္ဍာရေးနှင့် စီမံရေးရာတာဝန်ခံမှုများကို ပြည်နယ်၊ခရိုင်၊မြို့နယ်၊ကျေးလက်အဆင့်ဆင့်ရှိ ၎င်း၏အုပ်ချုပ်မှုအဖွဲ့ အစည်းများအား ခွဲဝေပေးခြင်းဖြစ်သည်။ စင်စစ်၌ ဗဟိုအစိုးရဝန်ကြီးဌာနများ၏ ကွပ်ကဲမှုအောက်တွင် ညွှန်ကြားချက်များအား အကောင်အထည်ဖော်ဆောင်ပေးရမည့်တာဝန်များ ပေးအပ်ခြင်းသာဖြစ်သည်။

အပိုင်း(၃)

သယံဇာတကျိန်စာကို မည်သို့တိုက်ဖျက်၍ အနာဂတ်မျိုးဆက်သစ်များအတွက် သဘာဝသယံဇာတများကို ထိန်းသိမ်းစောင့်ရှောက်ကြမည်နည်း

(၁) ငြိမ်းချမ်းရေးတည်ဆောက်ခြင်း

မြန်မာပြည်တွင်း၌ လက်နက်ကိုင်စွဲတိုက်ပွဲများဖြစ်ပွားရခြင်း၏ အဓိကဇစ်မြစ်မှာ တိုင်းရင်းသားများ၏ အမျိုးသားရေးလက္ခဏာ၊ ကိုယ့်ကံကြမ္မာ ကိုယ်တိုင်ပြဋ္ဌာန်းနိုင်ခွင့်ဖြစ်သော်လည်း ပြီးခဲ့သည့်ဆယ်စုနှစ်အတွင်း တမဟုတ်ချင်းတိုးပွားလာသော ကြီးမားသည့် တူးဖော်ထုတ်လုပ်ရေးစီမံကိန်းများ၊ သဘာဝဓာတ်ငွေ့ရောင်းချမှုများသည် မြန်မာအစိုးရစစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကြားမှ ပဋိပက္ခကို ပိုမိုဆိုးရွားလာစေခဲ့ပါသည်။ အထူးသဖြင့် သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်ရာ စီမံကိန်းနယ်မြေ လုပ်ငန်းခွင်များတွင် မြန်မာအစိုးရစစ်တပ်ရှိနေခြင်းသည် တင်းမာမှုကိုအရှိန်မြင့်စေပြီး လက်ရှိဆောင်ရွက်နေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ထိခိုက်စေပါသည်။

တိုင်ရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တိုင်းရင်းသားနိုင်ငံရေးပါတီများသည် ဗဟိုအစိုးရ၏အာဏာကို ခွဲဝေမှုကျင့်သုံးသည့် ဖက်ဒရယ်ပြည်ထောင်စုစနစ်တစ်ခုကို ဆယ်စုနှစ်များစွာ တောင်းဆိုလာခဲ့ပြီးဖြစ်သည်။ ပြီးခဲ့သည့်နှစ်များအတွင်း သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်မှုများအပေါ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာခဲ့ခြင်းနှင့်အတူ မြန်မာအစိုးရသည် ယင်းနှင့်ပတ်သက်သည့် စီမံခန့်ခွဲမှုများအပေါ် ဗဟိုချုပ်ကိုင်မှုလျှော့ချရန် တောင်းဆိုမှုများအားအာရုံစိုက်လာခဲ့သည်။ ထို့ကြောင့် တိုင်းရင်းသား လက်နက်ကိုင်တစ်ဖွဲ့များနှင့်မြန်မာအစိုးရကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲများပြုလုပ်လာခဲ့သည်။ စစ်ပွဲများဖြစ်ပွားနေသည့် တိုင်းရင်းသားပြည်နယ်များတွင် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် အခြားသော တွင်းထွက်ပစ္စည်းများကို ဆက်လက်တူးဖော်ထုတ်ယူနေခြင်းသည် ၎င်းပြည်နယ်များမှ ဌာနေတိုင်းရင်းသားများကို အကျိုးစီးပွား ဆုတ်ယုတ်စေပြီး ကြာရှည်ခိုင်မြဲတည်တံ့သော အကျိုးရလဒ်များထွက်ပေါ်စေမည့် အခွင့်အလမ်းများကိုယုတ်လျော့စေပါသည်။

သို့ရာတွင် ဗဟိုအစိုးရအတွက်မှာကား စီးပွားရေး၊ နိုင်ငံရေးနှင့်စစ်ရေးအရပါ အကျိုးအမြတ်များစွာဖြစ်ထွန်းလျက်ရှိသည်။ မြန်မာ့ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်တွင် ပါဝင်နေကြသူများအနေနှင့် လုံးဝသဘောပေါက် နားလည်ထားရန်လိုသည့်အချက်မှာ ငြိမ်းချမ်းရေးဆွေးနွေးပွဲများမှ ထွက်ပေါ်လာမည့်ရလဒ်သည် တန်ဖိုးမြင့်မားသော သဘာဝသယံဇာတများအား တူးဖော်ထုတ်လုပ်ခြင်းဟူသည့် အတိမ်းအစောင်းမခံသော အခန်းကဏ္ဍအပေါ်တွင် အဓိကမူတည်နေသည်ဆိုခြင်းပင်ဖြစ်သည်။တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံရေးညှိနှိုင်းဆွေးနွေးပွဲများမပြုလုပ်မီ သဘာဝသယံဇာတများ၏ ပိုင်ဆိုင်မှု၊ ထိန်းချုပ်မှု၊ စီမံခန့်ခွဲမှုနှင့် ဝင်ငွေများအပေါ် လုပ်ပိုင်ခွင့်များ ခွဲဝေမှုနှင့်ပတ်သက်၍ တိုးတက်စိုင်မာသော သဘောထားရပ်တည်ချက်များကို ထုတ်ဖော်ဝေမျှထားရမည်။ ၎င်းတို့တွင် အုပ်ချုပ်မှုအဆောက်အဦ တည်ထောင်ချမှတ်ခြင်းစသည့် ရေရှည်မူဝါဒများလည်း ပါဝင်ရမည်ဖြစ်သည်။

ထို့ပြင် ငြိမ်းချမ်းရေးတည်ဆောက်နေဆဲကာလ၌ တိုင်းရင်းသားပြည်နယ်များ၏ နိုင်ငံရေး၊ စီးပွားရေး အကျိုးအမြတ်များနှင့် ဒေသခံတိုင်းရင်းသားများအပေါ် ထိခိုက်နစ်နာမှုများမှ ကာကွယ်ပေးနိုင်မည့် ရေတိုမူဝါဒများလည်း ပါဝင်ရမည်ဖြစ်သည်။

တိုင်းရင်းသားပြည်နယ်များတွင် သဘာဝသယံဇာတများအား ဆက်လက်တူးဖော်ထုတ်ယူနေခြင်းက ငြိမ်းချမ်းရေး တည်ဆောက်မှုဖြစ်စဉ်တစ်ခုလုံးအပေါ် ခြိမ်းခြောက်နေသည့်အတွက် အပစ်အခတ်ရပ်စဲရုံမျှသည် ငြိမ်းချမ်းရေး၏ ရှေ့ပြေးလက္ခဏာသဘောဆောင်သည်ဟု ယူဆ၍မရနိုင်ပါ။ နိုင်ငံရေးသဘောတူညီချက်များနှင့် ဥပဒေအသစ် ပြဋ္ဌာန်းမှုများ အပြီးမသတ်မချင်း တန်ဖိုးမြင့်မားသည့်သဘာဝသယံဇာတများကို ထုတ်ယူနေခြင်းအား တရားဝင်ဆိုင်းငံ့ထားခြင်းသည် တင်းမာမှုနှင့် ပဋိပက္ခဖြစ်ပွားမှုကို လျော့ကျစေမည်ဖြစ်သည်။ နိုင်ငံရေး စကားဝိုင်းများနှင့် ငြိမ်းချမ်းရေးသဘောတူညီချက်များတွင် သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်ရောင်းချမှုနှင့်ပတ်သက်၍ တိကျသေချာစေ့စပ်စွာ ဖော်ပြထားမှသာလျှင် ငြိမ်းချမ်းရေးသည်လည်း အစွန့်ရှည်နိုင်မည်ဖြစ်သည်။

အာရှမှလေ့လာစရာ ပဋိပက္ခဖြေရှင်းခဲ့ကြပုံများ

အင်ဒိုနီးရှားမှ အာချေးဒေသနှင့် ပါပူးဝါးနယူးဂီနီမှ ဘိုဂိန်းဗီးလီးဒေသတို့တွင် သဘာဝသယံဇာတအား အကြောင်းပြု၍ ဖြစ်ပွားခဲ့ကြသောပဋိပက္ခများကို ရှည်–ကြာလှသော ငြိမ်းချမ်းရေးဆွေးနွေးပွဲများဖြင့်ဖြေရှင်းခဲ့ကြသည်။ ကြာရှည်တည်တံ့စိုင်မြဲသော ငြိမ်းချမ်းရေးရရှိစေရန် သူတို့အားလုံးသည် အောက်ပါအဆင့်များကို တည်ဆောက်ခဲ့ရသည်။

(၁)ငြိမ်းချမ်းရေးပြေငြိမ်းမှုကို စေ့စပ်ဆွေးနွေးညှိနှိုင်းခြင်းဖြင့်ရရှိအောင် ကြိုးပမ်းခဲ့ကြသည်။

(၂)သဘောတူညီချက်များကို ဒေသတွင်းနှင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေများတွင် တရားဝင်ပြဋ္ဌာန်းခဲ့ကြသည်။

(၃)ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေပြုသော ဥပဒေများကို အတည်ပြုခဲ့ကြသည်။

(၄)ပြုပြင်ပြောင်းလဲရေးကို ထိရောက်စွာအကောင်အထည်ဖော်နိုင်မည့် အစိုးရအဖွဲ့မျိုးနှင့် သီးခြားလွတ်လပ်သော အဖွဲ့အစည်းများဖွဲ့စည်းခဲ့ကြသည်။

ပါပူးဝါးနယူးဂီနီနိုင်ငံတွင် ၂၀၀၁ ငြိမ်းချမ်းရေးသဘောတူညီချက်နှင့်အညီ ဗဟိုအစိုးရ၏ သဘာဝသယံဇာတအပေါ် လုပ်ပိုင်ခွင့်အာဏာကို ခွဲပေပေးသည့် လုပ်ငန်းတစ်ရပ်အနေဖြင့် ဘိုဂိန်းဗီးလီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအစိုးရအဖွဲ့သည် ၂၀၁၄–ခုနှစ်တွင် ဘိုဂိန်းဗိးလီးရှိ သတ္တုတွင်းများအပေါ်၌ အပြည့်အဝလုပ်ပိုင်

Timeline of the Bougainville civil war, peace process, and moratorium, 1988-2015

ခွင့်အာဏာကိုရရှိခဲ့သည်။ ထို့နောက် ဘိုဂိန်းဗီးလီးအစိုးရအဖွဲ့သည် သတ္တုတွင်း ဥပဒေသစ်ကိုပြဋ္ဌာန်းနိုင်ခဲ့သည်။

ယင်းဥပဒေသစ်၌ ပုဂ္ဂလိကမြေပိုင်ဆိုင်မှု၊ ဓလေ့ထုံးတမ်းအရမြေပိုင်ဆိုင်မှုနှင့် မြေပိုင်ဆိုင်သူများသည် ၎င်းတို့မြေကြီး၏ မြေပေါ်မြေအောက်၌ မည်သည့်တူးဖော် ထုတ်လုပ်မှုကိုမျှ ခွင့်မပြုဘဲ တားဆီးပိတ်ပင်နိုင်ခွင့်တို့ကို ပြဋ္ဌာန်းခဲ့သည်။ သတ္တုတွင်းများ တူးဖော်ထုတ်လုပ်မှုသည် ပဋိပက္ခများကိုဖြစ်ပွားစေခဲ့သော အ ကြောင်းခြင်းရာဖြစ်ခဲ့သည့်အတွက် ဘိုဂိန်းဗီးလီးအစိုးရက သတ္တုတွင်းဥပဒေသစ်ကို အတည်ပြုလက်ခံမကျင့်သုံးမချင်း ငြိမ်းချမ်းရေးတည်ဆောက်နေသည့် ကာလတစ် လျှောက်လုံး၌ ရင်းနှင်းမြှုပ်နှံမှုများအား တရားဝင်ဆိုင်းငံ့ထားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံအာချေးဒေသ၌ သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်မှု၏ဆိုးကျိုး သက်ရောက်မှုမှအစပြု၍ ၂၀၀၅-ခုနှစ်တွင် အဆုံးသတ်ခဲ့သော (၂၉) နှစ်ကြာ ပြည်တွင်းစစ်မီးကို တောက်လောင်စေခဲ့သည်။ စစ်မက်ဖြစ်ပွားခဲ့ကြသော နှစ်ဖက် အဖွဲ့များ၏ နိုင်ငံရေးစေ့စပ်ဆွေးနွေးပွဲများတွင် သဘာဝသယံဇာတသည် အဓိက အကြောင်းခြင်းရာဖြစ်ခဲ့သည်။ စေ့စပ်ဆွေးနွေးညှိနှိုင်းကြရာ၌ အာချေးပြည်သူ တို့သည် ငွေကြေးခွဲဝေမှုကို အဓိကအလေးထား တောင်းဆိုခဲ့ကြပြီး ငြိမ်းချမ်းရေး သဘောတူစာချုပ်၌ အာချေးဒေသအစိုးရသည် သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ် ရောင်းချမှုမှရရှိသော ငွေကြေး၏ (၇၀) ရာခိုင်နှုန်းကိုရရှိခဲ့သည်။ အာချေးပြည်သူ တို့သည် သဘာဝသယံဇာတများအပေါ် စီမံပိုင်ခွင့်၊ အာဏာခွဲဝေမှုကို အဓိက မထားခဲ့သည့်အတွက် အာချေးဒေသသဘာဝဓာတ်ငွေ့အခန်းကဏ္ဍကို လက်ရှိ၌ လက်တွေ့စီမံထိန်းချုပ်ပြီး အပြည့်အဝလုပ်ပိုင်ခွင့်အား ဗဟိုအစိုးရကဆက်လက် ချုပ်ကိုင်ထားခဲ့သည်။ နောက်ပိုင်းတွင်မှ စေ့စပ်ဆွေးနွေးခဲ့သော အာချေးခေါင်း ဆောင်တို့သည် သဘာဝသယံဇာတများအား စီမံထိန်းချုပ်ပိုင်ခွင့်ကို အလေး ထား ရယူခဲ့သင့်ကြောင်း သုံးသပ်မိခဲ့ကြသည်။ သို့ရာတွင် ယခုအခါ၌ကား အာချေးပြည်သူတို့သည် ၎င်းတို့အာချေးဒေသ၏ အနာဂတ်ရေနံနှင့်သဘာဝ ဓာတ်ငွေ့ဖွံ့ဖြိုးတိုးတက်ရေး လုပ်ပိုင်ခွင့်၊ စီမံပိုင်ခွင့်များကို လက်လွှတ်ဆုံးရှုံးခဲ့ ရလေသည်။

ဖော်ပြပါဖြစ်ရပ်နှစ်ခုစလုံး၌ "သဘာဝသယံဇာတဆိုင်ရာ မူဝါဒအသစ်ချမှတ်မှုသည် ငြိမ်းချမ်းရေးဆွေးနွေးညှိနှိုင်းကြရာ၌အတိမ်းအစောင်းမခံ အလွန်ပင် ဂရုစိုက်ရမည်" ဆိုခြင်းကိုလည်းကောင်း၊ " သဘာဝသယံဇာတဆိုင်ရာ လုပ်ပိုင်ခွင့်၊ စီမံပိုင်ခွင့်၊ အာဏာခွဲဝေမှုများကို ငြိမ်းချမ်းရေး သဘောတူညီစာချုပ်၌ တိကျစေ့စပ်သေချာ စွာဖော်ပြရမည်'ဆိုခြင်းကိုလည်းကောင်း၊ သိသာထင်ရှားစွာ တွေ့မြင်နိုင်ပေသည်။ သဘောတူညီချက်များအား ဥပဒေကြောင်းအရ တရားဝင်ပြဋ္ဌာန်းပြီး ကြာရှည်တည် တံ့ခိုင်မြဲသော ဖွဲ့စည်းပုံများ စတင်လည်ပတ်နိုင်သည့်အဆင့် ရောက်သည်အထိ အဆိုပါ သယံဇာတမူဝါဒများသည် အလောတကြီးနိုင်သော တိုးတက်ပြောင်းလဲမှု များမှ ပြည်သူလူထုနှင့် ၎င်းတို့၏မြေယာများ ကာကွယ်ရန်အတွက် ခိုင်လုံသော ကြားဖြတ်မူဝါဒများအဖြစ် တာဝန်ယူရမည်ဖြစ်သည်။

> သယံဇာတများအပေါ်စီမံပိုင်ခွင့် အထူးအာဏာကို တိကျသေချာစွာ ဖော်ပြထားခြင်းသည် ပဋိပက္ခများ ပြန်လည်မဖြစ်ပွားစေရန် ကူညီကာကွယ်ပေးသည်။

သယံဇာတများအပေါ် စီမံပိုင်ခွင့် အထူးအာဏာကို တိကျသေချာစွာ ဖော်ပြထားခြင်းသည် ပဋိပက္ခများ ပြန်လည်မဖြစ်ပွား စေရန် ကူညီကာကွယ်ပေးနိုင်သကဲ့သို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအစိုးရ အနေနှင့်လည်း ၎င်းတို့၏ အစိုးရအဖွဲ့အုပ်ချုပ်မှု အဆောက်အအုံကို ကောင်းစွာရှေ့ဆက် တည်ဆောက်နိုင်စေမည်ဖြစ်သည်။ (အသေးစိတ်အချက်အလက်များကို ဘိုဂိန်းဗီးလီးနှင့် အာချေးဒေသတို့၏ ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်ကဏ္ဍနှင့် သဘာဝသယံဇာတ စီမံခန့်ခွဲမည့်ကဏ္ဍတွင် လေ့လာနိုင်ပါသည်။)

(၂)ပြည်သူလူထု ကျယ်ပြန့်စွာပူးပေါင်းပါဝင်မှုကို တရားဝင်ဖြစ်စေခြင်း

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ စစ်အုပ်ချုပ်ရေးကာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် မြစ်ဆုံစီမံကိန်း၊ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းနှင့် လက်ပံတောင်းစီမံကိန်းကဲ့သို့ များစွာသော တူးဖော်ထုတ်လုပ်ရေးစီမံကိန်းများကို တိုင်းရင်းသားပြည်နယ်များနှင့် တိုင်းဒေသကြီးများတွင် တိုးမြှင့်လုပ်ဆောင်လာခဲ့ကြသည်။ သို့ရာတွင် ယင်းစီမံကိန်းများကြောင့် ထိခိုက်ရသည့် ဒေသခံပြည်သူလူထု၏ နစ်နာချက်များကို လုံးဝလျစ်လျူရှုထားခဲ့ပြီး ဦးသိန်းစိန်အစိုးရလက်ထက်တွင်လည်း ဆက်လက်လုပ်ကိုင်စေခဲ့သည်။ ဒေသခံပြည်သူများမှာ ၎င်းတို့၏မြေယာများအား အတင်းအဓမ္မ ထိုးအပ်စွန့်လွှတ်ခိုင်းခြင်းခံခဲ့ရပြီး ၎င်းတို့၏အသက်မွေးဝမ်းကျောင်းများကို လက်လွှတ်ဆုံးရှုံးခဲ့ရသည်။ လျော်ကြေးမရရှိသူများ အများအပြားပင်ရှိပြီး ရရှိသူများမှာလည်း မူလအသက်မွေးဝမ်းကျောင်းမှရရှိသည့် ဝင်ငွေထက် များစွာနည်းပါးလှသည်။

ရခိုင်ပြည်နယ်တွင် အထိခိုက်ခံဒေသခံများမှ ၎င်းတို့၏လယ်ယာမြေများအား ကာကွယ်နိုင်ရန် လမ်းလျှောက်ဆန္ဒဖော် ထုတ်နေပုံ ဓါတ်ပုံ–MDO

ဤအချက်များသည် ဒေသခံတိုင်းရင်းသားများနှင့် ဗဟိုအစိုးရအကြား၊ ဒေသခံတိုင်းရင်းသားများနှင့် ကုမ္ပဏီများအကြား ပဋိပက္ခမီးကို ပိုမိုတောက်လောင်စေခဲ့သည်။ စီမံကိန်းနယ်မြေများ၌မြန်မာအစိုးရစစ်တပ် ရှိနေခြင်းသည်လည်း အနီးဝန်းကျင်မှပြည်သူလူထု၏ နေ့စဉ်ဘဝကို ဝင်ရောက်စွက်ဖက်ခံရခြင်း၊ အနိုင်ကျင့်စော်ကားခံရခြင်းများ တိုးမြှင့်လာစေရုံမက ခြိမ်းခြောက်ခံရခြင်း၊ထိတ်လန့်စိုးရိမ် ကြောင်းကြနေရခြင်းဟူသော စိတ်ဖိစီးမှုများကို ဖြစ်ပွားစေလျက်ရှိသည်။ ရေနံသဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ခြင်း၊ အခြေခံအဆောက်အဦးများဆောက်လုပ်ခြင်း၊ သတ္တုတွင်းတူးဖော်ခြင်းနှင့်အတူ စီးပွားရေးဇုံများစသည့် လက်ရှိဆောင်ရွက်နေဆဲ စီမံကိန်းများကြောင့် မြေယာများသိမ်းပိုက်ခံရခြင်း၊ အသက်မွေးဝမ်းကျောင်းများပျက်စီးရခြင်းများ၊ လူ့အခွင့်အရေးများချိုးဖောက်ခံရခြင်းနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးရခြင်းများကို ဖြစ်ပေါ်စေသည်။

ဒေသခံများအနေနှင့် ၎င်းစီမံကိန်းများမှ အလုပ်အကိုင်အခွင့်အလမ်းအနည်းငယ်မျှကိုသာ မျှော်လင့်နိုင်ပြီး ရရှိသမျှသော အလုပ်များမှာလည်း အချိန်ပိုင်းအလုပ်၊ လစာနည်းပါးသောအလုပ်နှင့် အန္တရာယ်ရှိသော အလုပ်မျိုးမျှသာ ဖြစ်ကြသည်။ ဒေသခံတိုင်းရင်းသား အလုပ်သမားများနှင့် တွေ့ဆုံမေးမြန်းချက်များအရ သူတို့၏လစာမှာ နိုင်ငံခြားနှင့် ရန်ကုန်မှခေါ်ယူလာသော အလုပ်သမားများအောက် များစွာလျော့နည်းသည်ဟုသိရသည်။

နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများသည် မြန်မာနိုင်ငံ၏ လျော့လျဲသော စည်းမျဉ်းဥပဒေ၊ ထိန်းသိမ်းရန် အခွင့်အာဏာရှိသည့် အဖွဲ့အစည်းများ၏ အားနည်းမှု၊ သတင်းမီဒီယာ စိစစ်ဖြတ်တောက်ခံရမှု၊ ခြိမ်းခြောက်ခံရသည့်အခြေအနေနှင့် အကျင့်ပျက်ခြစားမှုများစွဲမြဲနေသည့် အလေ့အထများအပေါ် အခွင့်ကောင်းယူကာ မြန်မာပြည်၏ အဖိုးတန်သယံဇာတများကို တတ်နိုင်သမျှ ဈေးအချိုဆုံးနှုန်းဖြင့် အမြတ်ထုတ်လျှက်ရှိကြသည်။ သည့်အတွက်ကြောင့် ထိုထိုသော စီမံကိန်းများသည် ထိခိုက်နစ်နာကြရမည့် ပြည်သူများအား သတင်းအချက်အလက်များကို ကြိုတင်၍ ပွင့်လင်းမြင်သာစွာချပြရသည့် သဘောတူညီချက် (FPIC) ၊ စီမံကိန်းကြောင့် ထိခိုက်နိုင်ဖွယ်ရာများကို ကြိုတင်၍ လေ့လာဆန်းစစ်မှုပြုလုပ်ခြင်း၊ ရရှိနိုင်မည့်ငွေကြေးပမာဏကို ပြည်သူလူထုအား ပွင့်လင်းမြင်သာစွာချပြခြင်းစသည့် အပြည့်ပြည်ဆိုင်ရာစံနှုန်းများအား လိုက်နာကြခြင်းအလျဉ်းမရှိပေ။

ရခိုင်ပြည်နယ်မှ ဒေသခံပြည်သူများအနေနှင့် လက်ရှိဦးသိန်းစိန်အစိုးရမှ ခွင့်ပြုထားသည် များစွာသောရေနံနှင့် သဘာဝဓာတ်ငွေ့စီမံကိန်းများ ၊ သတ္တုတူးဖော်ခြင်းများနှင့် အခြားကြီးမားသော စီမံကိန်းများသည် နောက်ထပ်သော လူ့အခွင့်အရေးအလွဲသုံးစားပြုခံရမှုများ၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများ ဖြစ်ပေါ်စေမည်ကို စိုးရိမ်နေကြသည်။ အကြောင်းမှာ ယင်းကဲ့သို့မဖြစ်ရအောင် အကာအကွယ်ပေးမည့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများမှာ ယခုထက်ထိ အခိုင်အမာ မပြဋ္ဌာန်းရသေး၍ဖြစ်သည်။

အကယ်၍ပြည်သူလူထုသည် ၎င်းတို့၏သဘာဝသယံဇာတများအား စီမံခန့်ခွဲရာ၌ ပါဝင်ခွင့်မရခဲ့လျှင်သော်လည်းကောင်း၊ ၎င်းတို့၏ သဘာပသယံဇာတများမှ အကျိုးအမြတ် မရရှိခဲ့လျှင်သော်လည်းကောင်း၊ ပဋိပက္ခများ ဖြစ်ပွားနေမည်ပင် ဖြစ်သည်။ သို့ဖြစ်၍ သဘာဝသယံဇာတစီမံကိန်းများနှင့် ရေရှည်စီမံကိန်းများတွင် စီမံကိန်းနယ်မြေအတွင်းမှ ပြည်သူလူထုများနှင့် လူထုအခြေပြုအဖွဲ့အစည်းများ တရားဝင်ပါဝင်မှုအားကောင်းလာရန် အလွန်လိုအပ်နေ–သည်။ ပြည်သူလူထုအား သဘာဝသယံဇာတ စီမံကိန်းများနှင့်ပတ်သတ်၍ လူစုလူဝေးစုပေးခွင့် ၊ လူထုဆန္ဒခံယူပွဲ ပြုလုပ်ခွင့်နှင့် မီဒီယာများအားလည်း စိစစ်ဖြတ်တောက်ထားခြင်းမရှိသော သတင်းအချက်အလက်များကိုရယူခွင့်၊ ထုတ်ဖော်ခွင့်များ ခွင့်ပြုပေးရမည်ဖြစ်သည်။ ဗဟိုအစိုးရအနေနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများအား အနိမ့်ဆုံးအဆင့်အားဖြင့် ဖော်ပြပါ အခွင့်အရေးများကို အာမခံချက်ပေးသော ဥပဒေများကို တရားဝင်ပြဋ္ဌာန်းခွင့်ပေးရမည်ဖြစ်သည်။

အမေရိကတိုက်မှလူထုရှုန်းကြွမှုများ

သဘာဝသယံဇာတများ စီမံခန့်ခွဲသည့်စနစ်တွင် ထိခိုက်နစ်နာရသည့်ပြည်သူများ၏ သဘောထားနှင့်ဆန္ဒများပါဝင်သော ဥပဒေများပြဋ္ဌာန်းရန် ပြည့်လုံးကျွတ်ဆန္ဒခံယူပွဲများပြုလုပ်ကာ အစိုးရအား တွန်းအားပေးလျက်ရှိသည်။ အမေရိက အလယ်ပိုင်းနှင့် တောင်ပိုင်းတွင် ဒေသခံပြည်သူများသည် သတ္တုတွင်းစီမံကိန်းများအပေါ် ဒီမိုကရေစီနည်းကျ အကြမ်းမဖက်သော လူထုဆန္ဒဖော်ထုတ်ပွဲများဖြင့် ၎င်းတို့၏ မြေယာများ မတရားသိမ်းယူခံရခြင်းမှ ကာကွယ်နိုင်မည့် အခွင့်အရေးများ ရရှိအောင် ဖန်တီးခဲ့ကြသည်။ အဆိုပါ လူထုဆန္ဒထုတ်ဖော်ပွဲများသည် ထိခိုက်နစ်နာရသည့် ပြည်သူများအား ၎င်းတို့၏သဘောထားဆန္ဒများကို ပြည်သူ့အသံအဖြစ် ထုတ်ဖော်ခွင့်ရခဲ့သည်သာမက ၎င်းအသံများကို အုပ်ချုပ်သူ အစိုးရ၏ နားထဲသို့ တိုက်ရိုက်ရောက်ရှိစေခဲ့သည်။ ထို့ကြောင့် အစိုးရ၏ တရားဝင်ကိုယ်စားပြုမှုများအား ထည့်သွင်းစဉ်းစားဂရုပြုခြင်းမရှိကြောင်းလည်း ပြသနိုင်ခဲ့သည်။

ပထမဆုံးသော စိတ်ဝင်စားဖွယ် လူထုဆန္ဒထုတ်ဖော်ခြင်းကို ၂၀၀၂ ခုနှစ်တွင် ပီရူးနိုင်ငံ တင်ဘိုဂရင်ဒီတွင်ပြုလုပ်ခဲ့သည်။ အဆိုပြုထားသည့်ရွှေတွင်းတစ်တွင်းအား သစ်သီးခြံစိုက်ပျိုးသူ (၄၀၀၀)က ပိတ်ဆို့နေရာယူကာ ဆန္ဒပြခဲ့ကြပြီး ၎င်းရွှေတွင်းတူးသည့် နိုင်ငံခြားကုမ္ပဏီရုံးခန်းများအား ကာကွယ်ရန်တာဝန်ပေးထားသည့် ရဲများနှင့်ဆန္ဒပြသူအုပ်တို့ ထိပ်တိုက်တွေ့ခဲ့ကြသည်။ ၎င်း ရှုန်းရင်းဆန်ခတ်ဖြစ်မှု၌ နှစ်ဖက်စလုံးထိခိုက်ဒဏ်ရာရခဲ့ကြပြီး လူထုခေါင်းဆောင်တစ်ဦး အသတ်ခံရခြင်းဖြင့် အဆုံးသတ်ခဲ့ရသည်။ ၎င်းရွှေတွင်းစီမံကိန်းအား လက်နက်ကိုင်ဆန့်ကျင်ရန်အထိ စဉ်းစားခဲ့ကြပြီးနောက်ဆုံး၌ လူထုဆန္ဒခံယူပွဲတစ်ခုကို ပြုလုပ်ခဲ့သည်။

ဥပဒေ၏ ကန့်သတ်ချက်အရ ၎င်းလူထုဆန္ဒခံယူပွဲတွင် တရားဝင်မဲပေးခွင့်မရှိသော်လည်း အလွန်တရာများပြားသော လူထုတက်ရောက်ခဲ့ကြပြီး (၉၈)ရာခိုင်နှုန်းက"သတ္တုတွင်းကိုအလိုမရှိ စိုက်ပျိုးရေးသာအလိုရှိ" ဟူသော ကြွေးကြော်သံအတိုင်း ရွှေတွင်းစီမံကိန်းအား ဆန့်ကျင်ကြောင်း လျှို့ဝှက်မဲပေးခဲ့ကြသည်။ အစိုးရနှင့်ကုမ္ပဏီက အစောပိုင်းတွင် ၎င်းကဲ့သို့ဆန့်ကျင်မဲပေးခြင်းကို အသိအမှတ်မပြုခဲ့သော်လည်း လူထုဆန္ဒခံယူပွဲက လူထုအသံကို ဒီမိုကရေစီအရနှင့် လူမှုဗေဒအရ တရားဝင်ဖြစ်စေခဲ့သည့်အတွက် လူထုတွန်းအားဖြင့် ၎င်းသတ္တုတွင်းစီမံကိန်းအား တစ်နှစ်ခန့်အကြာတွင် ဖျက်သိမ်းစေခဲ့သည်။[၆] အဆိုပါ တင်ဘိုဂရင်ဒီ ဆန္ဒမဲခံယူမှုသည် ပီရူးမှ အခြားသောလူအဖွဲ့အစည်းများနှင့် ဂွာတီမာလာ၊ အာဂျင်တီးနား၊ ကိုလံဘီယာနှင့် အီကွေဒေါနိုင်ငံများသို့ပါ ပျံ့နှံ့ကူးစက်အတုယူစေခဲ့သည်။ ဂွာတီမာလာတစ်နိုင်ငံတည်းတွင်ပင် သတ္တုတွင်းနှင့် ရေကာတာစီမံကိန်းများအတွက် ၎င်းဆန္ဒမဲခံယူခြင်းမျိုး အကြိမ်(၆၀)ပြုလုပ်ခဲ့ပြီး လူထုပရိတ်သတ်ပေါင်း (၇)သိန်းမျှ ပါဝင်ခဲ့ကြသည်။

လက်တင်အမေရိကတွင် ဒေသခံလူထုဆန္ဒခံယူပွဲများ တိုးတက်ဖြစ်ထွန်းလျက်ရှိသည်။ ဤပုံမှာ ဒေသခံများမှ သတ္တုတွင်းစီမံကိန်းတစ်ခုကို ဆန့်ကျင်ကြောင်း ဟွန်ဒူးရစ်နိုင်ငံရှိမြို့ငယ်တစ်ခုတွင် ပြုလုပ်သည့် ကြီးမားသော လူထုအစည်းအဝေးတွင် ဆန္ဒမဲပေးနေကြခြင်းဖြစ်သည်။

ကြီးမားသော စီမံကိန်းများအပေါ် လူထု၏ဆန့်ကျင်မှု ပဋိပက္ခများအများအပြား ဖြစ်ပေါ်လာသည့်အတွက် ၂၀၁၁–ခုနှစ်တွင် ပီရူးအစိုးရသည် နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ်ဆိုင်ရာ သဘောတူညီချက်နံပါတ်(၁၆၉)ကို အခြေခံထားကာ ဌာနေတိုင်းရင်းသားများအဖွင့်အရေးကို ကာကွယ်စောင့်ရှောက်မည့် အမျိုးသားညှိနှိုင်းရေးဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့ရသည်။ ၎င်းဥပဒေသည် အစိုးရ (သို့မဟုတ်) ကုမ္ပဏီ၏ မပြည့်စုံသောဆွေးနွေးညှိနှိုင်းမှုများအပေါ် တရားဝင်စောဒကတက်စိုင်ခွင့်ကိုပေးသည်။[၁၀] သို့ရာတွင် ဌာနေလူထု၏အရေးပါသော တောင်းဆိုချက်ဖြစ်သည့် စီမံကိန်းအား ထိခိုက်နစ်နာရသည့်လူထုက ဗီတိုအာဏာဖြင့်တားဆီးပိုင်ခွင့်အား ပယ်ဖျက်ခြင်းခံရသဖြင့် အငြင်းပွားမှုများရှိနေဆဲပင်ဖြစ်သည်။

တရုတ်ဧရာမရေနံကုမ္ပဏီက ချမ်းသာကြွယ်ဝခြင်းတံခါးကို ဖွင့်လှစ်လိုက်ပြီး ဒေသခံများမှာအသက်မွေးဝမ်းကျောင်းဆုံးဝါးပျက်စီးရခြင်း

ရခိုင်ပြည်နယ်၊ကျောက်ဖြူမြို့နယ်ရှိ မဒေးကျွန်းတွင် တရုတ်အစိုးရပိုင် တရုတ်အမျိုးသားရေနံကော်ပိုရေးရှင်းCNPC သည် ကြီးမားသောရေနက်ဆိပ်ကမ်းနှင့် ရေနံတင်ဆိပ်ကမ်းကို တည်ဆောက်နေသည်။ အာဖရိကနှင့်အရှေ့အလယ်ပိုင်းဒေသမှ တင်သွင်းလာသော ရေနံများအား မြန်မာပြည်ကိုဖြတ်၍ ယူနန်ပြည်နယ်ရှိ ရေနံချက်စက်ရုံသို့ရောက်ရှိစေရန် ဖြစ်သည်။ တရုတ်နိုင်ငံသည် ၎င်း၏ရေနံလိုအပ်ချက်(၈၀)ရာခိုင်နှုန်းကို ဖော်ပြပါဒေသများမှ သင်္ဘောများဖြင့် မလက္ကာရေလက်ကြားကိုဖြတ်၍ တင်သွင်းနေရ၏။ မြန်မာပြည်ကိုဖြတ်လျက် သွယ်တန်းထားသော ရေနံပိုက်လိုင်းသည် ယခင် ရေလမ်းကြောင်းထက် ပိုမိုလုံခြုံစိတ်ချရကာ များစွာသက်သာစေသော အခြားလမ်းကြောင်းတစ်ခုဖြစ်သည်။ ခြားနားချက်မှာ စီမံကိန်းသည် တရုတ်နိုင်ငံအတွက် အလွန်တရာကြီးမားလှသော အကျိုးအမြတ်ကိုရရှိစေသော်လည်း ဒေသခံ မဒေးကျွန်းသားများမှာကား သူတို့၏လယ်ယာမြေများနှင့် ငါးဖမ်းကွက်များကို CNPC ထံတွင် ပေးအပ်ဆုံးရှုံးလိုက်ရသည်။ သူတို့တွင် ရှင်သန်နေထိုင်ရန်အတွက် လုပ်ကိုင်စားသောက်စရာမရှိကြတော့ပေ။ ဤကဲ့သို့ နိုင်ထက်စီးနင်း ပြုမူခံရသည့်အခြေအနေတွင် နယ်မြေရဲက အနိုင်ကျင့်စော်ကားမှုကိုပါ ခံရသေးလေသည်။

အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍မဒေကျွန်းမှလယ်သမားတစ်ဦးဖြစ်သည့် ဒေါ်မေချောက –

“ အဲဒီ ရေနံတင်ဆိပ်ကမ်းဆောက်တဲ့အထဲမှာ ကျွန်မတို့ယာ(၃)ဧကလောက်ပါသွားပါတယ်။ဒါပေမယ့်လျော်ကြေးဆိုလို့ တစ်ပြားတောင်မှမရပါဘူး။ ဆေးရွက်တွေဟာ ဟောဒီခမောက်လောက်ကြီးပါတယ် ၊ခုတော့ ကျွန်မမှာ လယ်လည်းမရှိတော့ပါဘူး၊ဘာမှမရှိတော့ပါဘူး၊ လုပ်ကိုင်စားသောက်ရာ နေရာလည်းမရှိတော့ပါဘူး၊ ကျွန်မမှာ စားဖို့ ဆောင်းထားတာလေးတွေနဲ့ စားနေရပါတယ်၊ ကျွန်မတို့လယ်တွေကျ အသိမ်းခံရတဲ့အကြောင်းတွေးမိတိုင်း မျက်ရည် အကြိမ်ကြိမ် ကျမိပါတယ် ” ဟုပြောပြပါသည်။

မဒေးကျွန်းရေနက်ဆိပ်ကမ်း စီမံကိန်းတွင် လယ်ယာမြေ ဆုံးရှုံးခဲ့ရသူများထဲမှ တစ်ဦးဖြစ်သူ လယ်သမားဦးနွားမောင်ကလည်း အောက်ပါအတိုင်းပြောပြပါသည်။

“ ကျွန်တော့မှာ အရင်တုန်းကလယ်ကွက်လည်းရှိပါတယ်၊ တောင်တွေလည်းရှိပါတယ်၊ ကျွန်တော်တို့မချမ်းသာပေမယ့် စီးပွားရေးအဆင်ပြေနေရေး ပူစရာမလိုပါဘူး၊ တရုတ်တွေရောက်လာပြီး လယ်တွေ၊ တောင်တွေအသိမ်းခံရကကည်းက ဒုက္ခရောက်တော့တာပါပဲ၊ သိမ်းမယ်ဆိုတဲ့အကြောင်းဘာမှ ကြိုတင်ပြောတာမျိုးလည်းမရှိပါဘူး၊ ဥပမာ – အယ်လိုသိမ်းမယ်၊ လျော်ကြေးဘယ်လောက်ပေးမယ် စသည်–ဖြင့် စကားလေးတစ်ခွန်းတောင်မပြောပါဘူး၊ ကျွန်တော်တို့ကို ဥက္ကဌ မှာ အတင်းအကြပ်လက်မှတ်ထိုးခိုင်းပါတယ် ၊နိုဝင်ဘာမှာလုပ်ငန်း ဖို့ရောက်လာကြပါတယ်၊ ရောက်လာတာနဲ့ ကျွန်တော်တို့ မြေပေါ်မှာ လုပ်ငန်းစကြတော့တာပဲ၊ ကျွန်တော်တို့ကို ဘာမှအသိပေးခြင်းမရှိပါဘူး ”

မဒေးကျွန်းသားများအတွက် ငါးဖမ်းလုပ်ငန်းသည်လည်းအဓိကကျသော အသက်မွေးဝမ်းကျောင်းမှု တစ်ခုပင်ဖြစ်သည်။ ငါးဖမ်းသမားများ၏ ပြောကြားချက်အရ (CNPC) သည် ဆောက်လုပ်ရေးလုပ်ငန်းအတွက် လိုအပ်သော ကျောက်များရရှိရန် မြစ်ကြမ်းပြင်ရှိ ကျောက်ဆောင်များ ကိုမိုင်းခွဲပြီး အသုံးမလိုသောကျောက်များကို သံစစ်ခြစ်အတွင်းသို့ စုပြုပစ်ချသည်။ ၎င်းသံစစ်မြစ်မှာ မဒေးကျွန်းသားများအတွက် အဓိကငါးဖမ်းရာ နေရာဝင်ဖြစ်သည်။ ရေကြောင်းပြဗောယာများ အောက်၌ရှိနေသည့် ဖော်ပြပါကျောက်လုံးများ၊ ကွန်ကရစ်ပုံများနှင့်ငြိကာ ငါးဖမ်းပိုက်များ စုတ်ပြဲကြရသည်။ ငါးဖမ်းရာတွင် အဓိကကျသောပစ္စည်းများ ပျက်စီးရသဖြင့် ငါးဖမ်းလုပ်ငန်းမှာလည်း အဆင်မပြေတော့ပေ။

"အရင်ကလိုငါးမျိုးများများမရနိုင်တော့ပါဘူး၊ပိုက်လိုင်းတွေချတာနဲ့ မြစ်တစ်ပြင်တုံးလည်းရေကြောင်းပြဗောယာတွေနဲ့ပြည့်နေတာနဲ့ငါးဖမ်းရတာ မလွယ်တော့ပါဘူး၊ ငါးဖမ်းထွက်တာနဲ့ ပိုက်တွေကျောက်နဲ့ငြိပြီးပိုက်ဆုံးရတော့တာပဲ၊ ခုတော့ ကျွန်တော်တို့မှာ ကောင်းစားရောင်းငါးလည်းဖမ်းလို့မရတော့ပါဘူး၊ "

ထခုအခါ မဒေးကျွန်းပေါ်တွင် အဓိက အသက်မွေးဝမ်းကျောင်း နှစ်ခုစလုံးမှာ ပျက်စီးသွားပြီးဖြစ်သော်လည်း စီမံကိန်းမှ ဒေသခံများအတွက် အခြားပြောင်းလဲလုပ်ကိုင်စရာ အသက်မွေးဝမ်းကျောင်းတစ်မျိုးမျိုး ဖန်တီးပေးခြင်းမရှိချေ၊ လက်ရှိ၌ တရုတ်နိုင်ငံမှခေါ်ယူလာသော အလုပ်သမား(၂၀၀)ကျော်နှင့် မြန်မာပြည်မမှ အလုပ်သမား(၀၀၀)ကျော်သည် CNPC စီမံကိန်းလုပ်ငန်းခွင်၌ လုပ်ကိုင်လျက်ရှိသည်။ ဒေသခံတစ်ဦးဖြစ်သူ ကိုထွန်းကြည်၏ပြောပြချက်အရ မြန်မာပြည်မမှ အလုပ်သမားများမှာ စစ်တပ်မှအမှုထမ်းဟောင်းများ သို့မဟုတ် စစ်တပ်နှင့်အဆက်အသွယ်ရှိသူများ ဖြစ်ကြသည်။ CNPC ရေနက် ဆိပ်ကမ်းစီမံကိန်းတွင် ရခိုင်ပြည်နယ်အနှံ့အပြားမှ ဒေသခံရခိုင်(၆၀)ခန့်သာ လုပ်ကိုင်လျက်ရှိကြသည်။ အကယ်၍ လုပ်ငန်းခွင်အတွင်း မတော်တဆမှုတစ်ခုဖြစ်ခဲ့လျှင် ၎င်းအလုပ်သမားသည် ဆေးဝါးကုသပေးခြင်း သို့မဟုတ် လျော်ကြေးရရှိမည်မဟုတ်ဘဲ အလုပ်ဖြုတ်ခြင်းသာ ခံရမည်ဖြစ်သည်။

CNPC စီမံကိန်းတွင် လုပ်ကိုင်နေသည့် ရခိုင်အလုပ်သမားတစ်ဦးက ပြောပြသည်မှာ –

" ပထမမှာတော့ တရုတ်တွေက ကျွန်တော်တို့ကိုတစ်နေ့ (၈၀၀၀)ကျပ် (အမေရိကန်ဒေါ်လာ ၆.၅)ပေးမယ်လို့ပြောပါတယ်၊ ဒါပေမယ့် တကယ်တမ်းပေးတော့တစ်ရက်ကို(၄၀၀၀)ကျပ်(အမေရိကန်ဒေါ်လာ ၃.၂၅) ပဲပေးတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒေသခံ ရခိုင်အလုပ်သမားတွေကို သူတို့ဘာလုပ်လုပ် ရတယ်လို့ထင်နေလို့ပဲ၊ သူတို့ဟာ အလုပ်ချိန်ကိုလည်း တစ်နေ့မှာ(၁၅)မိနစ်လောက် စိနစ်(၂၀)လောက်တိုးတိုးပြီး တစ်ခါတစ်ခါ မှောင်တဲ့ထိလုပ်ခိုင်းပြီး ခေါင်းပြည့်ထိတ်အမြတ်ထုတ်ပါတယ်၊ တစ်ခါတစ်လေဆို ကျွန်တော်တို့မှာ ရေချိုးဖို့တောင် အချိန်မရပါဘူး ၊ တကယ်လို့ အဲဒီလို အချိန်တွေပိုပြီးခိုင်းတာကို ငြင်းဆန်မယ်ဆိုရင်အလုပ်ဖြုတ်ခံရတာပါပဲ"

မဒေးကျွန်းမှ နေ့စားအလုပ်သမားအမျိုးသမီးတစ်ဦးက

"ကျွန်မ တစ်နေ့ကို (၃၀၀၀) ကျပ် (အမေရိကန်ဒေါ်လာ ၂.၄၅) ရပါတယ် ၊ ဒီ(၃၀၀၀)ကျပ်နဲ့ကျွန်မတို့မိသားစုဘယ်လိုစားလောက်မလဲဆိုတာစဉ်းစားကြည့်ပါဦး "တုပြောပါသည်၊

ရွှေသဘာဝဓာတ်ငွေ့စီမံကိန်း(မြေယာများခိုးယူခံရခြင်းနှင့် အဆိပ်သင့်စွန့်ပစ်ပစ္စည်းများအကျိုးဆက်)

ဒေဝူးကုမ္ပဏီသည် စီမံကိန်းကြောင့်ထိခိုက်နိုင်သည့် လူနေမှု၊ အသက်မွေးဝမ်းကျောင်းမှု၊ စိုက်ပျိုးမြေများနှင့် သဘာဝပတ်ဝန်းကျင်များကို ကြိုတင်လေ့လာ အကဲဖြတ်တွက်ချက်ခြင်း တစ်စုံတစ်ရာမျှမပြုလုပ်ဘဲ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းကိုစတင်ခဲ့သည်။ ဒေသရှိလယ်ယာမြေများမှာ ဓာတ်ငွေ့စီမံကိန်းနှင့် ပိုက်လိုင်းတည်ဆောက်ခြင်းအတွက် မြေပိုင်ရှင်များအား ကြိုတင်သတိပေးခြင်းတစ်စုံတစ်ရာမရှိဘဲ သိမ်းပိုက်ခံကြရ၏။ အချို့လယ်သမားများမှာ လျော်

ကြေး အနည်းငယ်ရရှိကြသော်လည်း အချို့မှာမူ ၎င်းတို့၏သိမ်းယူခံရသော (သို့မဟုတ်)ပျက်စီးသွားသော လယ်ယာများအတွက် မည်သည့်လျော်ကြေးကိုမျှ မရရှိကြပေ။၂၀၀၈–ခုနှစ် စီမံကိန်းစတင်ချိန်မှအစပြု၍ လယ်သမားများ၏ဘဝသည် လယ်ယာမြေ ဆုံးရှုံးရသောကြောင့် အခြေအနေဆိုးသည်ထက် ဆိုးလာခဲ့၏။

ဒေဝူးကုမ္ပဏီမှဆောက်လုပ်သည့် ဓာတ်ငွေ့စတင်ပို့လွှတ်သည့် (gasterminal) စီမံကိန်းတွင် မြေယာဆုံးခဲ့ရသူ ဒေသခံလယ်သမား ဒေါ်ခင်နုက –

"ကျွန်မတို့ကို ကျွန်မတို့လယ်ကို သိမ်းမယ်ဆိုတဲ့အကြောင်း လုံးဝအသိမပေးပါဘူး ၊ ကျွန်မတို့လယ်ယာကို ထစ်ခုံကစ်ကာ မတိုင်းတာဘဲနဲ့ တစ်ဝတလို သတ်မှတ်လိုက်ပါကတယ်၊ သူကိုက လယ်နဲ့ဝပါးအတွက် သုံးနှစ်စာဆိုပြီးတော့ (၁၇)သိန်းကျော် (အမေရိကန်ဒေါ်လာ–၂၇၉၀) လောက်ပေးပါတယ်၊ ဒါပေမယ့် ကျွန်မရဲ့မြေလွတ်တွေနဲ့ ယာခင်းတွေ အတွက်တော့ လျော်ကြေးဘာမှမရပါဘူး၊ ဒီလိုပေးခဲ့တာဟာ ၂၀၁၀–ခုနှစ်ကပါ၊ အခုဆိုရင် ၂၀၁၄ နဲ့ ၂၀၁၅ အတွက်ဘာမှမရသေးပါဘူး၊ ဒီတဝိုက်မှာ လယ်တွေယာတွေ အသိမ်းခံရတာ အားကုံးပေါင်း (၁၇၂) ယောက်ရှိပါတယ်၊ ကျွန်မတို့ကို လျော်ကြေးတွေပေးဖို့ ဒေသအာဏာပိုင်တွေဆီကို ကကစ်စောင်ပေးပို့ခဲ့ပေမယ့် အရေးမလုပ်ခဲ့ပါဘူး၊ ပြစ်နိုင်ရင်တော့ ကျွန်မတို့က လျော်ကြေးမထိချင်ပါဘူး၊ ကျွန်မတို့ မြေကိုပဲပြန်ရချင်ပါတယ်၊ ဒီမြေတွေဟာ ကျွန်မတို့ ဘိုးဘေးစဉ်ဆက်ကပိုင်လာတဲ့မြေတွေပါ၊ ဒီစီမံကိန်းတွေမလာခင်ကနုံးတဆိုရင် ကျွန်ုပ်ကို့ကလေးတွေကို ပညာ သင်ပေးနိုင်ပါတယ်၊ ခုတော့ကျွန်မကျွီမှာ မြေတွေတာ ထွေလည်းမရှိတော့ဘူး၊ နေ့ဘုံစားဖို့တောင်ရုန်းကန်နေကြရတော့ သားသမီးတွေကိုလည်းပညာတပိုင်းကစ်စနဲ့ ကျောင်းထုတ်လိုက်ကြရကယ်" ဟုပြောပါသည်၊

၂၀၁၄–ခုနှစ်တွင် မလကျွန်းရွာမှ အမျိုးသမီးလေးဦးသည်ကလေးအသေများမွေးခဲ့ကြသည်။ယင်းရွာသည်ကုန်းပေါ် ရွှေသဘာဝဓာတ်ငွေ့ တာမီနယ်လုပ်ငန်းခွင် (OGT) နှင့် အနီးဆုံးတွင် တည်ရှိပါသည်။ ဒေသခံအများအပြားက ဖော်ပြပါ အဖြစ်အပျက်သည် ၎င်း (OGT) လုပ်ငန်းခွင်မှ ထုတ်လွှတ်နေသောအဆိပ်သင့် စွန့်ပစ်ပစ္စည်းများကြောင့် ဖြစ်ရသည်ဟု ယူဆနေကြပါသည်။

မလကျွန်းရွာသားဖြစ်သူ ဦးမောင်ဝေခင်က –

" မနက်ငါးနာရီမှာ ကျွန်တော်လယ်ထဲကိုသွားတော့ မြောင်းထဲမှာ ညှမေတ်နေတဲ့ ရေဆိုးတွေကိုတွေ့ပါတယ်၊ ဆန့်တအင်စတန်ဆိုးရွားပြီးတော့ မြောင်းကစ်လျှောက်အက်နေတဲ့ အင်ကေတွေကတစ်ဆင့် အနီးအနားမှာရှိတဲ့ လယ်တွေထဲစီးဝင်ပါတယ်၊ လယ်ထဲမှာအလုပ်လုပ်နေတဲ့သူတွေနဲ့ အဲဒီနားက ဖြတ်သွားတဲ့သူတွေဟာ အဲဒီမသန့်တဲ့ စွန့်ပစ်ရေတွေဆီက အနံ့ဆိုးတွေကိုရပါတယ်၊ ဒီလိုဖြစ်နေတာ ၂၀၁၃–ခုနှစ်၊ စက်တင်ဘာလကနေ ၂၀၁၄–ခုနှစ် အစပိုင်း ထိုက်ကပ်ဆင်မပြီးသရွေ့ပါပဲ အဲဒီကလေးအသေမွေးတဲ့ အမျိုးသမီး လေးယောက်ဟာ အဲဒီတုန်းက (OGT) နားက လယ်တွေမှာ လုပ်ပါတယ်၊ ကျွန်တော်တို့ရွာမှာ အရင်တုန်းက ကလေးအသေမွေးတယ်လို့မရှိပါဘူး၊ အခုလို ကလေးအသေတွေမွေးရတာ အဲဒီအဆိပ်သင့်ရေဆိုးတွေကြောင့်ပါပဲ "ဟုပြောပြပါသည်၊

(၃) ဗဟိုအစိုးရ၏ အာဏာကို ခွဲဝေအုပ်ချုပ်မှု

မြန်မာပြည်၌ စစ်တပ်မှဗဟိုဦးစီးစနစ်ဖြင့်ထိန်းချုပ်၍ အုပ်ချုပ်မှုသည်။ ဆယ်စုနှစ်များစွာတိုင်အောင် မတရားမျှတမှုများနှင့် ပြည်သူများအတွက် ထိရောက်မှုမရှိသော တိုးတက်မှုများကိုသာ ဖြစ်ပေါ်စေခဲ့သည်။၂၀၁၁–ခုနှစ်တွင်အစိုးရသစ်တက်လာပြီးနောက် တိုးတက်ဖြစ်ထွန်းမှုအချို့ ဖြစ်စေခဲ့သည်မှန်သော်လည်း ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ ပြဿနာအများအပြားပင် ကျန်ရှိနေသေးသည်။ ၎င်းပြဿနာများတွင် စစ်တပ်အားဖွဲ့စည်းပုံအခြေခံဥပဒေမှ အထူးအာဏာများအပ်နှင်းထားမှု၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများအား ဥပဒေပြဋ္ဌာန်းခွင့်အာဏာများအလွန်အကျွံကန့်သတ်ထားမှု၊ တရားစီရင်ရေးကဏ္ဍတွင် ဗဟိုဦးစီးစနစ်ဖြင့်ခန့်အပ်မှု၊ ပြည်ထောင်စုဝန်ကြီးများအား ရွေးကောက်တင်မြှောက်ခြင်းမပြုဘဲ ဗဟိုဦးစီးစနစ်ဖြင့် ခန့်အပ်မှုတို့လည်းပါပင်သည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဖွဲ့စည်းတည်ထောင်၍ ၎င်းမှတစ်ဆင့် ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခွဲများ ဖြန့်ကျက်စီဖနေကြသည်မှာလည်း သိသာထင်ရှားသော ဗဟိုဦးစီးစနစ်ပင်ဖြစ်သည်။[၁၁]

မြန်မာနိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေက သဘာဝသယံဇာတများအပေါ်ပိုင်ဆိုင်ခွင့်၊ထိန်းချုပ်ခွင့်နှင့် စီမံပိုင်ခွင့်ကိုလည်းကောင်း၊ ၎င်းသဘာဝသယံဇာတများကို ရောင်းချခြင်းမှရရှိလာသည့် ဝင်ငွေများအား ကောက်ခံပိုင်ခွင့်ကိုလည်းကောင်း၊ ဗဟိုအစိုးရကိုသာလျှင် လုပ်ပိုင်ခွင့်အာဏာ အပြည့်အဝပေးထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သဘာဝသယံဇာတမှရရှိသည့် ဝင်ငွေများအားမည်သို့ စီမံခန့်ခွဲမည်ကိုသော်လည်းကောင်း၊ ၎င်းသယံဇာတများ မူလထွက်ရှိရာမူရင်းပိုင်ရှင်ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးများ၊ သို့မဟုတ် ၎င်းဒေသမှပြည်သူလူထုများနှင့် ၎င်းဝင်ငွေများအား မည်သည့်အချိုးဖြင့် မည်သို့ခွဲဝေမည်ကိုလည်းကောင်း၊ မည်သို့မျှ ဖော်ပြထားခြင်းမရှိပေ။ မြန်မာနိုင်ငံ ဗဟိုအစိုးရအဖွဲ့၏အလွန်တင်းကြပ်သော ဗဟိုဦးစီးစနစ်သည် ဒေသတွင်းလိုအပ်ချက်များနှင့် အခွင့်အလမ်းများအတွက် အခွင့်အရေးမရှိသလောက်ပင်ဖြစ်ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် မပြည့်မီသော အကျိုးမရှိသော ဖွံ့ဖြိုးတိုးတက်မှုများကိုသာ ဖြစ်ပေါ်စေလျက်ရှိသည်။

ပဋိပက္ခဖြစ်ပွားနေသော တိုင်းရင်းသားအရေးကိုဖြေရှင်းရန်နှင့် ကြာရှည်တည်တံ့ခိုင်မြဲသောဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ပေါ်စေရန်အတွက် ဆုံးဖြတ်ပိုင်ခွင့်အာဏာကိုပြည်သူလူထုက ထိန်းချုပ်နိုင်သည့် **ပြည့်ဝသော အာဏာခွဲဝေမှု ဖက်ဒရယ်ပြည်ထောင်စုအုပ်ချုပ်ရေးစနစ်** (Devolved Federal Governance) ကိုဖန်တီးရန်လိုအပ်ပါသည်။ ထိုသို့ပြုလုပ်မှသာ ဆုံးဖြတ်ပိုင်ခွင့်အာဏာသည် ပြည်သူလူထုနှင့် အနီးစပ်ဆုံး ဖြစ်လာမည်။ ပြည်ထောင်စု အစိုးရဝန်ကြီးဌာနများ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်ခံမှုတို့အား ပြည်နယ်နှင့်တိုင်း ဒေသကြီးအစိုးရအဖွဲ့များထံသို့ ပြဋ္ဌာန်းချက်များအရသော်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်း ကောင်းလုပ်ပိုင်ခွင့်များတရားဝင်လွှဲ ပြောင်းပေးရန်လိုပါသည်။

အထူးသဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏ ဝန်ကြီးချုပ်များကို ဗဟိုအစိုးရမှခန့်အပ်ခြင်းမဟုတ်ဘဲ သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်မှ ရွေးကောက်တင်မြှောက်ရန်လိုသည်။ ထို့ပြင် ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်များတွင် တပ်မတော်သားကိုယ်စားလှယ် (၂၅) ရာခိုင်နှုန်းသည် ရွေးကောက်ခံစရာမလိုဘဲ ပါဝင်နေမှုကိုလည်း ဖျက်သိမ်းပစ်ရပေမည်။ သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးများအတွင်းရှိ ပြည်သူများက ၎င်းတို့၏ ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်များနှင့် ပန်ကြီးချုပ်များကို ၎င်းတို့ဘာသာလွတ်လပ်စွာရွေးချယ်ကြသင့်ပေသည်။

ကမ္ဘာတစ်လွှားတွင် သဘာဝသယံဇာတနှင့်ပတ်သတ်၍ ပဋိပက္ခများဖြစ်ပွားကြရသည့်အတွက်ကြောင့် လွန်ခဲ့သည့်ဆယ်စုနှစ် အနည်းငယ်အတွင်း၌ ဗဟိုချုပ်ကိုင်မှုလျှော့ချရေး ပြုပြင်ပြောင်းလဲမှုများ အရှိန်အဟုန် မြင့်လာခဲ့ပြီးဖြစ်သည်။ ထိုသို့ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ကြသည့်အတွက် ဒီမိုကရေစီနည်းကျ လုပ်ဆောင်မှုအဆင့်ဆင့်များမှတစ်ဆင့် အကျိုးဖြစ်ထွန်းမှုများ၊တန်းတူညီမျှသော အကျိုးအမြတ်ရရှိမှုများ သိသာထင်ရှားစွာ ဖြစ်ထွန်းလာခဲ့ပါသည်။ ဒေသတွင်း အုပ်ချုပ်ရေးအဖွဲ့များအနေနှင့်လည်း ၎င်းတို့ပြည်သူလူထု၏ အမျိုးမျိုးသော လိုအပ်ချက်များ၊ သဘောဆန္ဒများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ကြပါသည်။ တစ်ကမ္ဘာလုံးဆိုင်ရာ လေ့လာမှုများအရ ဒေသတွင်း သို့မဟုတ် ပြည်နယ် /တိုင်းဒေသကြီးများ၏ စီမံခန့်ခွဲမှုဖြင့်ပြုလုပ်သော ဖွံ့ဖြိုးရေး စီမံကိန်းများသည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ရာတွင်လည်းကောင်း၊ ရေ၊ တွင်းထွက်များနှင့် သစ်တောကဲ့သို့သဘာဝအရင်းအမြစ်များကို ကာလကြာရှည် သုံးစွဲနိုင်အောင် စီမံမှုမျိုးတွင် လည်းကောင်း ထိရောက်မှု၊အကျိုးရှိမှုပိုများသည်ကို အခိုင်အမာတွေ့ရှိရပါသည်။[၁၂]

ပြည့်ဝသောအာဏာခွဲဝေမှု (Devolved Decentralization) တွင် ကဏ္ဍ(၃)ရပ်ပါရှိသည်

(၁) **နိုင်ငံရေး**– ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ် (သို့မဟုတ်) တိုင်းဒေသကြီး၏ ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်များတွင် ဒေသအတွက်အကျိုးဖြစ်ထွန်းစေမည့် ဥပဒေနှင့်မူဝါဒများကို ချမှတ်အကောင်အထည်ဖော်ပိုင်ခွင့်အာဏာရှိသည်။

(၂) **ဘဏ္ဍာရေး**– ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ် (သို့မဟုတ်) တိုင်းဒေသကြီးအစိုးရသည် ထိရောက်သောအခွန်အခကောက်ခံမှုမှတစ်ဆင့် ဒေသတွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ရန်ပုံငွေထူထောင်နိုင်ခွင့်၊ဘတ်ဂျက်ချမှတ်နိုင်ခွင့်နှင့် ဘဏ္ဍာရေးစီမံပိုင်ခွင့်ရှိသည်။

(၃) **အုပ်ချုပ်ရေး**– ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်(သို့မဟုတ်) တိုင်းဒေသကြီးအစိုးရနှင့် ၎င်း၏ဝန်ကြီးဌာနများသည် ဒေသတွင်းအုပ်ချုပ်မှုအဖွဲ့အစည်းအဆင့်ဆင့်ကို စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။

အထက်ဖော်ပြပါကဏ္ဍ(၃)ရပ်တွင် ဗဟိုချုပ်ကိုင်မှုအာဏာကို လျှော့ချလိုက်ခြင်းသည် ဖွဲ့စည်းတည်ဆောက်ပုံနှင့် လုပ်ထုံးလုပ်နည်းများကို ဖြစ်တည်လာစေသည်။ သည့်အတွက် သဘာဝသယံဇာတများ သုံးစွဲခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များကို မိမိတို့ဒေသအတွင်း၌ပင် ချမှတ်နိုင်ကြသည်။ ထိခိုက်နစ်နာရသောပြည်သူများက ဖြည့်စွက်ပြင်ဆင် လိုသည်များကိုလည်း ထည့်သွင်းပြင်ဆင်နိုင်ကြသည်။ သဘာဝသယံဇာတများသုံးစွဲမှုကို စီမံခန့်ခွဲမည့် မိမိတို့ဒေသမှ ရွေးကောက်တင်မြှောက်ထားသော ဥပဒေပြုကိုယ်စားလှယ်အဖွဲ့ကိုလည်း ဖွဲ့စည်းနိုင်ကြသည်။ သို့ရာတွင် မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဇယား(၂)အရ သဘာပသယံဇာတများအပေါ် အရေးကြီးသောစီ မံဆုံးဖြတ်ပိုင်ခွင့်အားလုံးအား ဗဟိုအစိုးရကိုသာ ပေးအပ်ထားသည်။

ဥပမာအားဖြင့် တွင်းထွက်သယံဇာတများကို မည်သို့ထုတ်ယူမည်ဆိုသည့်ဥပဒေများအား အတည်ပြုပေးရန်သာ ပြည်နယ်ဥပဒေပြုလွှတ်တော်အား ခွင့်ပြုထားပြီး ပြည်နယ်ပြင်ပသို့ မည်မျှထုတ်ယူရောင်းချနိုင်သည်ဆိုသည့် ဥပဒေမျိုးကို ပြည်နယ်လွှတ်တော်အား ပြဋ္ဌာန်းခွင့် မပေးထားချေ။ ထိရောက်သော အာဏာ–ခွဲဝေ အုပ်ချုပ်မှု၏ အခြားသော အခြေခံအုတ်မြစ်တစ်ခုမှာ ပြည်နယ်သို့မဟုတ် တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်မှုလုပ်ဆောင်ရန်အတွက် လိုအပ်သောရန်ပုံငွေကို အလုံအလောက်ထူထောင်နိုင်သည်။ ၎င်းရန်ပုံငွေရရှိရန်အတွက် ဒေသတွင်း၌ ဝင်ငွေခွန်၊ မြေယာခွန်နှင့် သဘာဝသယံဇာတရောင်းချမှုမှရရှိသည့် အခွန်ငွေများကို ကောက်ခံခွင့်ရှိသည်။ သည်အတွက် ဗျူရိုကရေစီစနစ်ကို လျှော့ကျစေပြီး ဒေသတွင်းလိုအပ်ချက်များအပေါ် ဒေသတွင်းအစိုးရအဖွဲ့က တာဝန်ခံနိုင်မှုကို တိုးမြှင့်လာစေသည်။

ယနေ့မြန်မာနိုင်ငံတွင် သဘာဝသယံဇာတနှင့်ပတ်သတ်၍ အမြတ်ခွဲဝေမှုကိစ္စ၊ ဝင်ငွေ၏ ရာခိုင်နှုန်းမည်မျှကို သယံဇာတထွက်ရှိရာပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအားပေးရမည်ဆိုသည့် ကိစ္စများအပေါ် အလေးပေးပြောဆိုမှုများ၊တောင်းဆိုမှုများ မြင့်တက်လာနေသည်။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သဘာဝသယံဇာတများအပေါ် ဗဟိုအစိုးရကသာ လုံးလုံးလျားလျားပိုင်ဆိုင်ခွင့်၊ ထိန်းချုပ်ခွင့် ရရှိနေသည့်အချက်ကို ဦးတည်ချည်းကပ်ခြင်းမပြုကြပေ။ ၂၀၁၄–ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော ရခိုင်အမျိုးသားညီလာခံက ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုများအတွက် ရခိုင်သယံဇာတများအား ရခိုင်လူမျိုးများကသာ ပိုင်ဆိုင်ခွင့်၊ ထိန်းချုပ်ခွင့်နှင့် စီမံပိုင်ခွင့်ရရှိရန်မှာ အလွန်အရေးကြီးသော လိုအပ်ချက်ဖြစ်ကြောင်း မီးမောင်းထိုးပြခဲ့သည်။[၁၃]

ရေနံနှင့်သဘာဝဓာတ်ငွေ့အခန်းကဏ္ဍ၌ ဗဟိုချုပ်ကိုင်မှုအာဏာအား ခွဲဝေလျှော့ချမှု ကျင့်သုံးခြင်းသည် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်တွင် ဖြစ်ပွားလေ့ရှိသော အကျင့်ပျက်ခြစားမှုများ ၊ သယံဇာတကြောင့် ကပ်ဆိုက်ရမှုများနှင့် တရားမမျှတမှုများအား ကာကွယ်နိုင်မည်ဖြစ်သည်။ ဒီမိုကရေစီနည်းကျသော၊ ပွင့်လင်းမြင်သာသော ၊ တာဝန်ခံမှုရှိသော အုပ်ချုပ်မှုမျိုးအတွက် နိုင်ငံတော်အဆင့် ဥပဒေပြဋ္ဌာန်းမှုများတွင် မူဝါဒများအား အလေးအနက်ထည့်သွင်းကာ အာမခံချက် ပေးရ

မည်ဖြစ်သည်။ ပြဋ္ဌာန်းဥပဒေများသည် လူ့အခွင့်အရေး၊ သဘာဝပတ်ဝန်းကျင် နှင့် ဒေသခံများ၏ အသက်မွေးဝမ်းကျောင်းများအပေါ် မြင့်မားစွာကာကွယ်မှု ပေးနိုင်ရမည်။

ပြဋ္ဌာန်းဥပဒေများသည် သယံဇာတစီးပွားပျက်ကပ်ဆိုး မရောက်စေရန်အတွက် အမျိုးသားအကျိုးစီးပွားနှင့် ဒေသအလိုက် အကျိုးစီးပွားများကို လက်ရှိပြဋ္ဌာန်းထားသော ဥပဒေများထက် ကာကွယ်ပေးနိုင်ရမည်။ ဒေသတွင်း အကျိုးစီးပွားကို ဦးစားပေးအဆင့်သတ်မှတ်မထားသရွေ့ မြန်မာရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE)နှင့် အခြား နိုင်ငံတော်အဆင့် အဖွဲ့အစည်းများ၏ လုပ်ပိုင်ခွင့်အာဏာကို လျှော့ချခွဲဝေရမည်ဖြစ်သည်။ လျှော့ချသည့်အခန်းကဏ္ဍများအား ဆန်းစစ်ကြည့်နိုင်မည်ဖြစ်သည်။

သတိပေးချက်

ဝန်ကြီးဌာနတွင်းဌာနဆိုင်ရာအဆင့်ဆင့်လုပ်ပိုင်ခွင့်များခွဲဝေပေးခြင်း (Deconcentration) သည် အဖြေတစ်ခုမဟုတ်

မြန်မာနိုင်ငံ၏ သဘာဝဝတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေး အေဂျင်စီတစ်ခုဖြစ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဝန်ကြီးဌာနကို ၂၀၁၁ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနသည် ပတ်ဝန်းကျင်ဆိုင်ရာမူဝါဒများအတွက် တာဝန်ခံသောဌာနဖြစ်ပြီး ဝန်ထမ်းအင်အားတိုးချဲ့ကာ တစ်ပြည်လုံးတွင်ရုံးခွဲများဖွင့်လှစ် လျက်ရှိသည်။ ၂၀၁၄ ခုနှစ် နှစ်ဦးပိုင်းတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် ရုံးခွဲ(၅)ရုံးကိုဖွင့်လှစ်ခဲ့ပြီး ၂၀၁၄–၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ၎င်းအဆင့်နောက်ထပ်(၅)ရုံးကို ဖွင့်လှစ်သွားမည်ဖြစ်သည်။ ကျန်ရှိသော၎င်းအဆင့်နောက်ထပ်(၄)ရုံးကိုမူ ၂၀၁၆ ခုနှစ်တွင် ဖွင့်လှစ်ရန်စီစဉ်ထားရှိသည်။ ခရိုင်အဆင့်(၆၇)ရုံးနှင့် မြို့နယ်အဆင့် (၃၃၆)ရုံးကို ၂၀၁၆–ခုနှစ် မှစ၍ဆက်ကာ ဆက်ကာဖွင့်လှစ်သွားရန်ရှိသည်။[၃၆]

ဤကဲ့သို့ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ရုံးခွဲများထားရှိခြင်းမှာ ဗဟိုအစိုးရ၏ ဝန်ကြီးဌာနများအတွက် အသုံးဝင်မည်ဖြစ်သည်တိုင် ၎င်းသည် ဗဟိုအစိုးရ၏အာဏာကို ခွဲဝေအုပ်ချုပ်ခြင်းမမည်ပါ။ ၎င်းသည် ဝန်ကြီးဌာနတွင် ဒေသဆိုင်ရာရုံးခွဲများအား အလုပ်တာဝန်ခွဲဝေပေးခြင်းသာဖြစ်သည်။ ၎င်းဒေသဆိုင်ရာရုံးခွဲများသည် ၎င်းတို့တည်ရှိရာပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအစိုးရထက် ဗဟိုအစိုးရကိုတာဝန်ခံရသော ဖွဲ့စည်းပုံသာဖြစ်သည်။ သို့ဖြစ်၍ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရုံးခွဲ(ECD)များသည် ၎င်းတို့တည်ရှိရာ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တာဝန်ဝတ္တရား၊ လုပ်ပိုင်ခွင့်များကို မည်သို့ခွဲဝေယူကြမည်ဟူသောကိစ္စကို အလေးအနက်တစ်စုံတစ်ရာ ဆွေးနွေးခြင်းမရှိသေးပေ။

(၄)သဘာဝသယံဇာတပိုင်ဆိုင်မှုတွင်ဗဟိုအစိုးရ၏ချုပ်ကိုင်မှုအာဏာ ကိုလျှော့ချခြင်း

၂၀၀၈ခုနှစ် မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၃၇)(က)တွင် သဘာဝသယံဇာတနှင့်ပတ်သတ်၍ အောက်ပါအတိုင်းပြဋ္ဌာန်းထားသည်။
“နိုင်ငံတော်သည် နိုင်ငံတော်ရှိမြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် နှင့်လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်။”[၃၇]

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးကတည်းက ပြည်တွင်းစစ်ကပ်ဘေးအတွင်း ကျရောက်လာခဲ့သည်မှာ ယနေ့ထက်တိုင်ဖြစ်သည်။ အကြောင်းမှာ ဗဟိုအစိုးရသည် တိုင်းရင်းသားပြည်နယ်များအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိသော ဒေသများ အဖြစ်ပေးအပ်ရန် ငြင်းပယ်ခဲ့သောကြောင့်ဖြစ်သည်။ တော်လှန်ရေးခရီးရှည် နှစ်များစွာအတွင်း တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များသည် လုံဝလွတ်လပ်ရေး တောင်းဆိုမှုများမှ တဖြည်းဖြည်း လေသံပြောင်းလာပြီး ယခုအခါ ဗဟိုအစိုးရ၏အာဏာကို ခွဲဝေအုပ်ချုပ်သည့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု စနစ်ကို စုပေါင်းတောင်းဆိုလာခဲ့ကြသည်။ ၎င်းတောင်းဆိုမှုတွင် တိုင်းရင်းသား ပြည်နယ်များအတွင်းရှိ သဘာဝသယံဇာတများအား သက်ဆိုင်ရာပြည်နယ်များ ကသာ ပိုင်ဆိုင်ခွင့်၊ စီမံခွင့်ရရှိရေးလည်းပါဝင်သည်။ ဖက်ဒရယ်ပြည်ထောင် စုတည်ဆောက်ရာတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးများသည် ၎င်းတို့၏ သဘာဝ သယံဇာတများအား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မူလပိုင်ရှင်များ ဖြစ်ကြသည်ဟူသော အချက်သည် ၎င်းသယံဇာတများအား ထိန်းချုပ်ခွင့်နှင့် စီမံခွင့်အာဏာနှင့်နှိုင်းစာလျှင် များစွာအလေးမထားကြသည်ကို တွေ့ရလေ့ရှိ သည်။ သို့ရာတွင် မြန်မာ့ငြိမ်းချမ်းရေး တည်ဆောက်ကြရာတွင်မူ နှစ်ပေါင်း များစွာကတည်းက ဘိုးဘေးဘီဘင်တို့၏ အမွေအနှစ်ဖြစ်သည်ကို အသိအ မှတ်ပြုရာရောက်သော တိုင်းရင်းသားပြည်နယ်များ၏ သယံဇာတပိုင်ဆိုင်မှုနှင့် ၎င်းနှင့်ဆက်နွှယ်သော လုပ်ပိုင်ခွင့်အာဏာဖြစ်သည့် မိမိတို့ပြည်နယ် အတွင်း၌ သယံဇာတတူးဖော်ထုတ်လုပ်မှုပြုလုပ်မည် သို့မဟုတ် မပြုလုပ်မည်စသည့် ဆုံးဖြတ်ပိုင်ခွင့်တို့ကို လျစ်လျူရှုထားခဲ့ခြင်းမပြုသင့်ပေ။

ပြည်နယ်နှင့်တိုင်းဒေသကြီးများသည် မိမိဒေသအတွင်းရှိ မြေယာနှင့်သဘာဝ သယံဇာတများကို ပိုင်ဆိုင်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၃၇) (က)ကို ပြောင်းလဲပစ်ရမည်။

ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် သဘာဝသယံဇာတပိုင်ဆိုင်မှုသတ်မှတ်ကြပုံအမျိုးမျိုး

ကမ္ဘာအနှံ့အပြား၌ အမေရိကန်ပြည်ထောင်စု ၊ ကနေဒါ၊ အာဂျင်တီးနား ၊ အာရပ်စော်ဘွားများပြည်ထောင်စုနှင့် အီရတ်အပါအဝင် ပြည်ထောင်စုစနစ်ကျင့်သုံးကြသော နိုင်ငံများ၏ သဘာဝသယံဇာတ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ဗဟိုအစိုးရ၏အာဏာကို မည်သို့လျှော့ချ ခွဲဝေကြသည်ဆိုသည့် ဥပမာများစွာရှိပါသည်။(လေ့လာစရာဖြစ်ရပ် (၂) တွင်ကြည့်ပါ)

ဥပမာအားဖြင့် အာဂျင်းတီးနားနိုင်ငံတွင် ဝင်လယ်ပြင်မှမဟုတ်သည့် သဘာဝသယံဇာတများအား ပြည်နယ်များက ပိုင်ဆိုင်မှုရှိကြောင်း ၁၉၉၂ ခုနှစ် ပြည်ထောင်စုဥပဒေအရ အသိအမှတ်ပြုခဲ့ပြီး ၁၉၉၂ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်ပြင်ဆင်ရာ၌ တရားဝင်ထည့်သွင်းခဲ့သည်။ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံတွင် စော်ဘွားနယ်ခုနစ်နယ်စုပေါင်း၍ ပြည်ထောင်စုတည်ဆောက်ကတည်းက စော်ဘွားနယ်တစ်ခုချင်းစီသည် မိမိတို့ပိုင်နက်နယ်မြေတွင်းရှိ သဘာဝသယံဇာတများအား အပြည့်အဝပိုင်ဆိုင်မှု ရှိကြောင်း အတိအကျ ပြဋ္ဌာန်းပြီးဖြစ်သည်။ အီရတ်နိုင်ငံတွင်မူ သဘာဝသယံဇာတ ပိုင်ဆိုင်မှုနှင့် ပတ်သတ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မပြတ်မသားဖော်ပြထားမှုကြောင့် ဗဟိုအစိုးရနှင့် ကာဒစ်ရှိအုပ်စုအကြား ပြင်းထန်သော ပဋိပက္ခများ ဖြစ်ပွားခဲ့ရသည်။

(၅)သဘာဝသယံဇာတများအားထိန်းချုပ်မှုနှင့်စီမံခန့်ခွဲမှုတွင်ဗဟိုအစိုးရ၏ချုပ်ကိုင်မှုအာဏာကိုလျှော့ချခြင်း

မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၃၇) (ခ)တွင် သဘာဝသယံဇာတနှင့်ပတ်သတ်၍ အောက်ပါအတိုင်းပြဋ္ဌာန်းထားဝါသည်။

" နိုင်ငံပိုင်သယံဇာတပစ္စည်းများအား စီးပွားရေးအင်အားစုများကထုတ်ယူသုံးစွဲခြင်းကို ကွပ်ကဲကြီးကြပ်နိုင်ရန်လိုအပ်သည့် ဥပဒေပြဋ္ဌာန်းရမည်။ "[၁၆]

ဖော်ပြပါ ပြဋ္ဌာန်းချက်အရ သဘာဝသယံဇာတများအား ထိန်းချုပ်ပိုင်ခွင့်နှင့်စီမံပိုင်ခွင့် အာဏာအပြည့်အဝကို ဥပဒေပြုလွှတ်တော်တွင် တပ်မတော်သား(၂၅) ရာခိုင်နှုန်း ရယူထားသော ဗဟိုအစိုးရကသာ အပြည့်အဝရယူထားသည်။ (၎င်းစစ်တပ်မှအရာရှိကြီးများနှင့် အခြား ၎င်းတို့နှင့်ဆက်နွယ်သော ပုဂ္ဂိုလ်အများအပြားသည် တူးဖော်ထုတ်လုပ်ရေးကဏ္ဍ၌ စစ်တပ်ပိုင်ကုမ္ပဏီများ ပါဝင်ပတ်သက်မှုကို ဆက်လက်ရပ်တည်နိုင်ရန် အရေးပါသောအစိုးရရာထူးများကို ကျယ်ကျယ်ပြန့်ပြန့် ရယူထားသည်။ ၎င်းသည် မြန်မာနိုင်ငံ၏ လက်ရှိဥပဒေဘောင်အတွင်းမှ ကိုင်တွယ်ခြင်းမပြုသော အရုပ်ဆိုးအကျည်းတန်လှသည့် အကျိုးအမြတ် ရယူမှုပင်ဖြစ်သည်။) ခြားနားချက်မှာ ပြည်နယ်နှင့် တိုင်းဒေသကြီးအတွက်မူ အနည်းငယ်မျှသော ၊ အရေးမပါလှသော ကိစ္စအနည်းငယ်ကိုသာလျှင် ဥဝဒေပြုခွင့်ပေးထားခြင်းဖြစ်သည်။ (၎င်းကိုဖွဲ့စည်းပုံအခြေခံဥပဒေနောက်ဆက်တွဲ (၁) ဇယား (၂)တွင်လေ့လာနိုင်ပါသည်။)

သယံဇာတများကိုမည်သို့အသုံးပြုသင့်ကြောင့် လူသားတိုင်းတွင်ပြောဆိုခွင့်ရှိရန်လိုအပ်ဝါသည်။
ဓါတ်ပုံ-AOW

များစွာသောစီမံကိန်းကြီးများအတွက် စာချုပ်မူကြမ်းရေးဆွဲခြင်းနှင့် လက်မှတ်ရေးထိုးခြင်းကို ဗဟိုအစိုးရနှင့် စစ်တပ်မှတာဝန်ရှိသူများက နေပြည်တော်တွင် ဆောင်ရွက်ခဲ့ကြသည်။ ယင်းကဲ့သို့ဆောင်ရွက်ရာတွင် စီမံကိန်းကြောင့်ထိခိုက်နစ်နာရမည့် ပြည်သူများ (သို့မဟုတ်) သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများမှာ မပါသလောက်ပင်ဖြစ်သည်။ ၎င်းစီမံကိန်းများအား နေပြည်တော်ရှိ ဗဟိုအစိုးရဝန်ကြီးဌာနများနှင့် နိုင်ငံခြားကုမ္ပဏီများကသာ စီမံခန့်ခွဲသွားပြီး ဒေသခံပြည်သူများမှာမူ အလုပ်အကိုင်အခွင့်အလမ်း ရရှိရန်ပင် များစွာနည်းပါးလုကာ ဆိုးကျိုးများသာ အဖတ်တင်ကျန်ရစ်ခဲ့ကြသည်။

လက်ရှိညံ့ဖျင်းသော စီမံခန့်ခွဲမှုများကြောင့် ဖြစ်ပွားရသောမညီမျှမှုများ၊ မကျေလည်မှုများနှင့် ပဋိပက္ခများကို နောက်ထပ်မဖြစ်စေကြောင်း ကာကွယ်ရန်အလို့ငှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၃၇)(ခ)ကို ပြင်ဆင်၍ ပြည်နယ်နှင့်တိုင်းဒေသကြီးများအား ၎င်းတို့၏ သဘာဝသယံဇာတများကို ထိန်းချုပ်စီမံနိုင်ရန် ဥပဒေပြုခွင့်အာဏာများ ပေးအပ်ရမည်ဖြစ်သည်။ ၎င်းတွင် နိုင်ငံရေး၊ဘဏ္ဍာရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ပြည့်စုံကျယ်ပြန့်သောအာဏာနှင့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်တည်ဆောက်ရန် မရှိမဖြစ်လိုအပ်သော အခြေခံဖွဲ့စည်းပုံများ လိုအဝ်မည်ဖြစ်သည်။

စီမံခန့်ခွဲပိုင်ခွင့်အာဏာကိုရယူပြီးလျှင် အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုပြည်နယ်များနှင့် တိုင်းဒေသကြီးများတွင် ဥပဒေများပြဋ္ဌာန်းရန်နှင့်ကြာရှည်တည်တံ့ခိုင်မြဲသော အဖွဲ့အစည်းများ တည်ထောင်ရန်လိုသည်။
အကြောင်းမှာ –
(က) သဘာဝသယံဇာတများနှင့်ယင်းကိုအကြောင်းပြု၍ ဖြစ်ထွန်းလာမည့် ကြာရှည်ခိုင်မာသော တိုးတက်ဖွံ့ဖြိုးမှုများအတွက် အထူးမဟာဗျူဟာများ အပါအဝင် ရေရှည်စီးပွားရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရန်–
(ခ) တူးဖော်ထုတ်လုပ်ရေးများကိုစောင့်ကြည့်ပြီးစည်းမျဉ်းများဖြင့်ထိန်းကွပ်ရန်–
(ဂ) ပြည်သူလူထု၏ ပူးပေါင်းဝါဝင်မှုနှင့် ရရှိသင့်သောအခွင့်အရေးများကို ကာကွယ်ရန်–
(ဃ) အနာဂတ်မျိုးဆက်သစ်များအတွက် သဘာဝသယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထားရှိရန်တို့အတွက်ဖြစ်ပါသည်။

သဘာဝသယံဇာတစီမံခန့်ခွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ(ရခိုင်ပြည်နယ်)
ဓါတ်ပုံ–AOW

သဘာဝသယံဇာတများကိုစီမံခန့်ခွဲရာ၌ဗဟိုအစိုးရ၏လုပ်ပိုင်ခွင့်အာဏာကိုခွဲဝေလျှော့ချသည့်မူဘောင်များ

ကမ္ဘာအနှံ့၌ သဘာဝသယံဇာတများကို စီမံရာ၌ ဗဟိုအစိုးရ၏အာဏာကို ခွဲဝေသည့် မူဘောင်နည်းလမ်းများ အမျိုးမျိုးကို ကျင့်သုံးလျက်ရှိပါသည်။ (လေ့လာစရာဖြစ်ရပ် (၂) တွင်ကြည့်ပါ။)

ကနေဒါ– ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်အစိုးရနှင့် ပြည်နယ်ဥပဒေပြုလွှတ်တော်တွင် အစားထိုးမရနိုင်သော သဘာဝသယံဇာတများနှင့် သစ်တောအရင်းအမြစ်များအား ဖွံ့ဖြိုးတိုးတက်ရန်၊ ထိန်းသိမ်းကာကွယ်ရန်နှင့် စီမံခန့်ခွဲရန် အထူး လုပ်ပိုင်ခွင့်အာဏာရှိသည်။ ပြည်နယ်နှစ်ခုတွင် တွေ့ကြုံခဲ့သည်များအရ သဘာဝသယံဇာတများအား ဗဟိုအစိုးရ၏ ချုပ်ကိုင်မှုကိုလျှော့ချ၍ လူထုအခြေပြုအဖွဲ့အစည်းများက ထိခိုက်နစ်နာရသော ပြည်သူများ၏ ဆွေးနွေးညှိနှိုင်းအကြံပေးမှုများ၊ ဖြည့်စွက်ထည့်သွင်းလိုသည်များ ပါဝင်နိုင်သည့်လုပ်ထုံးလုပ်နည်းများကိုအသုံးပြု၍ စီမံခန့်ခွဲမှုသည် ဒေသတွင်းရှိပြည်သူ လူထုအတွက် ပို၍တာဝန်ခံနိုင်မှုရှိကြောင်းတွေ့ရှိရသည်။ အခြားတစ်ဖက်တွင်မူ နိုင်ငံတော်၏ပိုင်ဆိုင်မှုအား ပုဂ္ဂလိကပိုင်ဆိုင်မှုသို့ လွှဲပြောင်းရယူလိုက်သည့် အဖွဲ့အစည်းများသည် စက်မှုလုပ်ငန်းများအားအကျိုး အမြတ်ဖြစ်ထွန်းစေသော်လည်း ကြီးကြပ်ကွပ်ကဲရန် ပိုမိုခက်ခဲကြောင်း တွေ့ရှိရပါသည်။

အီရတ်– ဒေသန္တရအစိုးရ[၁၇]များအား လုပ်ပိုင်ခွင့်ပိုပေးထားသည့် ၂၀၀၅ ခုနှစ် ပြည် ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေသည် အာဏာရှင်အုပ်စိုးသောနိုင်ငံအဖြစ်မှ လတ်တလောချင်း ဗဟိုချုပ်ကိုင်မှုအာဏာကို ခွဲဝေလျှော့ချသည့် စနစ်ကိုကျင့်သုံးလိုက်ရသော အစိုးရအသစ်အတွက် စိန်ခေါ်မှုသစ်တစ်ရပ်ပင်ဖြစ်သည်။ ၂၀၀၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် ဦးတည်သည် စေ့စပ်ဆွေးနွေးညှိနှိုင်းပွဲများတွင် ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရများအကြား စိန်ခေါ်မှုအသစ် ဖြစ်လာနိုင်သည့် လုပ်ပိုင်ခွင့်အာဏာခွဲဝေမှုကို ထည့်သွင်းစဉ်းစားခြင်း မပြုခဲ့ကြပေ။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ မပြတ်မသားဖော်ပြထားမှုကြောင့်လည်း နှစ်ဖက်စလုံးက ၎င်းတို့သည် သဘာဝသယံဇာတများအပေါ် ထိန်းချုပ်ခွင့်ရရှိမည်ဟု ယုံကြည်ခဲ့ကြသည်။ ဤကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ မပြတ်မသားမှု၊ အာဏာရှင်စနစ်မှ ဒီမိုကရေစီစနစ်သို့ အဆော–တလျင် ကူးပြောင်းခဲ့ရမှု၊ ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရ နှစ်ဖွဲ့စလုံးတွင် ရေတို၊ ရေရှည်မူဝါဒများဖြင့် ဖွံ့ဖြိုးတိုးတက်အောင်လုပ်ရန် အချိန်အနည်းငယ်သာရခဲ့မှုတို့က ပဋိပက္ခများကိုပြန်လည်ဖြစ်ပွားစေရန် တံခါးပေါက်သဖွယ် ဖြစ်နေခဲ့သည်။

အာရပ်စော်ဘွားများ– သယံဇာတကြွယ်ဝသော ပြည်နယ်ဆယ်ခု၏ ပြည်နယ်များအဖွဲ့တစ်ခုတည်ထောင်လိုက်နိုင်ခြင်းသည် ၁၉၉၀ ခုနှစ်အစောပိုင်းတွင် သဘာဝသယံဇာတများအပေါ် ဗဟိုအစိုးရ၏ ချုပ်ကိုင်မှု လျှော့ချနိုင်စေရန် အခြေခံ ဥပဒေအားပြင်ဆင်မည့် ဆွေးနွေးညှိနှိုင်းပွဲများ ဖြစ်ပေါ်လာစေဖို့ အရေးပါသော တွန်းအားတစ်ခုဖြစ်ခဲ့သည်။ သီးခြားပြည်နယ်များအနေနှင့် သဘာဝသယံဇာတများအား ပိုင်ဆိုင်ခွင့်နှင့်စီမံခွင့် အပြည့်အဝရရှိနေသော်ငြား၊ ၎င်းပြည်နယ်များအဖွဲ့သည် အင်အားကြီးမားသော ပုဂ္ဂလိကကော်ပိုရေးရှင်းကြီးများအား ထိရောက်စွာ စာရင်းစစ်ခြင်း ၊ ဗဟိုအစိုးရနှင့် ဝင်ငွေခွဲဝေမှုကို ဆွေးနွေးညှိနှိုင်းခြင်းတို့ဖြင့် ပြည်နယ်များ၏ အကျိုးစီးပွားကို ဆက်လက်ကာကွယ်လျက်ရှိသည်။

မြန်မာနိုင်ငံရှိပြည်နယ်နှင့်တိုင်းဒေသကြီးများတွင်လုပ်ကိုင်လျက်ရှိသည့်/ လုပ်ကိုင်လာမည့်သဘာဝသယံဇာတတူးဖော်ထုတ်လုပ်ရောင်းချမှုများအားစီမံခန့်ခွဲရာတွင် ကဏ္ဍအလိုက်အဆိုပြုထားသည့်အာဏာခွဲဝေမှုများ

စဉ်	ကဏ္ဍရပ်များ	နိုင်ငံ	ပြည်နယ် တိုင်းဒေသကြီး
၁	မူဝါဒနှင့်သဘောထားရေးရာဦးစားပေးအဆင့်များသတ်မှတ်ခြင်း	✓	✓
၂	တိုးတက်ကောင်းမွန်သော ဥပဒေပြဋ္ဌာန်းမှုများပြုလုပ်ခြင်း	✓	✓
၃	စီမံခန့်ခွဲမည့် အဖွဲ့အစည်းများတည်ထောင်ခြင်း		✓
၄	နိုင်ငံတော်စွမ်းအင်ထုတ်လုပ်မှုပမာဏကိုကန့်သတ်/ သတ်မှတ်ခြင်း	✓	
၅	ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏စွမ်းအင်လိုအပ်ချက်/ သုံးစွဲမှုပမာဏကို သတ်မှတ်ခြင်း		✓
၈	စနစ်ကျသောသဘာဝပတ်ဝန်းကျင်ဆိုင်ရာဆန်းစစ်မှုများပြုလုပ်ခြင်း		✓
၉	ပြည်သူလူထုနှင့်ဆွေးနွေးအကြံပြုချက်များရယူခြင်းနှင့်လူထုဆန္ဒခံယူခြင်း		✓
၁၀	လူမှုရေး၊ သဘာဝပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် လူ့အခွင့်အရေးဆိုင်ရာဆိုးကျိုးသက်ရောက်သော အကဲဖြတ်ဆန်းစစ်မှုများပြုလုပ်ခြင်း		✓
၁၁	ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီများနှင့် ထုတ်လုပ်မှုဆိုင်ရာစာချုပ်များချုပ်ဆိုခြင်းကို စီမံခြင်း		
	(က) ပြည်နယ်နှင့်တိုင်းဒေသကြီးအတွင်းရှိ စီမံကိန်းများ		✓
	(ခ)ပြည်နယ်နှင့်တိုင်းဒေသကြီးအတွင်းရှိ ပြည်ပတင်ပို့သည့်စီမံကိန်းများ	✓	✓
၁၂	ကုမ္ပဏီများ၏စာရင်းအင်းများကိုစစ်ဆေးကြီးကြပ်မှုဆောင်ရွက်ခြင်း		✓
၁၃	သဘာဝပတ်ဝန်းကျင် လူမှုရေးနှင့်လူ့အခွင့်အရေးဆိုင်ရာကာကွယ်မှုများပြုလုပ်ခြင်း	✓	✓
၁၄	သဘာဝသယံဇာတများကို ဖြန့်ဖြူးခြင်းနှင့် ရောင်းချခြင်း		✓
၁၅	ခိုင်ကြေးများကောက်ခံခြင်း		✓
၁၆	အခွန်အခများကောက်ခံခြင်း	✓	✓
၁၇	စုဆောင်းရန်ပုံငွေ၊ ဝင်ငွေတည်ငြိမ်ရေးရန်ပုံငွေများ စီမံခန့်ခွဲခြင်း	✓	✓

(၆)သဘာဝသယံဇာတမှရရှိသောဝင်ငွေများကိုကောက်ခံရာ၌ဗဟိုအစိုးရ၏ချုပ်ကိုင်မှုအာဏာကိုလျှော့ချခြင်း

ထိုင်းနိုင်ငံနှင့်တရုတ်နိုင်ငံသို့ သဘာဝဓာတ်ငွေ့ တင်ပို့ရောင်းချခြင်းသည် မြန်မာနိုင်ငံ၏ အကြီးမားဆုံး ဝင်ငွေအရင်းအမြစ် တစ်ခုဖြစ်သည်။ ၎င်းတင်ပို့ရောင်းချမှုမှ မြန်မာနိုင်ငံသည် ၂၀၁၃–၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် အကြမ်းဖျဉ်း အမေရိကန်ဒေါ်လာ(၃.၃) ဘီလီယံရရှိမည်ဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ(၅) ဘီလီယံအထိ တိုးတက်ရရှိမည်ဟုခန့်မှန်းထားသည်။[၁၈] ယင်းကဲ့သို့ ဝင်ငွေဝမာဏကြီးမားစွာ ရရှိနေသော်လည်း သဘာပသယံဇာတကြွယ်ဝသော (၅၈)နိုင်ငံတွင် အဆင်းရဲဆုံးနိုင်ငံအဖြစ် ၂၀၁၃ ခုနှစ်တွင်သတ်မှတ်ခြင်းခံခဲ့ရသည်။[၁၉] မြန်မာနိုင်ငံ ဗဟိုအစိုးရသည် ရေနံနှင့် သဘာဝဓာတ်ငွေ့ရောင်းချမှုမှ ဝင်ငွေမည်မျှရရှိသည်ကိုလည်းကောင်း၊၎င်းဝင်ငွေများအားမည်သို့သုံးစွဲသည်ကိုလည်းကောင်း၊ တစ်စုံတစ်ရာရှင်းလင်း ပြောဆိုခြင်း မရှိသည့်အတွက် နာမည်ဆိုးဖြင့်ကျော်ကြားသည်။

၂၀၁၂–ခုနှစ်တွင် နိုင်ငံတော်ရသုံးငွေ ခန့်မှန်းခြေစာရင်း၌ ရေနံနှင့်သဘာဝဓာတ်ငွေ့မှ ဝင်ငွေများသည် ပထမဆုံးအနေနှင့် ပါပင်ခဲ့သော်လည်း ဘဏ္ဍာငွေ စီမံခန့်ခွဲမှုစနစ်မှာ အားနည်းချို့ယွင်းချက်များ ရှိနေဆဲဖြစ်ပြီး ဖွင့်လင်းမြင်သာမှုနည်းပါးဆဲပင်ဖြစ်သည်။ မြန်မာနိုင်ငံ၌ (EITI) အကောင်အထည်ဖော်ရန်အတွက် အသေးစိတ်လေ့လာချက်များအရ သဘာပဓာတ်ငွေ့တင်ပို့ရောင်းချမှု၌ ၂၀၁၃–၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် အခွန်ဦးစီးဌာန၏ အစီရင်ခံစာနှင့် ဗဟိုစာရင်းအင်းအဖွဲ့၏ အစီရင်ခံစာတွင် အမေရိကန်ဒေါ်လာ (၄၁၂) သန်း ကွာဟချက်ရှိနေကြောင်း တွေ့ရှိခဲ့ရသည်။[၂၀] အစိုးရဌာနများ၏ထုတ်ပြန်သော အချက်အလက်များ ဤကဲ့သို့ကွာဟနေခြင်းမှာ မြန်မာနိုင်ငံသည် သဘာပသယံဇာတများမှ မည်မျှဝင်ငွေရရှိနေသည် ဆိုခြင်းအားအတိအကျသိနိုင်ရန် မည်မျှခဲယဉ်းမှုရှိကြောင်း သရုပ်ဖော်ပြသလိုက် ခြင်းပင်သည်။ မကြာသေးမီက Adam Smith International ၏ အတည်ပြုချက်အရ တိုင်းပြည်၏ စာရင်းဝင်ရရှိသောအခွန်ဘဏ္ဍာငွေ၏ တစ်ဝက်နီးပါးအား ပြည်တွင်းနှင့် ပြည်ပဘဏ်များ၌ အများပြည်သူအား တစ်စုံတစ်ရာပွင့်လင်းစွာချပြခြင်းမရှိဘဲ ထားရှိကြောင်းသိရသည်။

ရခိုင်ပြည်နယ်တစ်ခုတည်းတွင်ပင် ရေနံနှင့်ဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရန် ၂၀၀၀–ခုနှစ်တွင် လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့သော ထုတ်လုပ်မှု–အပေါ် ခွဲပေခံစားရေးစာချုပ် (PSC)ပေါင်း (၂၀)နီးပါးမှနေ၍ လက်မှတ်ရေးထိုးခြင်းအပိုဆုကြေးငွေနှင့် ပန်ဆောင်မှုအတွက်ရရှိငွေမှာ ၂၀၁၄–ခုနှစ်တွင် အကြမ်းဖျဉ်း အမေရိကန်ဒေါ်လာ သန်း(၁၇၀)အထိ ရရှိနိုင်မည်ဖြစ်သည်။ ၎င်းငွေကြေးများကို ရခိုင်ပြည်နယ်၌ ဖွံ့ဖြိုးတိုးတက်လာအောင် ရင်းနှီးမြှုပ်နှံရန်အတွက် တစ်စုံတစ်ရာ အစအနပင်ရှာမရတော့ဝေ။

“ဝန်ကြီးဌာနများနှင့် မြန်မာ့စီးပွားရေးဦးပိုင်အဖွဲ့တွင် မြန်မာ့စီးပွားရေးဘဏ်၌ သီးခြားငွေစာရင်းအဖြစ် ဖွင့်ထားသော ဘဏ္ဍာရေးအစီရင်ခံစာ၌ မပါသည့် ငွေစာရင်းများရှိသည်။ စွမ်းအင်ဝန်ကြီးဌာန(MOE)တွင် စင်ကာပူ၌ ငွေစာရင်း(၃)ခု၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း(MOGE)တွင် ငွေစာရင်း(၁၄)ခုရှိသည်။ ၎င်းငွေစာရင်းတစ်ခုစီကို မည်သည့်အတွက်သုံးသည် ၊ရေနံနှင့်ဓာတ်ငွေ့မှ ရရှိသော ငွေကြေးမည်မျှသည် ၎င်းငွေစာရင်းများထံသို့ စီးဆင်း သည်ဆိုသည်မှာ ရှင်းရှင်းလင်းလင်း မရှိပေ။ မြန်မာနိုင်ငံ၌ သီးခြားငွေစာရင်း များစွာရှိသည်။ ၂၀၁၁–၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် ၎င်းသီးခြားငွေစာရင်း များ၏ လက်ခံရရှိငွေအားလုံးပေါင်းမှာ(၂.၅၄) ထရီလီယံကျပ် (ဘီလီယံပေါင်း ၂၅၄၀ ကျပ်) ရှိပြီး ၎င်းမှာ စုစုပေါင်းစာရင်းဝင်ရရှိသော ဘဏ္ဍာငွေ၏ (၄၄) ရာခိုင်နှုန်းရှိသည်။ ဤသို့ သီးခြား ငွေစာရင်းများ ဖွင့်လှစ်သုံးစွဲကြခြင်းမှာ မထူးဆန်းလှပေ။ ၎င်းငွေစာ ရင်းများကို တရားဝင်ပုံမှန်ရသုံးငွေစာရင်းထဲသို့ ထည့်သွင်းမှသာလျှင် ပွင့်လင်းမြင်သာမှု မြင့်မားလာမည် ဖြစ်ပေသည်။ ”[၂၁]

မြန်မာနိုင်ငံဗဟိုအစိုးရသည် တရုတ်နိုင်ငံသို့ သွယ်တန်းထားသော ရေနံနှင့် ဓာတ်ငွေ့ပိုက်လိုင်းများ လမ်းကြောင်းဖြတ်သန်းခအဖြစ် အမေရိကန်ဒေါ်လာ (၁၃.၈၁)သန်းကို နှစ်စဉ်ရရှိမည်ဖြစ်ပြီး မြန်မာနိုင်ငံကို ဖြတ်သန်း၍ ရေနံပို့ဆောင်ခအနေနှင့် အမေရိကန်ဒေါ်လာ (၂၂)သန်းကိုလည်း နှစ်စဉ်ရရှိမည် ဖြစ်သည်။[၂၂] အဆိုပါငွေကြေးများကို ပိုက်လိုင်းဖြတ်သန်းရာဒေသများ၌ မည်သို့ပြန်လည်ရင်းနှီးမြှုပ်နှံမည်ကို မည်သို့မျှ ရှင်းရှင်းလင်းလင်း သိရခြင်းမရှိပေ။ ကြီးမား၍တန်ဖိုးရှိသော ရေနံ၊သဘာဝဓာတ်ငွေ့နှင့် သတ္တုတွင်းများမှာတိုင်းရင်းသား ပြည်နယ်များတွင် သာတည်ရှိနေသည်။

သို့စေကာမူ *“ ယနေ့အချိန်၌ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုတွင်းများမှ တရားဝင်ရရှိသောငွေ၏ (၉၉)ရာခိုင်နှုန်းနီးပါးကို ၂၀၀၈–ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ပြည်ထောင်စုအစိုးရမှသို့မဟုတ် အစိုးရပိုင်အဖွဲ့အစည်းများမှရရှိသည်။ ၎င်းငွေကြေးများနှင့် အထွေထွေအခွန်အခများကို ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့များသို့ လွှဲပြောင်းပေးရန်မှာ အထူးသီးခြားကိစ္စတစ်ရပ်ဖြစ်သည်။ သို့ရာတွင် ဝဠ္ဍပက္ခဖြစ်ပွားလေ့ရှိသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် တနင်္သာရီတိုင်းတို့ကိုမူ အထူးဦးစားပေး လိုက်လျောမှုပြုလေ့ရှိသည်။ ”*[၂၃]

သယံဇာတအရင်းအမြစ်များနှင့် အခြားသောအရင်းအမြစ်များအပေါ် ဗဟိုအစိုးရမှ အခွန်ကောက်ခံပြီး ၎င်း၏ဝန်ကြီးဌာနများမှတစ်ဆင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများသို့ ဖြန့်ဝေပေးခြင်းသည် ဒေသတွင်းပြည်သူများ၏ လိုအပ်ချက်များစွာကို တာဝန်ယူနိုင်ခြင်းမရှိပေ။ ၎င်းပြင် ဗဟိုအစိုးရနှင့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များအကြား အာဏာ ခွဲဝေမှုမည်မျှခြင်းကို ဖြစ်ပေါ်စေသည်။ အပြန်အလှန်အားဖြင့် အရေးပါသော အခွန်အခများကောက်ခံခြင်းကို ဗဟိုအစိုးရမှ သက်ဆိုင်ရာ ဒေသန္တရအစိုးရအဖွဲ့အား လုပ်ဆောင်စေခြင်းအားဖြင့် ပညာရေးသင်ရိုးညွှန်းတမ်းများကို ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်းအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ တည်ထောင်ဖွင့်လှစ်ပေးခြင်းနှင့် ကြာရှည်တည်တံ့ခိုင်မြဲသော အသေးစားစွမ်းအင်ထုတ်လုပ်မှုများ ပေါ်ထွန်းစေခြင်း စသည့် ဒေသတွင်းလိုအပ်ချက်များ၊ ဒေသတွင်းစီမံကိန်းများအတွက် ရန်ပုံငွေခွဲဝေပေးရန် ဒေသန္တာရအစိုးရများအား လိုလားတက်ကြွမှုကို ဖြစ်ပေါ်စေသည်။ ဤကဲ့သို့ အခွန်အခများကို သက်ဆိုင်ရာဒေသန္တရအစိုးရက ကောက်ခံခြင်းသည် အချိန်ကုန်သက်သာ စေသကဲ့သို့ နိုင်ငံတော်အတိုင်းအတာအအားဖြင့် အကုန်အကျများလွန်းသော ဗျူရိုကရေစီယန္တရားကို လျော့ချနိုင်ပြီး အုပ်ချုပ်မှုယန္တရားကို စွမ်းဆောင်ရည် ပိုမိုမြင့်တက်လာစေသည်။

မြန်မာနိုင်ငံတွင် သဘာဝသယံဇာတနှင့်ဝင်ငွေများအပေါ် စီမံခန့်ခွဲခြင်းတစ်ခုလုံးကို ခြုံငုံမိစေသောချဉ်းကပ်မှုမျိုးအား ဦးတည်ရမည်ဖြစ်သည်။ ၎င်းတွင် အစဦးစွာ မူဝါဒများတိုးတက်အောင် လုပ်ခြင်းမှသည် စီမံကိန်းပြီးဆုံးပိတ်သိမ်းသည်အထိ တန်ဖိုးကွင်းဆက်များ၏ ရှုဒေါင့်အားလုံးကို ထည့်သွင်းစဉ်းစားရမည်။ သဘာဝသယံဇာတများမှရရှိသော ဝင်ငွေများအပေါ်ထိရောက်သော၊ ကြာရှည်တည်တံ့သော၊ ဗဟိုချုပ်ကိုင်မှုလျှော့ချသော စီမံခန့်ခွဲမှုမျိုးဖြစ်ထွန်းလာစေရန် ဖွဲ့စည်းပုံအခြေခံဥပဒေက ပြည်နယ်နှင့်တိုင်းဒေသကြီးများအား ဥပဒေပြုခွင့်အာဏာကို ပေးအပ်ရမည်ဖြစ်သည်။ ၎င်းတွင် သဘာဝသယံဇာတ များအားရောင်းချခြင်း၊ အသုံးပြုခြင်းမှရရှိသော ဝင်ငွေများကိုကောက်ခံခြင်း၊ ဒေသတွင်းပြည်သူလူထုများအား ပန်ဆောင်မှုများပေးခြင်း၊ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ခြင်းများအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ကိုယ်ပိုင်ရန်ပုံငွေထူထောင်ခြင်းတို့ ပါဝင်ရမည်ဖြစ်သည်။

သဘာဝသယံဇာတများအပေါ် အခွန်အခကောက်ခံခွင့်နှင့် ၎င်းငွေကြေးများအားသုံးစွဲပိုင်ခွင့်ရရှိလျှင် အနာဂတ်တွင်ဖြစ်ထွန်းလာမည် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်ကျင့်သုံးသည့် ပြည်နယ်များနှင့် တိုင်းဒေသကြီးများတွင် တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု၊ ကြာရှည်ခိုင်မာတည်တံ့သော ဘဏ္ဍာရေးစီမံခန့်ခွဲမှုများအတွက် ဥပဒေများ၊ ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် လုပ်ထုံးလုပ်နည်းများ အတည်ပြုပြဋ္ဌာန်းရန်လိုပါသည်။ ယင်းသို့ပြဋ္ဌာန်းရာတွင် အောက်ပါအချက်များ ဝါဝင်သင့်ပါသည်။

(က)ဗဟိုအစိုးရထံသို့လွှဲပြောင်းပေးရမည့် တရားဝင်သဘောတူထားသော ငွေကြေးအပါအဝင် အားလုံးသောအခွန်အခများနှင့် ခိုင်ကြေးများကို သက်ဆိုင်ရာပြည်နယ်သို့မဟုတ် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံကောက်ခံရန်။
(ခ)သဘာဝသယံဇာတမှ ရရှိလာသော ငွေကြေးများထဲမှ အတိုင်းအတာတစ်ရပ်အထိ ထိရောက်ပြည့်မီမှုရှိသော ရာခိုင်နှုန်းအချိုးအစားကို အနာဂတ်မျိုးဆက်သစ်များအတွက် စုဆောင်းပြီး ရင်းနှီးမြှုပ်နှံထားရန် –

(ဂ)အစိုးရအေဂျင်စီများနှင့် တူးဖော်ထုတ်လုပ်ရေးကုမ္ပဏီများအား ဘဏ္ဍာရေးဆိုင်ရာ လွတ်လပ်စွာစာရင်းစစ်နိုင်ရန်နှင့် လူထုအား အစီရင်ခံတင်ပြနိုင်ရန်။



သဘာဝသယံဇာတမှရရှိသော ဝင်ငွေများကို နိုင်ငံတော်၏ ရေရှည်စီးပွားရေး အနေအထား ခိုင်မာတောင့်တင်း တည်ငြိမ်စေရန်ရည်ရွယ်၍ ရေးဆွဲထားသော မူဝါဒများနှင့်အညီ ကောင်းစွာစီမံမည်ဆိုလျှင် ၎င်းငွေကြေးများသည် နိုင်ငံ၏ စီးပွားရေးတွင်အရေးပါ၍ကောင်းကျိုးဆောင်သောငွေကြေးများဖြစ်များဖြစ်လာ နိုင်သည်။ သို့ရာတွင် ဖော်ပြပါမူဝါဒများမရှိဘဲ သယံဇာတမှငွေကြေးများစွာ ရုတ်တရက်ရရှိလာခြင်းနှင့် အထောက်အကူပြုအဖွဲ့အစည်းများ ဖွဲ့စည်းတည် ထောင်ခြင်းသည် အကျင့်ပျက်ခြစားမှု၊ မညီမျှမှုနှင့် စီးပွားရေးချိန်ခွင်လျှာ မညီမှုကိုသာ ဖြစ်ပေါ်စေမည်ဖြစ်သည်။ ၎င်းမှတစ်ဆင့် ဆင်းရဲမွဲတေမှုကို ချိုးကပ်စွဲမြဲစေပြီး အစိုးရအဖွဲ့ပြိုကွဲမှုထိ ဖြစ်ပွားစေနိုင်သည်။ တိုင်းပြည်စုစု ပေါင်းဝင်ငွေနှင့် တစ်ဦးချင်းဝင်ငွေ(GDP)တွင် သယံဇာတမှရရှိသောငွေကြေး ပါဝင်နှုန်းက မြင့်မားလေလေ ၊ ၎င်းတိုင်းပြည်သည် သယံဇာတကျိန်စာ အတွင်းသို့ မြန်မြန်ကျရောက်နိုင်လေပင်ဖြစ်သည်။ ယင်းသို့ ကျရောက်ခြင်းမှ ကာကွယ်ရန်အတွက် နိုင်ငံတော်အဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်/ တိုင်းဒေသကြီးအဆင့်တွင် တန်ဖိုးကြီးမားသော သယံဇာတများကို ပွင့်လင်းမြင်သာမှုရှိစွာနှင့် တာဝန်ခံမှုရှိစွာ စီမံရန်လိုအပ်မေသည်။

နိုင်ငံတစ်နိုင်ငံ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ရပြည်နယ်တစ်ခုကို သယံဇာတကျိန်စာ မကျရောက်ရအောင် ကာကွယ်နိုင်မည့် တစ်ခုတည်းသော အရေးအကြီးဆုံးမူဝါဒမှာ သယံဇာတမှရရှိသောငွေကြေးထဲမှ နိုင်ငံတော်ဘတ်ဂျက်ထဲသို့ ထည့်ဝင်မည့် သင့်တော်သည့်အချိုးအစားပမာဏကို သတ်မှတ်ခြင်းဖြစ်သည်။ ဤသို့ပြုလုပ်ခြင်းက ငွေကြေးဖောင်းပွမှု ၊ အသုံးစရိတ်များဖြုန်းတီးမှုနှင့် တစ်ချိန်၌ကုန်ခန်းသွားမည့် သယံဇာတများအပေါ် မလိုလားအပ်စွာမှီခိုနေမှုမှ ကာကွယ်နိုင်မည်ဖြစ်သည်။ ယင်းသို့ နိုင်ငံတော်ဘတ်ဂျက်ထဲသို့ ထည့်ပင်မည့် ငွေကြေးအတိုင်းအတာကို သတ်မှတ်ရာတွင် ရေရှည်ဘဏ္ဍာရေးစီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ရန် အလွန်အရေးကြီးပါသည်။ ၎င်းတွင် ရေရှည်သုံးစွဲနိုင်မည့် အစိုးရအသုံးစရိတ်များ၊ ကျန်းမာရေး၊ပညာရေး၊အသက်မွေးမှုတို့ကို ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့်အနာဂတ်တွင်သုံးစွဲနိုင်ရန် အရန်ထားရှိမည့် ခန့်မှန်းခြေ ရေနံနှင့်သဘာဝဓာတ်ငွေ့ပမာဏတို့ကို ဆုံးဖြတ်ရမည်ဖြစ်သည်။ ဖော်ပြပါအချက်များသည် တိုင်းပြည်၏ စီးပွားရေးအဆောက်အဦးပမာဏနှင့် လူဦးရေသိပ်သည်းမှု အပေါ်မူတည်နေသည်ဖြစ်ရာ နိုင်ငံတော်ဘတ်ဂျက်ထဲသို့ ထည့်ဝင်ရမည့် သဘာဝသယံဇာတမှရှိသော ငွေကြေး၏အချိုးအစားသည် တစ်နိုင်ငံနှင့်–တစ်နိုင်ငံ ကွဲပြားမှု ရှိမည်ဖြစ်သည်။ နော်ဝေးနိုင်ငံနှင့်အရှေ့တီမောနိုင်ငံတွင် လက်ရှိကျင့်သုံးနေသောစနစ်မှာ အအောင်မြင်ဆုံးနှင့် ရေရှည်တည်တံ့နိုင်မှုအရှိဆုံးဟုသတ်မှတ်ကြသည်။ သို့ရာတွင် အခြားသောတိုင်းပြည်များတွင်လည်း ဥပဒေပြု၍ အလေးအနက်ဂရုပြု ရှင်းရှင်းလင်းလင်း ကန့်သတ်ထားရှိကြပုံများကို အောက်ပါဇယားအတိုင်းဖော်ပြထားပါသည်။

နိုင်ငံတော်ဘတ်ဂျက်တွင်ရေနံနှင့်သဘာဝဓါတ်ငွေ့မှရရှိသောဝင်ငွေအားအနည်းဆုံးခွဲဝေခြင်း[၂၄]

နိုင်ငံ/ဒေသ	**နိုင်ငံတော်ဘတ်ဂျက် သို့မဟုတ် ပြည်နယ်ဘတ်ဂျက်ထဲသို့ထည့်ဝင်ရမည့်သဘာဝသယံဇာတမှရရှိသောငွေကြေးပမာဏ၏ အချိုးအစားရာနိုင်နှုန်း**
အလက်စကားပြည်နယ် (အမေရိကန်ပြည်ထောင်စု)	သထံဇာတမှရရှိသောငွေကြေး၏ (၅၀%) မှ (၇၅%)အထိ (ဝင်ငွေခွန်နှင့်မြေယာနှင့်အဆောက်အဦးခွန်မပါဘဲ)
ဂါနာ	သယံဇာတမှရရှိသောငွေကြေး၏ အများဆုံး ပျမ်းမျှ (၇၀%)
အရှေ့ထီမော	ရေနံကြွယ်ဝမှု၏အများဆုံး(၃%)(ရေနံကြွယ်ဝမှုဆိုသည်မှာရေနံရန်ပုံငွေနှင့် သဘာဝဓာတ်ငွေ့၏အကြမ်းဖျင်းတန်ဖိုးစုစုပေါင်းပမာဏဖြစ်ပြီးနှစ်စဉ်ပြန်လည်တွက်ချက်သည်။)
ထရီနီဒက် နှင့်တိုဘာဂို	အကြမ်းဖျင်းတွက်ချက်ထားသည့်ဝင်ငွေများအပေါ်ပိုလျှံသောငွေကြေး၏ အများဆုံး (၄၀%)
ဘော့စ်ဝါနာ	နိုင်ငံတော်ဘထ်ဂျက်ထဲသို့ တည့်သွင်းခြင်းမရှိ။ တူးဖော်ထုတ်လုပ်မှုမှရရှိသော ငွေကြေးများအား ပြည့်သူလူထုအတွက်ရင်းနှီးမြှုပ်နှံရာတွင်သာသုံးသည်။ သို့မဟုတ် စုဆောင်းရံပုံငွေထဲသို့ထည့်သွင်းသည်။

စဉ်	သယံဇာတကျိန်စာသင့်စေသောအကြောင်းအရင်းများ	သယံဇာတကျိန်စာ မသင့်ရအောင်ကာကွယ်နိုင်သည့်နည်းလမ်းများ
၁	သဘာဝသယံဇာတအပေါ် အလွန်အမင်းမှီခိုအားထားလွန်းခြင်းသည်တစ်နေ့၌ကုန်ခန်းသွားနိုင်ပြီး စီးပွားရေးနိမ့်ကျထွေပြားမှုကိုဖြစ်ပေါ်စေသည်။ (အခြားသောစီးပွားရေး ကဏ္ဍများ၌ရင်းနှီးမြှုပ်နှံမှု လျော့ကျလာစေသည်။	နိုင်ငံတော်၏ရသုံးငွေစာရင်းတွင်အစားထိုးမရနိုင်သော သယံဇာတများမှရရှိသော ဝင်ငွေ၏ ပါဝင်မှုအချိုးကို လျှော့ချ ပြီး အခြားရေရှည်ခိုင်မာသော ဝင်ငွေအရင်းအမြစ်များ ကိုရှာဖွေရမည်။
၂	ဝင်ငွေမြင့်မာလာခြင်းသည်ကြိုတင်စီမံတိန်းချထားခြင်းမရှိသော အခြေခံ ဆောတ်အဦးများ ဖွံ့ဖြိုးတိုးတက်မှုတွင် အလတသ ဖြုန်းတီးခြင်းနှင့် ရေရှည်မတည်တံ့နိုင်သော သုံးစွဲမှုများကိုဖြစ်ပေါ်စေသည် လစာ တိုးလာခြင်းသည်လည်း နိုင်ငံ၏စီးပွားရေးကိုထိခိုက်စေသည့် ငွေကြေးဖောင်းပွမှု ကိုဖြစ်စေသည်။	ကျန်းမာရေး၊ ပညာရေးနှင့် ကြာရှည်တည်တံ့မည့်အသက်မွေးမှုများကို ထောက်ပံ့တိုးတက်စေခြင်းအားဖြင့်ပြည်သူလူထုအတွက် ရင်းနှီးမြှုပ်နှံပေးရမည်။
၃	ကမ္ဘာလုံးဆိုင်ရာရေနံနှင့်သဘာဝဓာတ်ငွေ့ဈေးနှုန်းနှင့်ထုထ်လုပ်မှုများ မတည်မငြိမ် ဖြစ်ခြင်းကြောင့် နိုင်ငံတော်၏ ဘာက်ဂျက်တွင် လိုငွေပြခြင်း ကြုံရတတ်သည်။	တည်ငြိမ်ခိုင်မာရေး ရံပုံငွေ တစ်ရပ် ထူထောင်ထားခြင်းဖြင့်ဈေးနှုန်းနှင့်ထုတ်လုပ်မှုမတည်ငြိမ်မှုကိုကာကွထ်နိုင်ပြီး ဈေးနှုန်းကျဆင်းသွားချိန်၌နိုင်ငံ၏ဘတ်ဂျက်အား ထိန်းညှိပေးနိုင်သည်။
၄	နိုင်ငံခြားငွေကြေးများ ရုတ်တရက်များပြားစွာရရှိလာခြင်းသည် ပြည်တွင်းငွေကြေးအား တန်ဖိုးပြင့်တက်စေသည်အတွက် တိုင်းပြည်၏အခြားစီးပွားရေးကဏ္ဍများမှထုတ်ကုန်များအား ပြည်ပသို့တင်ပို့ရန်အခက်အခဲတွေ့စေသည်။ ထိုအခါ သဘာဝသယံဇာတအပေါ် မှီခိုအားထားရမှု မြင့်တတ်လာစေသည်။ဤသို့ဖြစ်ရသည်ကို့‘တ်ချ်ရောဂါ’ဟုခေါ်လေ့ရှိပြီးဤရောဂါမိသောတိုင်းပြည်သည် အခြားသောစီးပွားရေးကဏ္ဍများကိုမတည်ဆောက်နိုင်ဘဲသယံဇာတများကို ထုတ်ရောင်း နေရခြင်းမှရုန်းမထွက်နိုင်ဖြစ်ရသည်။	သဘာဝသယံဇာတမှ ရရှိသော ဝင်ငွေများတဲမှရာခိုင်နှုန်းတော်တော်များများကို အနာဂတ်ရင်းနှီးမြှုပ်နှံမှုအတွက် စုဆောင်းရန်ပုံငွေတစ်ရပ်ထူထောင်ပါ။ ၎င်းရံပုံငွေသည် နှစ်စဉ် အတိုး ကိုသုံးစွဲနိုင်ပြီး သယံဇာတများကုန်ခန်းသွားသည်တိုင်ဆက်လက် ရှိနေမည်။ အနာဂတ်တွင် မိမိဘာသာရပ်တည်လာနိုင်မည်အခြေခံအဆောတ်အဦကိုသာလျှင် ရင်းနှီးမြှုပ်နှံပါ။
၅	သယံဇာတတထုတ်လုပ်ရာဒေသအတွတ် အကျိုးအမြတ်ခံစားရမှု နည်းပါးလျှင်လူမှုပဋိပက္ခများနှင့် ပြည်တွင်းစစ်ကို ဖြစ်ပွားစေနိုင်သည်။	သယံဇာတမှရရှိသော အကျိုးအမြတ်များကို ရင်းနှီးမြှုပ်နှံသူများနှင့် ဒေသန္တရအစိုးရကြား၊ ဒေသန္တရအစိုးရနှင့် ဗဟိုအစိုးရကြား၊ ဗဟိုအစိုးရနှင့်တူးဖော်ထုတ်လုပ်ခြင်းရှိသည်ဒေသကြားသာ ညီတူညီမျှခွဲဝေရမည်။ ဒေသခံပြည်သူလူထုနှင့် ဒေသခံစီးပွားရေးလုပ်ငန်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိမှုကို ဦးစားပေးရမည်။
၆	စီးပွာရေးလုပ်ငန်းတွင်ဖြစ်နေကြဖြစ်သောစီမံခန့်ခွဲမှုညံ့ဖျင်းခြင်းနှင့် ရန်ပုံငွေများကို အလွဲသုံးစားပြုခြင်းတို့အားလျှို့ဝှက်ထားခြင်း စာရင်းပြောင်းပေးခြင်း၊ နိုင်ငံရေးနောက်ခံဖြင့်ပယ်ဖျတ်ခြင်းများပြုလုပ်ခြင်းကြောင့်ပဋိပတ္တနှင့် နိုင်ငံရေးမတည်ငြိမ်မှုကိုမြစ်ပေါ်စေသည်။	ဒီမိုကရေစီနည်းကျသော တာဝန်ခံနိုင်သော၊ပွင့်လင်းမြင်သာမှုရှိသော အုပ်ချုပ်မှုပုံစံကိုတည်ဆောက်ရမည်။ ၎င်းသည် လွှတ်လပ်စွာစာရင်းစစ်နိုင်ခြင်း၊ လုပ်ထုံးလုပ်နည်းများကို စောင့်ကြည့်လေ့လာနိုင်ခြင်း၊ ပြည်သူများပါဝင်နိုင် ခြင်းနှင့်သတင်းမီဒီယာ လွှတ်လပ်ခွင့်ရှိခြင်းများဖြင့် သဘာဝသယံဇာတမှရရှိသောဝင်ငွေကို လွှဲပြောင်းပေးခြင်းများနှင့် ရင်နှီးမြှုပ်နှံမှုများအား ကြီးကြပ်ကွပ်ကဲနိုင် သည်။

ငွေကြေးစီမံခန့်ခွဲမှုစံနမူနာများ

ပြည်ထောင်စုစနစ်ကျင့်သုံးသည့် နိုင်ငံများဖြစ်ကြသော အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ အာဂျင်တီးနား ၊ အာရပ်စော်ဘွားများပြည်ထောင်စုနှင့် တစ်ပြည်ထောင်စနစ်ကျင့်သုံးသော အရှေ့တီမော ၊ နော်ဝေတို့တွင် လက်တွေ့ကျင့်သုံးလျက်ရှိသည့် ဗဟိုချုပ်ကိုင်မှုလျှော့ချထားသော၊ ထိရောက်မှုရှိသော၊ ကြာရှည်တည်တံ့ခိုင်မြဲသော ငွေကြေးဆိုင်ရာစီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများမှ လေ့လာသင်ယူနိုင်ကြပါသည်။ (အသေးစိတ်ကို လေ့လာစရာဖြစ်ရပ် (၄)တွင်ကြည့်ပါ။)

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနှင့် ရေနံ၊သဘာဝဓာတ်ငွေ့နှင့် တွင်းထွက်များမှ ငွေကြေး ရယူနိုင်သည့် နည်းလမ်း(၃)ရပ်ရှိရာ–

(၁)၎င်းပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနှင့် သယံဇာတတူးဖော်ထုတ်လုပ်သည့်လုပ်ငန်းမှ အခွန်အခငွေကြေးများကို တိုက်ရိုက်ကောက်ခံခြင်းဖြင့်လည်းကောင်း။ (ကနေဒါ၊အမေရိကန်ပြည်ထောင်စုနှင့် အာဂျင်တီးနားကဲ့သို့)

(၂)၎င်းပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ၎င်းဒေသမှထွက်ရှိသော သယံဇာတမှရရှိသည့်ငွေကြေး၏သတ်မှတ် အချိုးအစားကို ဗဟိုအစိုးရထံမှ တိုက်ရိုက်လွှဲပြောင်းရရှိခြင်းဖြင့်လည်းကောင်း။ (နိုက်ဂျီးရီးယားနှင့် အင်ဒိုနီးရှားမှ သယံဇာတထွက်ရှိရာ ပြည်နယ်များကဲ့သို့)

(၃)၎င်းပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့သည် သယံဇာတထွက်ရှိရာဒေသကို ဦးစားပေးအနေနှင့် နိုင်ငံတော်ဘတ်ဂျက်မှတစ်ဆင့်လည်းကောင်း ရရှိနိုင်ပါသည်။

သဘာဝသယံဇာတကြွယ်ဝသည့်နိုင်ငံများတွင်လက်တွေ့ကျင့်သုံးနေသည့်ငွေကြေးစီမံခန့်ခွဲမှုစံနမူနာ(၃)မျိုး

(၁)ဘတ်ဂျက်နမူနာပုံစံ– ဘဏ္ဍာငွေကြေးများကို ဘတ်ဂျက်စနစ်မှတစ်ဆင့် တိုက်ရိုက်သုံးစွဲသည်။

(၂)ရန်ပုံငွေနမူနာပုံစံ– ရန်ပုံငွေအစိတ်အပိုင်းတစ်ရပ်အား စုဆောင်းထားရှိသောရန်ပုံငွေ၊ ဝင်ငွေတည်ငြိမ်ခိုင်မာမှုအတွက်ထားရှိသော ရန်ပုံငွေ၊ ရင်းနှီးမြှုပ်နှံမှုအတွက်ထားရှိသော ရန်ပုံငွေနှင့် အစုပေါ်အမြတ်ငွေများအဖြစ် အတန်းအစားအမျိုးမျိုးခွဲကာ တူးဖော်ထုတ်လုပ်ရာဒေသအားလည်းကောင်း၊ အစိုးရအသုံးစရိတ်အဖြစ်လည်းကောင်း၊ ကျန်းမာရေး၊ ပညာရေးနှင့် ဝတ်ဝန်းကျင်ကာကွယ်ရေး အတွက်လည်းကောင်း ပေးဝေသည်။

(၃)ပေါင်းစပ်နမူနာပုံစံ (အထက်ဖော်ပြပါနှစ်မျိုးအား ပေါင်းစပ်ထားသော ပုံစံမျိုး)

ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် တွင်းထွက်သယံဇာတများသည် အစားထိုးမရနိုင်သည့် သယံဇာတများဖြစ်သဖြင့် သယံဇာတကြွယ်ဝသောနိုင်ငံများသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရေရှည်တည်တံ့ခိုင်မြဲစေကြောင်း ရင်းနှီးမြှုပ်နှံစီမံနိုင်ရန် သဘာဝသယံဇာတရန်ပုံငွေများ ထူထောင်ထားရှိကြသည်။ ၎င်းစံနမူနာသည် လူကြိုက်များပြီး နိုင်ငံအများစု၌ နိုင်ငံတော်အဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့် နှစ်ခုစလုံးအတွက် လက်တွေ့ကျင့်သုံးလျက်ရှိကြသည်။ ယင်းကဲ့သို့ သဘာဝသယံဇာတရန်ပုံငွေထားရှိရခြင်း အကြောင်းရင်းမှာ အနာဂါတ်အတွက် စုဆောင်းထားရှိမှု၊ ကျယ်ပြန့်ကြီးမားသော စီးပွားရေး အဆောက်အဦးတည်ငြိမ်စေမှုနှင့် လူမှုစီးပွားအဆောက်အဦး ဖွံ့ဖြိုးတိုးတက်စေမှုတို့အတွက်ဖြစ်သည်။ အတိအကျနမူနာယူကာ ထပ်တူကျင့်သုံးရန် ပြီးပြည့်စုံသော နည်းလမ်းဟူ၍မရှိသော်လည်း လိုအပ်ချက်များကိုဖြည့်ဆည်းရန်အတွက် ရန်ပုံငွေတစ်ရပ်ကို ထူထောင်နိုင်ပေသည်။ လက်ရှိ၌ တစ်ကမ္ဘာလုံးတွင် နိုင်ငံပေါင်း(၂၃)နိုင်ငံ၌ သဘာဝသယံဇာတရန်ပုံငွေထားရှိကြပြီး ၎င်းကိုစီမံခန့်ခွဲမည့် ငွေကြေးစီမံခန့်ခွဲမှုစနစ်တစ်ရပ်ကိုလည်း ကျင့်သုံးနေကြသည်။

ကနေဒါ– သယံဇာတကြွယ်ဝသော ပြည်နယ်များသည် အခြားပြည်နယ်များထက် ဗဟိုအစိုးထံသို့ အခွန်အခမြင့်မားစွာ ပေးဆောင်ကြရသည်။ တိုင်းပြည်အတွင်း၌ ပြည်နယ်အားလုံးကို သတ်မှတ်ထားသော အနိမ့်ဆုံးအဆင့်အတန်း ရရှိစေရန်ဖြစ် သည်။ ဗဟိုအစိုးရသည် "တန်းတူညီမျှရေးငွေကြေး "ဟုခေါ်သော ထောက်ပံ့ငွေကို အခွန်အခဝင်ငွေများအားအသုံးပြု၍ ဆင်းရဲသောပြည်နယ်များသို့ ပေးဝေသည်။ ပိုင်ဆိုင်မှု၊စီမံခန့်ခွဲမှုနှင့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့်များကို အခွန်အခများနှင့် ခိုင်ကြေးများဟူ၍ အမျိုးအစားခွဲခြားပြီး ဗဟိုအစိုးရနှင့် သက်ဆိုင်ရာပြည်နယ် အစိုးရများမှ ကောက်ခံ သည်။

နော်ဝေ– အစိုးရသည် ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံကိန်းများတွင် ပူးတွဲပါဝင်ခြင်း အားဖြင့် ၎င်းကဏ္ဍ၌ အရေးပါ၍ ထိရောက်သောအနေအထားကို ရယူထားသည်။ သည့်အတွက် အစိုးရနှင့်ပြည်သူပြည်သားများအတွက် အကျိုးအမြတ် ခွဲဝေမှု ကြီးမား စွာရမှသာလျှင် ၎င်းရေနံနှင့် သဘာပဓာတ်ငွေ့သိုက်များအား အသုံးပြု မည် ဆိုခြင်းအား သေချာခိုင်မာစေသည်။ ထို့ပြင် ၎င်းသိုက်များအား အနာဂတ်အ တွက်လည်း ထိန်းသိမ်းထားရှိသည်။ နော်ဝေအစိုးရပင်စင်ရံပုံငွေ ဟုခေါ်သော သ ဘာဝသယံဇာတ စုဆောင်းရန်ပုံငွေသည် ကမ္ဘာတွင် အကြီးဆုံးဖြစ်ကာ အမေရိကန် ဒေါ်လာ (၈၈၂)ဘီလီယံရှိသည်။[၂၅]

အရှေ့တီမော–ရေနံရန်ပုံငွေတစ်ရပ်ထူထောင်ထားပြီး ၎င်းမှရရှိသောအတိုးငွေဖြင့် အစိုးရအဖွဲ့၏ အသုံးစရိတ်အားလုံးကို ကာမိစေရန်ဖြစ်သည်။ ဤနည်းလမ်းအားဖြင့် သယံဇာတများ ကုန်ခန်းသွားသောအခါ တိုင်းပြည်၏ဝင်ငွေအားလုံးကို အနာဂတ် အတွက် စုဆောင်းထားရှိနိုင်သည်။ ၎င်းရန်ပုံငွေကို စတင်ထူထောင်ပြီး ဆယ်နှစ်အကြာ ၂၀၁၄ ခုနှစ်ရောက်သောအခါ ရန်ပုံငွေသည် အမေရိကန်ဒေါ်လာ (၁၆.၅)ဘီလီယံအထိ ရောက်ရှိလာပြီး ၂၀၁၃–ခုနှစ်တွင် ရရှိသောအတိုးငွေသည် ယင်းနှစ် နိုင်ငံတော်ဘတ်ဂျက်၏ သုံးစွဲငွေထက် ပိုမိုများပြားနေခဲ့သည်။ ယင်းသည် ရန်ပုံငွေတစ်ခုတည်းဖြင့် နိုင်ငံ၏သုံးစွဲငွေကို ပြည့်စုံမှုဖြစ်စေကြောင်းညွှန်းဆိုလျက်ရှိနေသည်။ သို့ရာတွင် အစိုးရသည် ၂၀၀၉ ခုနှစ်၌ သတ်မှတ်ထားသည်ထက် ရန်ပုံငွေမှ ပို၍သုံးစွဲခဲ့သည်လည်းရှိသည်။ ခြုံ၍ပြောရလျှင် အစိုးရသည် အတည်တကျရန်ပုံငွေ ထူထောင်သည်မှစ၍ ရေနံနှင့်သဘာဝဓာတ်ငွေ့မှရသောငွေကြေး၏ (၃၁%)ကို သုံးစွဲခဲ့ပြီး(၆၉%) ကို စုဆောင်းခဲ့သည်။

အမေရိကန်ပြည်ထောင်စု၊အလက်စကားပြည်နယ်– ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေက ရေနံ၊ သဘာဝဓာတ် ငွေ့နှင့်တွင်းထွက်သယံဇာတမှရရှိသော ငွေကြေးမှ အနည်းဆုံး(၂၅)ရာခိုင်နှုန်းကို အမြဲတမ်းရန်ပုံငွေထူထောင်ရန်နှင့် အနာဂတ်မျိုးဆက် သစ်များအတွက် ရင်းနှီးမြှုပ်နှံရန် ပြဋ္ဌာန်းထားရှိသည်။ ရန်ပုံငွေမှရရှိ သောဝင်ငွေကို ဥပဒေပြုလွှတ်တော်၏ အတည်ပြုချက်ဖြင့်သာ သုံးစွဲခွင့်ရှိသည်။ အသုံးစရိတ်များထဲတွင် မိသားစုဆွေမျိုးမရှိသော နိုင်ငံသားများအား နှစ်စဉ်ထောက်ပံ့ကြေးလည်းပါဝင်သည်။ ၎င်းရန်ပုံငွေတွင် ဈေးနှုန်းမငြိမ်သက်ခြင်းကို ထိန်းညှိရန်နှင့် တာဝန်ခံမှုနှင့်ပွင့်လင်းမြင်သာမှုကို သေချာစေသောငှာ ကြီးကြပ်ကွပ်ကဲမှုပြုရန်အတွက် လုပ်ထုံးလုပ်နည်းများထားရှိသည်။

တခုလုံးကိုခြုံငုံမိစေသောသဘာဝသယံဇာတစီမံခန့်ခွဲမှု

ရေရှည်အတွက်မြော်မြင်တည်ဆောက်ခြင်း

ရေရှည်တည်တံ့ခိုင်မြဲသောဖွံ့ဖြိုးမှုများအတွက် စံများသတ်မှတ်ပြီးစီးပွားရေးစီမံကိန်းများဖော်ဆောင်ပါ

အခြေခံအဆောက်အဦးများတည်ထောင်ခြင်း

ဖွဲ့စည်းပုံအခြေခံဥပဒေ ၊ ဥပဒေရပ်များနှင့်မူဝါဒများကဲ့သို့ ဥပဒေဆိုင်ရာအခြေခံအုတ်မြစ်များကို တိုးတက်ကောင်းမွန်စေပြီး သဘာဝသယံဇာတစီမံကိန်းများကိုလက်တွေ့စီမံခန့်ခွဲမည့် အဖွဲ့အစည်းများတည်ထောင်ပါ

စီမံကိန်း၏ဖြစ်နိုင်ခြေအလားအလာများကိုဆန်းစစ်ပါ

စနစ်ကျသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ချင့်တွက်မှု၊တိုင်ပင်ဆွေးနွေးအကြံဉာဏ်ရယူမှုများ လူထုဆန္ဒခံယူပွဲများနှင့် ထိရောက်သောကြိုတင်လေ့လာအကဲဖြတ်မှုများကို စီမံကိန်းနယ်မြေအတွင်းလုပ်ဆောင်ပါ

စီမံကိန်း၏ MOU များကို အပြီးသတ်လုပ်ဆောင်ခြင်း

စာချုပ်ချုပ်ဆိုခြင်းနှင့် စီမံကိန်းအခြေပြု စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ခြင်းများကို ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ပြဋ္ဌာန်းဥပဒေများနှင့်အညီပွင့်လင်းမြင်သာမှုရှိစွာ အပြီးသတ်လုပ်ဆောင်ပါ

သယံဇာတများကိုပြည်တွင်း၌အကျိုးရှိစွာ အသုံးပြုခြင်း

စက်မှုလုပ်ငန်း ၊ လူ့အဖွဲ့အစည်းနှင့် မိသားစုဆိုင်ရာဦးစားပေးသတ်မှတ်ချက်များ ချမှတ်ပါ

သယံဇာတများကိုရောင်းချခြင်း

သယံဇာတများကိုပြည့်မီတည်ငြိမ်သော အကောင်းဆုံးနှုန်းထားဖြင့် ရောင်းချနိုင်အောင်လုပ်ပါ

ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်ကို စောင့်ကြည့်ခြင်း

ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများကိုလိုက်နာမှုရှိ/ မရှိနှင့်ဒေသတွင်း ပြည်သူလူထုနှင့် သဘာဝပတ်ဝန်းကျင် အား ပြဋ္ဌာန်းဥပဒေများ၊ နိုင်ငံတကာဥပဒေများနှင့်အညီ ကာကွယ်ထားမှု ရှိ/ မရှိစောင့်ကြည့်ရန်

ဝင်ငွေများကိုရေရှည်တည်တံ့စွာအသုံးပြုနိုင်ရန်စီမံခြင်းနှင့် ပြန်လည်ရင်းနှီးမြှုပ်နှံခြင်း

နိုင်ငံ၏စီးပွားရေးနှင့် ပြည်နယ်များ၏ စီးပွားရေးကိုသယံဇာတကျိန်စာ မသင့်ရအောင်ကာကွယ်ပါ။ ၎င်းတွင် သယံဇာတဝင်ငွေများနှင့် အသုံးစရိတ် များအပေါ် ဒီမိုကရေစီနည်းကျ တာဝန်ခံမှုနှင့်ပွင့်လင်းမြင်သာမှုရှိသော ကွပ်ကဲမှုများလုပ်ဆောင်ခြင်းနှင့် ၎င်းဝင်ငွေများကို လက်ရှိနှင့် အနာဂတ်အတွက် အကျိုးအမြတ်ရရှိအောင်ပြန်လည် ရင်းနှီးမြှုပ်နှံခြင်းတို့ ပါဝင် ရမည်။

သန့်စင်ရှင်းလင်းရေးနှင့်ပြည်လည်ထူထောင်ရေးလုပ်ငန်းများကို စောင့်ကြည့်ခြင်း

ပတ်ဝန်းကျင် ၊ ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထိခိုက်နစ်နာမှုများကိုနည်းနိုင်သမျှ နည်းစေရန်ပုဂ္ဂလိကနှင့် အများပြည်သူဆိုင်ရာရှင်းလင်းတိကျသော တာ ဝန်ခံမှုများနှင့် အမြင့်ဆုံးစံနှုန်းများ ကိုသတ်မှတ်ပါ

EITI သည်အဖြေရှာရန်တခုတည်းသောနည်းလမ်းမဟုတ်

မြန်မာနိုင်ငံတွင် တွင်းထွက်သယံဇာတအရင်းအမြစ်တူးဖော်ရေး စက်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ခြင်း(EITI) ၌ အစိုးရနှင့် လူမှုအဖွဲ့အစည်းများ ပူးပေါင်းပါဝင်လုပ်ဆောင်မှု တိုးမြှင့်စေရန်အတွက် များစွာသောငွေကြေး၊ ကြီးမားသော အားထုတ်မှုကိုအသုံးပြုကာ အလုပ်ရုံဆွေးနွေးပွဲများ၊ အလွှာပေါင်းစုံပါဝင်သော တွေ့ဆုံဆွေးနွေးပွဲများကို ပြုလုပ်ခဲ့ပြီးဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံသည် (EITI) ကိုယ်စားလှယ်လောင်း အသိအမှတ်ပြုနိုင်ငံ ဖြစ်လာခဲ့ပြီး တင်းပြည့်အဖွဲ့ဝင်ဖြစ်လာရန် ရည်ရွယ်ထားသည်။ ထို့ကြောင့် ၂၀၀၆ ခုနှစ်၊ ဇန္နဝါရီလတွင်(EITI)အတွင်းရေးမှူးရုံးသို့ မြန်မာနိုင်ငံသည် ပထမဆုံးအစီရင်ခံစာကို ပေးပို့သွားမည်ဖြစ်သည်။ သို့ရာတွင် (EITI) စံနှုန်းသတ်မှတ်ချက်အရ မြန်မာနိုင်ငံသည် ၎င်း၏တွင်းထွက် ကဏ္ဍမှရရှိသော ငွေကြေးများကို ဖော်ပြထားသည့်ငွေစာရင်းကို အများပြည်သူသို့ ချပြခြင်း ၊တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများကို တရားဝင်လိုင်စင်ရ လုပ်ကိုင်နေ–သူများ၊ ထုတ်လုပ်မှုဆိုင်ရာ အချက်အလက်များ၊ အစိုးရပိုင်လုပ်ငန်းများနှင့် သဘာဝသယံဇာတမှရရှိသော ဘဏ္ဍာငွေများအား မည်သို့မည်ပုံ ခွဲဝေအသုံးပြုကြောင်း စသည့်တို့ကို အများပြည်သူသိရှိစေရန် စာရင်းအင်းနှင့်တကွ ပွင့်–လင်း မြင်သာစွာချပြရန် လိုမည်ဖြစ်သည်။



(EITI) လုပ်ငန်းများသည် သယံဇာတများ တူးဖော်ထုတ်လုပ်ရေးစာချုပ်များ ချုပ်ဆိုရာတွင်လည်းကောင်း၊ ၎င်းမှရရှိသည့်ငွေကြေးများကို အများပြည်သူ ပွင့်လင်းမြင်သာစွာ သိရှိစေရန်တွင်လည်းကောင်း၊ ယခုထက်ပို၍ တိုးတက် ကောင်းမွန်စေရန်အတွက် လိုအပ်သည်မှန်သော်လည်း သယံဇာတများ တူးဖော် ထုတ်လုပ်ခြင်းဆိုင်ရာမူဝါဒများ တိုးတက်ကောင်းမွန်လာစေရေး၊ယင်းနှင့်စပ် လျဉ်း၍ ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပြည်သူများကိုယ်တိုင် ပါဝင်ခွင့်ရစေရေး၊ ထင်းမှရရှိသည့်ငွေကြေးများကို ဒေသတွင်း၌ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုး တိုးတက်မှုများ ဖြစ်ထွန်းလာအောင် ရင်းနှီးမြှုပ်နှံပေးခြင်း စသည့်အချက်များကို လျစ်လျူရှုလျက် အဖိုးထိုက်သော ကွင်းဆက်တစ်ခု၏ တစ်ဖက်တည်းကိုသာ တစ်ဖက်စောင်းနင်းချဉ်းထပ်၍ အလေးပေးမည်ဆိုပါက လွန်စွာရက်ဖွယ်ပင် ဖြစ် ပေလိမ့်မည်။ သို့ဖြစ်၍ မြန်မာနိုင်ငံ၏ (EITI) အားထုတ်မှုများသည် ရေ ရှည်ခိုင်မာပြီး အများပြည်သူ တိုးတက်မှုရရှိစေအောင် အထောက်အကူပြုနိုင် ခြင်းမရှိဘဲ တိုင်းပြည်၏ သဘာဝသယံဇာတများအပေါ် ရင်းနှီးမြှုပ်နှံမှုများတိုး လာစေလိုရင်းသာ ဖြစ်နေမည်ဆိုပါက တိုင်းပြည်အား သယံဇာတကျိန်စာဆိုး အတွင်းသို့ ပိုမိုနွံနစ်အောင် နှစ်ရာရောက်နေပေလိမ့်မည်။

လေ့လာချက် (၁)

သဘာဝသယံဇာတ ပဋိပက္ခ

တန်းဖိုးကြီးမားသောသဘာဝသယံဇာတတူးဖော်ထုတ်လုပ်ကြမှုများသည် အင်ဒိုနီးရှား၊ပါပူးပါးနယူးဂီနီ၊ ဆူဒန်နှင့် ဖိလစ်ပိုင်နိုင်ငံများတွင်လည်း ပဋိပက္ခဖြစ်ပွား စေရသောအဓိက အကြောင်းရင်းပင်ဖြစ်ပါသည်။ သဘာဝသယံဇာတပိုင်ဆိုင်မှု၊ ၎င်းကိုစီမံခန့်ခွဲမှုနှင့် ၎င်းမှရရှိသောငွေကြေးစသည်တို့သည်ပြီးခဲ့သည့်ဆယ်စုနှစ်အတွင်း ၎င်းတိုင်းပြည်များ၌ငြိမ်းချမ်းရေးသဘောတူညီချက်များရယူကြရာတွင် ဦးစားပေးဆွေးနွေးကြရသော အချက်များဖြစ်သည့်။ ၎င်းဖြစ်ရပ်များထဲမှ များစွာလေ့လာသင်ယူနိုင်ပါသည်။

အာချေးဒေသ၊အင်ဒိုနီးရှား

သဘာဝသယံဇာတကြောင့် ပဋိပက္ခဖြစ်ပွားရခြင်း

၁၉၇၁ ခုနှစ်တွင် အာရမ်ဒေသ ကမ်းလွန်ပင်လယ်ပြင်၌ သဘာဝဓာတ်ငွေ့အမြောက်အများ ရှာဖွေတွေ့ရှိခြင်းက အာချေးပြည်သူများနှင့် အင်ဒိုနီးရှားဗဟိုအစိုးရကြား ဖြစ်ပွားခဲ့ရသော နှစ်(၃၀)ကြာ ပြည်တွင်းစစ်ကို စတင်ပေါက်ကွဲစေခဲ့သည်။ အင်ဒိုနီးရှားနှင့် အမေရိကန်ဖက်စပ် ဓာတ်ငွေ့တူးဖော်ထုတ်လုပ်ရေးကုမ္ပဏီသည် အာချေးပြည်သူများကို မကျေနပ်မှုများ ကြီးစွာဖြစ်စေခဲ့သည်။ အကြောင်းမှာ အာချေးဒေသအစိုးရအဖွဲ့သည် စီမံကိန်းမှရရှိသည့်ငွေကြေး (၅)ရာခိုင်နှုန်းမျှသာလျှင် ရရှိခဲ့သောကြောင့်ဖြစ်သည်။ ဤအချက်သည် ၁၉၇၆ ခုနှစ်တွင် လက်နက်ကိုင်စွဲသည့်" အာချေးလွတ်မြောက်ရေးအဖွဲ့" (GAM) ကို ပေါ်ပေါက်စေခဲ့သော အဓိကတွန်းအားတစ်ခုဖြစ်သည်။[၂၆] GAM ၏ အဓိက ပစ်မှတ်မှာ ဆောက်ရွက်နေသည့် Exxon Mobil Company ၏ လုပ်ငန်းအဆောက်အဦးများနှင့် အင်ဂျင်နီယာများပင်ဖြစ်သည်။ ၁၉၇၆–ခုနှစ်မှ ၂၀၀၅–ခုနှစ်အတွင်း လက်နက်ကိုင်စွဲဖြစ်ပွားခဲ့ရသော ၎င်းပဋိပက္ခတွင် ငြိမ်းချမ်းရေးသဘောတူညီချက်ရသည်အထိ လူပေါင်း ၁၅၀၀၀ အသက်ဆုံးရှုံးခဲ့ကြရသည်။

ငြိမ်းချမ်းရေးသဘောတူညီချက်

GAM နှင့် အင်ဒိုနီးရှားအစိုးရတို့၏ ကျယ်ပြန့်သောစေ့စပ်ဆွေးနွေးမှုတွင် သဘာဝဓာတ်ငွေ့အပါအဝင် သဘာဝသယံဇာတများကို တရားနည်းလမ်းတကျ မျှကစွာခွဲဝေရေးသည် အဓိကအချက်တစ်ချက်ဖြစ်ခဲ့သည်။ ၂၀၀၅–ခုနှစ် ငြိမ်းချမ်းရေးသဘောတူညီချက်အရ ၂၀၀၆–ခုနှစ်တွင် အာချေးဒေသအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အထူးဒေသဟု တရားဝင်သတ်မှတ်ခဲ့ပြီး GAM သည် သဘာဝဓာတ်ငွေ့ရောင်းချမှုမှ ရရှိသောအမြတ်ငွေ၏ (၇၀)ရာခိုင်နှုန်းကိုအာချေးပြည်နယ်မှရရှိရမည်ဟူသည့် သဘောတူညီမှုတစ်ခုရရှိအောင် စေ့စပ်ဆွေးနွေးနိုင်ခဲ့သည်။ ယင်းကို အင်ဒိုနီးရှားဗဟိုအစိုးရမှ ဓာတ်ငွေ့ရောင်းချပြီးနောက် အာချေးပြည်နယ်အစိုးရသို့ ခွဲဝေပေးရမည်ဖြစ်သည်။ ၂၀၀၆–ခုနှစ်တွင် ဥပဒေအရ အာချေးပြည်နယ်သည် သတ္တုတွင်းများ၊ သစ်တောများနှင့် ငါးဖမ်းကွက်များအပေါ်တွင် စီမံခွင့်အပြည့်အဝရရှိမည်ဖြစ်ပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့ကိုမူ အသစ်ဖြစ်ပေါ်လာသော ပူးတွဲပြဋ္ဌာန်းချက်အတိုင်း ဗဟိုအစိုးရနှင့် ပူးတွဲစီမံခန့်ခွဲမည်ဖြစ်သည်။[၂၇]

ရလဒ်များ– သဘောတူညီချက်များရရှိပြီးဖြစ်သော်လည်း အင်ဒိုနီးရှားဗဟိုအစိုးရသည် အာချေးပြည်နယ်သို့ အကျိုးအမြတ်များခွဲဝေပေးရန် နှောင့်နှေးနေခဲ့သည့်အတွက် ၎င်းတို့နှစ်ဖွဲ့ကြားတွင် ပဋိပက္ခများပြန်လည်ဖြစ်ပွားစေခဲ့သည်။ ၂၀၀၆–ခုနှစ်တွင် ဥပဒေပြဋ္ဌာန်းလိုက်ပြီး ကိုးနှစ်အကြာ ၂၀၁၅ ခုနှစ် ရောက်သည်တွင်မှ ပူးတွဲစီမံခန့်ခွဲရေးအဖွဲ့ဖြစ်သော (အာချေးရေနံနှင့်သဘာဝဓာတ်ငွေ့စီမံခန့်ခွဲရေးအဖွဲ့) (BPMA) သည် ရုပ်လုံးပေါ်ကာစပင်ရှိ

သေးသည်။ ၎င်းသည် စမ်းသပ်အတွေ့အကြုံယူနေရဆဲကာလ၌ရှိစဉ် အာချေး၏ သဘာဝဓာတ်ငွေ့သိုက်များမှာ ကုန်ခန်းလုနီးပါးရှိနေခဲ့ပြီဖြစ်သည်။ ငြိမ်းချမ်းရေး သဘောတူစာချုပ်တွင် အသေးစိပ်အချက်အလက်များမဖော်ပြထားသည်ကိုအကြောင်းပြု၍ အင်ဒိုနီးရှားအစိုးရသည် သဘာဝဓာတ်ငွေ့အခန်းကဏ္ဍကို လက်ရှိတွင် အပြည့်အဝထိန်းချုပ်ကာ စီမံခန့်ခွဲပိုင်ခွင့်ရရှိနေသည်။

ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိအောင် ဦးဆောင်စေ့စပ်ဆွေးနွေးခဲ့သူ၊ GAM ၏ စစ်ဦးစီးချုပ်လည်းဖြစ်၍ အာချေးပြည်နယ်အုပ်ချုပ်ရေးမှူးလည်းဖြစ်သူ Irwandi Yusuf က ၂၀၀၈–ခုနှစ်တွင် “*ငြိမ်းချမ်းရေးသဘောတူစာချုပ်မှာ သဘာဝဓာတ်ငွေ့ကရရှိတဲ့ငွေကြေးတွေကို ဘယ်သူတွေထိန်းသိမ်းကွပ်ကဲကိုင်တွယ်မယ်လို့ မပါရှိပါဘူး၊ ပြီးတော့ နောက်ထပ်အသစ်အသစ်သောရှာဖွေတူးဖော်မှုတွေအတွက် ဘယ်သူ့မှာ လိုင်စင်ထုတ်ပေးပိုင်ခွင့်ရှိတယ်လို့လည်း မဖော်ပြထားပါဘူး၊ Law Governing Aceh (LOGA) အရဆိုရင်တော့ ဗဟိုအစိုးရနဲ့ အာချေးအစိုးရတို့ ပူးတွဲစီမံရမယ်လို့ပဲဆိုပါတယ်၊ ဒီအချက်ကို MOU လက်မှတ်ထိုးစဉ်ကတည်းက ရှင်းရှင်းလင်းလင်း လုပ်ခဲ့သင့်ပါတယ်*” ဟု ပြန်လည်သုံးသပ်ပြောဆိုခဲ့သည်။[၂၇]

ဘိုဂိန်းဗီးလီးဒေသ (ပါပူးဝါးနယူးဂီနီနိုင်ငံ)

သဘာဝသယံဇာတကြောင့် ပဋိပက္ခဖြစ်ပွားရခြင်း

၁၉၆၉–ခုနှစ်တွင် ဘိုဂိန်းဗီးလီးဒေသ၌ ကြီးမားသောကြေးနီရိုင်းသိုက်ကို ရှာဖွေတွေ့ရှိခဲ့မှုသည် ၎င်းဒေသ၌ နှစ်ပေါင်းသုံးဆယ်ကြာမြင့်သော အတိဒုက္ခဆိုးကို စတင်ကျရောက်စေခဲ့ခြင်းပင်ဖြစ်သည်။ ၎င်းပန်ဂူးနားသတ္တုတွင်းသည် ကမ္ဘာပေါ်တွင် အကြီးမားဆုံးသော ပက်လက်သတ္တုတွင်းဖြစ်ပြီး၊ ပါပူးဝါးနယူးဂီနီဗဟိုအစိုးရ၏ နိုင်ငံခြားပို့ကုန်မှရရှိသော ဘဏ္ဍာငွေ၏ တစ်ဝက်နီးပါးကို ရရှိစေခဲ့သည်။[၂၉] ၁၉၈၉–ခုနှစ်တွင် ဒေသခံရွာသားများအနေနှင့် အခြားရွေးချယ်စရာလမ်းမရှိတော့သည် အခြေအနေ၌ ပိတ်မိနေကြရသည့်အတွက် သူတို့၏ ဆုံးရှုံးခဲ့ရသောမြေများနှင့် ရသင့်ရထိုက်သောအခွင့်အရေးများကို ပြန်လည်ရယူနိုင်ရန် ဘိုဂိန်းဗီးလီးတော်လှန်ရေးတပ်မတော်ကိုတည်ထောင်ကာ လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့ကြသည်။ ပါပူးဝါးနယူးဂီနီအစိုးရစစ်တပ်သည် မြေလှန်စနစ်ကိုကျင့်သုံးကာ ကျွန်းအား အင်အားသုံးပိတ်ဆို့ပြီး အရပ်သားများအပေါ် လူမဆန်သောရက်စက်မှုများကို တစ်သီတစ်တန်းကြီး ကျူးလွန်ခဲ့သည်။[၃၀] ဤကဲ့သို့လက်တုန့်ပြန်မှုက ဒေသခံဘိုဂိန်းဗီးလီး ပြည်သူများ၏ မကျေနပ်မှု၊ ခါးသီးနာကျည်းမှု၊ ရေကုန်ရေခန်းခုခံတော်လှန်မှုတို့ကို မီးထိုးပေးသည့်နှယ်ဖြစ်ခဲ့သည်။ ဤပြည်တွင်းစစ်သည် ပစိဖိတ်ဒေသ၌ ဒုတိယကမ္ဘာစစ်နောက်ပိုင်းတွင် အကြီးမားဆုံးဖြစ်ခဲ့ကာ ဆယ်စုနှစ်တစ်ခုမကြာမြင့်မီမှာပင် ဒေသလူဦးရေ၏ ရှစ်ပုံတစ်ပုံမျှသော နှစ်သောင်းနီးဝါး အသက်ဆုံးရှုံးခဲ့ရသည်။[၃၁]

သို့ရာတွင် ဒေသခံစိုက်ပျိုးရေးနှင့် သစ်တောအဖွဲ့အစည်းများအတွက်မူ ၎င်း သတ္တုတွင်းသည် မြေဆီသြဇာကောင်းမွန်သော စိုက်ပျိုးမြေများကို သိမ်းပိုက်နေရုံမျှမက ပတ်ဝန်းကျင်နှင့် ရေအရင်းအမြစ်ကိုပါ များစွာညစ်ညမ်းစေသည်။ သတ္တုတွင်းလုပ်ငန်းများကို ကျယ်ပြန့်စွာတိုးချဲ့လုပ်ကိုင်ခြင်းအားဖြင့် ဒေသခံ လူမှုအသိုင်းအဝိုင်းများမှာ တဖြည်းဖြည်းတွန်းထုတ်ခံနေရစဉ်တွင် ပါပူးဝါးနယူးဂီနီပြည်မမှ ကျွမ်းကျင်လုပ်သား များနှင့် အခြားသော ပြောင်းရွှေ့ရောက်ရှိလာကြသူအမျိုးမျိုး တို့သည် ဘိုဂိန်းဗီးလီးကျွန်းဗေါ်သို့ စုပြုံ ရောက်ရှိလာကြသည်။

ငြိမ်းချမ်းရေးသဘောတူညီချက်

ငြိမ်းချမ်းရေးဆွေးနွေးမှုများ တစ်သီတစ်တန်းကြီးပြုလုပ်ကြပြီးနောက် ၁၉၉၇ ခုနှစ် အပစ်အခတ်ရပ်စဲရေးသည် နှစ်ဖက်စလုံးကို စေ့စပ်ဆွေးနွေးရေးစားပွဲပေါ်သို့ ရောက်ရှိစေခဲ့သည်။ ဘိုဂိန်းဗီးလီးကျွန်းသားများနှင့် ဗဟိုအစိုးရတို့၏ ငြိမ်းချမ်းရေးသဘောတူညီချက်သည် ၂၀၀၁–ခုနှစ်တွင် တရားဝင်အတည်ဖြစ်ခဲ့သည်။ ၎င်းပြင် လုံးဝလွတ်လပ်ရေးအတွက် လူထုဆန္ဒခံယူပွဲကြီးတစ်ခုကို ၂၀၂၀–ခုနှစ်တွင် အစမ်းသဘောကျင်းပရန် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာမခံချက်ပေးခဲ့သည်။[၂၂] ငြိမ်းချမ်းရေးသဘောတူစာချုပ်အရ သဘာဝသယံဇာတများ၏ ပိုင်ဆိုင်မှုမှာ ယခင်အတိုင်း ဗဟိုအစိုးရကသာ ဆက်လက်ပိုင်ဆိုင်မည်ဖြစ်သော်လည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဘိုဂိန်းဗီးလီးအစိုးရအနေနှင့် သယံဇာတများအပေါ် ထိန်းချုပ်ပိုင်ခွင့်နှင့် စီမံပိုင်ခွင့်ရရှိမည်ဖြစ်သည်။ သို့ရာတွင် ယင်းကို ၂၀၁၄–ခုနှစ်တွင်ပြဋ္ဌာန်းသည် ဘိုဂိန်းဗီးလီးဒေသ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သဘာဝသယံဇာတဥပဒေတို့ အတည်ပြုချက်ရသည်အထိ ဆိုင်းငံ့ထားခဲ့ရသည်။[၂၃] ဗဟိုအစိုးရ၏ သယံဇာတအပေါ်ချုပ်ကိုင်မှု အာဏာအားခွဲဝေလျှော့ချရေးလုပ်ငန်းစဉ်သည် ၂၀၀၈[၂၄]–ခုနှစ်တွင်စတင်ပြီး လွတ်လပ်ရေးရပြီး(၁၀)နှစ်အကြာ ၂၀၁၄–ခုနှစ်တွင် အဆုံးသတ်ခဲ့သည်။

ရလဒ်များ

ယနေ့အချိန်တွင် ပန်ဂူနာကြေးနီသတ္တုတွင်းသည် ပိတ်သိမ်းထားပြီး တောပင်ထနေပြီဖြစ်သည်။ ၎င်းသတ္တုတွင်း၏ ရှယ်ယာအများစုကို ဩစတြေးလျသတ္တုတွင်းကုမ္ပဏီ (RioTinto) ကပိုင်ဆိုင်ထားခဲ့ကတည်းကပင် ဘိုဂိန်းဗီးလီး၌ နောက်ထပ်သတ္တုရှာဖွေရေးများ ပြန်လည်မစတင်ရန် ကြီးမားသောသတိပေးချက်ထားရှိပြီးဖြစ်သည်။ ၂၀၀၁–ခုနှစ်တွင် ငြိမ်းချမ်းရေးသဘောတူညီချက်နှင့်အညီ ဘိုဂိန်းဗီးလီး ကိုယ်ပိုင်အုပ်ချုပ်ရေးအစိုးရသည် ၂၀၁၄–ခုနှစ် တွင် ဘိုဂိန်းဗီးလီးကျွန်း၏ တွင်းထွက်သယံဇာတအပေါ် လုပ်ပိုင်ခွင့်အပြည့်အဝရရှိခဲ့သည်။ ၂၀၁၅–ခုနှစ်၊မတ်လတွင်ဘိုဂိန်းဗီးလီးကိုယ်ပိုင်အုပ်ချုပ်ရေးအစိုးရသည် ၎င်းတို့၏ ပထမဆုံး သတ္တုတွင်းဥပဒေကို အတည်ပြုခဲ့သည်။ ၎င်းသည် ကိုယ်ပိုင်ထိန်းချုပ်ခွင့်ကို အသက်ဝင်စေလိုက်ခြင်းပင်ဖြစ်သည်။ ယင်းဥပဒေက ပုဂ္ဂလိကမြေယာပိုင်ဆိုင်မှု၊ မိရိုးဖလာမြေ ယာပိုင်ဆိုင်မှုတို့ကို အသိအမှတ်ပြု–ခဲ့ပြီး ၎င်းမြေယာများ၏ မြေပေါ်မြေအောက်တွင် မည်သည့်တူးဖော်မှုကိုမဆို တစ်ချက်လွှတ်ငြင်းပယ်နိုင်သည့် အခွင့်အရေးကိုလည်းဝေးခဲ့သည်။ ဥပဒေက မြေပိုင်ဆိုင်သူများအား ၎င်းတို့၏မြေ၌တူးဖော်သည် မည်သည့်တူးဖော်ထုတ် လုပ် မှုကိုမဆို ဘိုဂိန်းဗီးလီးအစိုးရနှင့်အတူ ငွေကြေးအကျိုးအမြတ်ခွဲဝေရယူပိုင်ခွင့်ကိုလည်း ပေးအပ်ခဲ့သည်။[၂၅] ဥပဒေသစ်သည် သတ္တုတူးဖော်မှုလုပ်ငန်း၏ ဆယ်စုနှစ်တစ်စုကြာရပ်နားထားမှုကို အဆုံးသတ်စေလိုက်သည့်သဘောဆောင်ပြီး ပြည်သူလူထုအား အကာအကွယ်ပေးသကဲ့သို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများအတွက် ဘိုဂိန်းဗီးလီးအစိုးရအား အခြားရွေးစရာ နည်းလမ်းများရှာဖွေရန် မက်လုံးတစ်ခုပေးခဲ့သည်။

သို့ရာတွင် ဘိုဂိန်းဗီးလီးကျွန်း၏ မြောက်ပိုင်းဒေသမှ လက်မှတ်ရေးထိုးတောင်းဆိုသူ(၇၀၀)ခန့်က ဥပဒေသစ်သည် အပြင်ပန်းအားဖြင့် တိုးတက်မှုကိုဆောင်သော ဥပဒေသာဖြစ်သည်ဟု ဝေဖန်ထောက်ပြခဲ့သည်။ အကြောင်းမှာယင်းဥပဒေအား သတ္တုတွင်းကုမ္ပဏီများနှင့် ငွေကြေးအရ တိုက်ရိုက်ဆက်စပ်မှုရှိသော အင်္ဂလန်မှ (UK consultancy Adam Smith International)က ရေးဆွဲခဲ့သောကြောင့်ပင်ဖြစ်သည်။[၂၆]

လေ့လာချက်(၂)

ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံများတွင် သဘာဝသယံဇာတပိုင်ဆိုင်မှုအပေါ် ဗဟိုအစိုးရ၏ ချုပ်ကိုင်မှုအာဏာလျှော့ချထားမှုများ

နိုင်ငံ	ရေနံနှင့်သဘာဝဓါတ်ငွေ့၏ အရေးပါမှု	သယံဇာတပိုင်ဆိုင်မှု
မြန်မာနိုင်ငံ (တိုင်းဒေသကြီး(၈)ခုနှင့် ပြည်နယ်(၇)ခု စုပေါင်းထားသောတစ်ဝက်တစ်ပျက် အရပ်သားအစိုးရ)	သဘာဝဓာတ်ငွေ့ရောင်းချမှုသည်၂၀၁၄–ခုနှစ်တွင် ပြည်ပပို့ကုန်၏(၃၅%) ဖြစ်ပြီး ပြည်တွင်းအဆားတင်ကုန်ထုတ်လုပ်မှု၏(၅%)ဖြစ်သည်။ [၃၇]	ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၃၇)(က)အရ နိုင်ငံတော်သည် နိုင်ငံတော်ရှိမြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတ ပစ္စည်းအားလုံး ပင်ရင်းပိုင်ရှင်ဖြစ်သည်။ [၃၈]
အမေရိကန်ပြည်ထောင်စု (ပြည်နယ်ပေါင်း(၅၀)ပါဝင်၍ ပြည်ထောင်စုစနစ်ဖြင့်ဖွဲ့စည်း ထားသည်။)	ကမ္ဘာ့အကြီးဆုံး သဘာဝဓာတ်ငွေ့ထုတ်လုပ်သူနှင့် ကမ္ဘာ့ တတိယအကြီးဆုံး ရေနံစိမ်းထုတ်လုပ်သည် နိုင်ငံ။ [၃၉]	**မြေယာ** – မြေယာပိုင်ဆိုင်မှုကိုပြည်ထောင်စုပိုင်၊ ပြည်နယ်ပိုင်နှင့်ပုဂ္ဂလိကပိုင်ဟူ၍ ခွဲခြားထားသည်။ ပိုင်ဆိုင်သူအသီးသီးသည် ၎င်းတို့မြေယာများ၏ မြေပေါ်မြေအောက်ရှိသယံဇာတအားလုံးကိုပိုင်ဆိုင်သည်။[၄၀] ပြည်ထောင်စုအစိုးရသည် အမေရိကန်နိုင်ငံ တစ်ခုလုံးမြေဧရိယာ၏(၃၀)ရာခိုင်နှုန်းခန့် ပိုင်ဆိုင်သည်။ [၄၁] **ပင်လယ်** –ပင်လယ်ရေအောက်ရှိသယံဇာတများနှင့်ပတ်သက်၍၁၉၅၃–ခုနှစ်တွင်ပြဋ္ဌာန်းသည့် ကွန်ဂရက်အက်ဥပဒေများဖြစ်သော ‘ရေအောက်ရှိ မြေယာအက်ဥပဒေ’နှင့်‘တိုက်၏ တမ်းဦးရေတိမ်ပိုင်းအလွန်ရှိမြေများအငှားချခြင်းအက်ဥပဒေ’ တို့တွင် အသေးစိတ်ဖော်ပြထားသည်။ပင်လယ်တမ်းရိုးတန်းပြည်နယ်များသည် ကမ်းရိုးတန်းမှ(၃)မိုင်မှ (၁၀)မိုင်အတွင်းရှိ သယံဇာတများ အားပိုင်ဆိုင်ပြီး စီမံခွင့်ရရှိသည်။(ယင်းသည် ပြည်နယ်များနှင့် ပြည်ထောင်စုအစိုးရကြား မူလသဘောတူညီချက်အပေါ်မူတည်သည်။) ပြည်ထောင်စု အစိုးရသည် ယင်း(၁၀)မိုင်အလွန်မှစတင်၍ ပိုင်ဆိုင်ခွင့်ရှိသည်။ ယင်းဥပဒေတွင် တမ်းရိုးတန်းပြည်နယ်များအတွက် ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာစီမံခန့်ခွဲမှု အသေးစိတ် လုပ်ထုံးလုပ်နည်းများ ပါဝင်သည်။ [၄၂]

အာဂျင်တီးနား (ဒေသန္တရနယ်(၂၃)နယ်ဖြင့် ပြည်ထောင်စုဖွဲ့စည်းထားသည်။)	ကမ္ဘာ့တွင်ရေနံထုတ်လုပ်မှု၌ (၂၇)ခုမြောက်နေရာနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု၌ (၂၆) ခုမြောက်နေရာတွင်ရှိသည်။ [၄၃] သယံဇာတထွက်ကုန်သည်တိုင်းပြည်၏စုစုပေါင်းအသားတင်ထုတ်ကုန်၏ (၆.၅) ရာနှုန်းသာရှိသည်။ သယံဇာတ၏(၁၀)ရာနှုန်းကိုသာပြည်ပသို့တင်ပို့သည်။ အထူးသဖြင့်တစ်ပြည်လုံးကိုယ့်အားကိုယ်ကိုးလျှပ်စစ်စွမ်းအင်ရရှိသည်။ ရေနံနှင့်သဘာဝဓာတ်ငွေ့သယံဇာတအများစုသည်လူဦးရေနည်းပါးသောတိုင်းပြည်၏အနောက်ဖက်ဒေသ(၈)ခုတွင်အများဆုံးတည်ရှိသည်။ ၎င်းမြည်နယ်များရှိ လူဦးရေသည်တစ်ပြည်လုံး၏(၁၆)ရာနှုန်းသာရှိသည်။	**မြေယာ** – ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် (၁၂၄) အရ “ မိမိတို့နယ်မြေပိုင်နက် အတွင်းတည်ရှိသော သယံဇာတများကိုသက်ဆိုင်ရာ ဒေသများကသာ မူရင်းပိုင်ရှင်ဖြစ်သည်။ [၄၄]”ဒေသန္တရများ၏သယံဇာတပိုင်ဆိုင်မှုကို ၁၉၉၂–ခုနှစ်ပြည်ထောင်စုဥပဒေ (နိုင်ငံတော်ဥပဒေ၏(၂၄.၁၄၅)နှင့်(၂၆.၁၉၇) အရအသိအမှတ်ပြုပြီး ၁၉၉၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥဝဒေပြင်ဆင်ရာ၌ တရားဝင်ပြဌာန်းခဲ့သည်။) ဖွဲ့စည်းပုံအခြေခံဥပဒေပြန်လည်မပြင်ဆင်မီက ထားရှိခဲ့သော သဘောတူညီချက်သက်တမ်းကုန်ဆုံးသည်ထိ ရေနံမြေများ အားလုံး၏ ပိုင်ဆိုင်ခွင့်သည်ပြည်ထောင်စုအစိုးရ လက်ဝယ်တွင်ရှိခဲ့သည်။ [၄၅] **ပင်လယ်** – ဗဟိုပြည်ထောင်စု အစိုးရသည် ကမ်းရိုးတန်းမှ (၁၂)မိုင်နှင့် မိုင် (၂၀၀) ကြားရှိ ကမ်းလွန်သယံဇာတများကို ဆက်လက်ချုပ်ကိုင်ထိန်းချုပ်ထားသည်။
အာရပ်စော်ဘွားများပြည်ထောင်စု (စော်ဘွားနယ်မြေ(၇)ခုဖြင့်ပြည်ထောင်စုဖွဲ့စည်းထားသည်။)	သဘာဝသယံဇာတထုတ်လုပ်မှုအပေါ်တွင်အဓိကအားထားမှီခိုနေရပြီးနိုင်ငံဝင်ငွေ၏(၆၀)ရာနှုန်းကိုရေနံနှင့်သဘာဝဓာတငွေ့တင်ပို့ခြင်းမှရရှိကာယင်းသည်တိုင်းပြည်၏အသားတင်စုစုဝေါင်းထုတ်ကုန်၏(၂၅)ရာခိုင်နှုန်းရှိသည်။[၄၆]	ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၂၃) အရ စော်ဘွားနယ်မြေတိုင်းသည် ၎င်းတို့နယ်မြေပိုင်နက်အတွင်းရှိ သယံဇာတများကို လုံးဝပိုင်ဆိုင်ခွင့်ရှိကြောင်း “စော်ဘွားနယ်မြေတစ်ခုစီအတွင်းရှိ သဘာဝသယံဇာတများနှင့်ဓနဥစ္စာများအား ယင်းနယ် မြေရှိပြည်သူများက ပိုင်ဆိုင်ကြသည် ” ဟုဖော်ပြထားသည်။

အီရတ် (ဒေသန္တရ နယ်မြေ(၁၉) ခုဖြင့်ပြည်ထောင်စု ဖွဲ့စည်းထားသည်။)	ကမ္ဘာ့အကြီးဆုံးရေနံထုတ်လုပ်သည့်နိုင်ငံများတွင် အဆင့်(၉)နေရာတွင်ရှိသည်။ [၆၇] အရန်အဖြစ်ထားရှိသော သဘာဝသယံဇာတများမှာ နိုင်ငံမြောက်ပိုင်းရှိ ကာဒစ်ရှ်တိုင်းရင်းသားနယ်မြေတွင် ရှိသည်။	၂၀၀၅–ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ“ ရေနံနှင့် သဘာဝဓာတ်ငွေ့များကို ပြည်နယ်နှင့် ဒေသန္တရနယ်မြေများအတွင်းရှိ အီရတ်ပြည်သူအားလုံးကပိုင်ဆိုင်သည်။(အပိုဒ်–၁၁၁)” ရှင်းလင်းပြတ်သားမှုမရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပိုင်ဆိုင်မှုနှင့် နောက်ဆက်တွဲ စီမံပိုင်ခွင့်အာဏာ (အပိုဒ်–၁၁၂) ကြောင့် ဗဟိုအစိုးရနှင့်ကာဒစ်ရှ်ပြည်သူတို့ကြား ပဋိပက္ခများခြင်းထန်စွာဖြစ်ပွားခဲ့ရသည်။

မြန်မာနိုင်ငံတွင် ရေနံ့မြေကို ပြည်ထောင်စုအစိုးရကပိုင်ဆိုင်ထားသည်

လေ့လာချက်(၃)

ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံများတွင်သဘာဝသယံဇာတများအား ထိန်းချုပ်မှုနှင့်စီမံခန့်ခွဲမှုများ အပေါ် ဗဟိုအစိုးရ၏ချုပ်ကိုင်မှုအာဏာလျှော့ချထားမှုများ

ကမ္ဘာတစ်လွှားရှိ ပြည်ထောင်စုနိုင်ငံများတွင် ၎င်းတို့၏သဘာဝသယံဇာတများအား စီမံခန့်ခွဲရန်အတွက်မူဘောင် အမျိုးမျိုးချမှတ်ထားရှိကြရာ အောက်တွင်ဇယားဖြင့်ဖော်ပြထားသော လေ့လာစရာဥပမာများထဲမှ အရေးကြီးသော သင်ခန်းစာယူစရာများကို ထုတ်နုတ်ဆင်ခြင်နိုင်ပါသည်။

နိုင်ငံ	ဖွဲ့စည်းပုံအခြေခံဥပဒေကပေးထားသော သဘာဝသယံဇာတစီမံခန့်ခွဲ ပိုင်ခွင့်အာဏာ
မြန်မာနိုင်ငံ	ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ (၃၇)(ခ) အရ– "နိုင်ငံတော်သည် နိုင်ငံပိုင်သယံ ဇာတများအား စီးပွားရေးအင်အားစုများက ထုတ်ယူသုံးစွဲခြင်းကိုကွပ်ကဲကြီးကြပ်နိုင်ရန် လိုအပ်သည့် ဥပဒေပြဋ္ဌာန်းရမည်။ [၄၈]" ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၉၆) နှင့် (၁၈၈)တွင် ဥပဒေပြုစာရင်းများ ခွဲခြားပြဋ္ဌာန်း၍ ဥပဒေပြုခွင့်အာဏာကို ပိုင်ခြားထားသည်။ ဇယား(၁)အရ သဘာဝသယံဇာတများကို တူးဖော်ထုတ်လုပ်ခွင့်အား ဗဟိုအစိုးရကသာ လုပ်ပိုင်ခွင့်၊ ဥပဒေပြုပိုင်ခွင့်ရှိသည်။ ဇယား (၂)အရ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့ များအားဥပဒေပြုခွင့်အာဏာ အထူးတင်းကြပ်စွာကန့်သတ်ထားသည်အတွက် ကျောက်မျက်ရတနာများ ဖြတ်တောက်ခွင်နှင့် သွေးခွင့်ဆိုင်ရာများတွင်သာ ဥပဒေပြုပိုင်ခွင့်ရှိပြီး အရေးပါသော သယံဇာတများအား တူးဖော်ထုတ်လုပ်ပိုင်ခွင့် မရှိချေ။
ကနေဒါ	ပြည်နယ်ဥပဒေပြုလွှတ်တော်နှင့် အစိုးရအဖွဲ့အား အစားထိုးမရနိုင်သည့် သဘာဝသယံဇာတများ တူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ ဥပဒေများပြုခွင့်ကို အထူးလုပ်ပိုင်ခွင့်အာဏာပေးအပ်ထားသည်။၎င်းတွင်ယင်းသယံဇာတများနှင့် သစ်တောအရင်းအမြစ်များကို ဖွံ့ဖြိုးတိုးတက်ရေး၊ထိန်းသိမ်းကာကွယ်ရေးနှင့် စီမံခန့်ခွဲမှုများပါဝင်သည်။ [၄၉] (ပုဒ်မ–၉၂)
အာဂျင်တီးနား	"ဒေသန္တရနယ်မြေများသည် ၎င်းတို့၏ဒေသတွင်းအုပ်ချုပ်မှုများအတွက်၎င်းတို့ဘာသာ အဖွဲ့အစည်းများဖွဲ့စည်းကြပြီး နယ်ခြေတာဝန်ခံအုပ်ချုပ်ရေးမှူးများ ၊ ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်များနှင့် အုပ်ချုပ်ရေးအရာရှိများကို ပြည်ထောင်စုအစိုးရ၏တစ်စုံတစ်ရာ စွက်ဖက်မှုမပါဘဲ ၎င်းတို့ဘာသာ လွတ်လပ်စွာ ရွေးကောက်တင်မြှောက်ကြရမည်။" (ပုဒ်မ – ၁၂၂) "စီရင်စုနယ်မြေတိုင်းသည် အပိုဒ်–၅ အရ၎င်းတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းရမည်။ ယင်းတွင်မြူနီစီပယ်လုပ်ပိုင်ခွင့်နှင့် အဖွဲ့အစည်း၊နိုင်ငံရေး၊အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် ဘဏ္ဍာရေး ဆိုင်ရာ ကဏ္ဍများ အတွက်ဥပဒေပြုခွင့်များပါရှိရမည်။" (ပုဒ်မ – ၁၂၃) "ဒေသန္တရနယ်မြေတိုင်းသည် ၎င်းတို့ပိုင်နက်နယ်မြေအတွင်းရှိသယံဇာတများ၏ပင်ရင်းပိုင်ရှင်ဖြစ်သည်။ [၅၀]" (ပုဒ်မ – ၁၂၄)

အီရတ်	"ပြည်ထောင်စုအစိုးရသည် သယံဇာတထုတ်လုပ်နေသော ပြည်နယ်များ ၊ ဒေသန္တရအစိုးရများနှင့်အတူ လက်ရှိထုတ်လုပ်နေသော ရေနံနှင့်သဘာဝဓာတ်ငွေ့တွင်းများအား တာဝန်ယူစီမံပိုင်ခွင့်ရှိသည်။" (ပုဒ်မ – ၁၁၂ . ၁) "ပြည်ထောင်စုအစိုးရသည် သယံဇာတထုတ်လုပ်နေသော ပြည်နယ်များနှင့် ဒေသန္တရအစိုးရအဖွဲ့များနှင့်အတူ ရေနံနှင့်သဘာဝဓာတ်ငွေ့များ ကြွယ်ဝမှုများ ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သောမဟာဗျူဟာမြောက် မူဝါဒများချမှတ်ပိုင်ခွင့်ရှိသည်။" (ပုဒ်မ – ၁၁၂ . ၂)

အီရတ် – မပြတ်သားသောဖွဲ့စည်းပုံအခြေခံဥပဒေ၏ အန္တရာယ်များ

အီရတ်နိုင်ငံသို့ အမေရိကန်ဦးဆောင်သောတပ်ဖွဲ့များ ကျူးကျော်ပင်ရောက်ပြီး အာဏာရှင်ဆတ်ဒန်ဟူစိန်ကိုဖယ်ရှားပြီးသည့်နောက် ၂၀၀၅ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ်ကို ပြဋ္ဌာန်းခဲ့သည်။ ၎င်းနောက်တွင် နှစ်ပေါင်း(၅၀)ကျော်အတွင်း ပထမဆုံးသော ဒီမိုကရေစီရွေးကောက်ပွဲကို ပြုလုပ်နိုင်ခဲ့သည်။ အီရတ်နိုင်ငံသည် တိုင်းရင်းသားမျိုးနွယ်စုများဖြင့် ပြည်ထောင်စုဖွဲ့တည်ထားသောနိုင်ငံဖြစ်ပြီး အာရပ်လူမျိုးနှင့် ကာဒစ်ရှ်လူမျိုးတို့မှာ အများစုဖြစ်သည်။ အီရတ်သည် ကမ္ဘာ့ရေနံထုတ်လုပ်မှုတွင် အဆင့်(၉)နေရာ၌ရှိပြီး အရန်ရေနံများမှာ မြောက်ပိုင်းရှိ ကာဒစ်ရှ်လူမျိုးများနယ်မြေတွင်ရှိသည်။

စီမံခန့်ခွဲမှုအာဏာ

ဖွဲ့စည်းပုံအခြေခံဥဒေက ဗဟိုအစိုးရနှင့် ဒေသန္တရအစိုးရတို့ကြား သဘာဝသယံဇာတများအပေါ် ထိန်းချုပ်ခွင့်နှင့် စီမံခွင့် အာဏာကို ခွဲပေးပေးထားသည်။ သို့ရာတွင် ရေနံအခန်းကဏ္ဍနှင့်ပတ်သက်၍ တာဝန်ယူစီမံပိုင်ခွင့်အသေးစိတ် ခွဲဝေမှုကို ဖွဲ့စည်းပုံအခြေခံဥပဒေကသော်လည်းကောင်း၊ ပြဋ္ဌာန်းဥပဒေများကသော်လည်းကောင်း ဖော်ပြထားခြင်းမရှိပေ။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ဖော်ပြထားသည့် 'လက်ရှိထုတ်လုပ်နေသော ရေနံနှင့်သဘာဝဓာတ်ငွေ့တွင်းများ'ဟု မပြတ်မသား ရည်ညွှန်းထားမှုသည် ရေနံထုတ်လုပ်ရာဒေသနှင့် ဗဟိုအစိုးရကြား ပြင်းထန်သော ပဋိပက္ခများကိုဖြစ်ပွားစေခဲ့သည်။ အီရတ်သည် စီရင်စုဒေသန္တရနယ် (၁၉)နယ်ဖြင့်ဖွဲ့စည်းထားပြီး နယ်(၆)နယ်မှာ ကိုယ်ပိုင်အစိုးရအဖွဲ့ရှိသော ကာဒစ်ရှ် နယ်မြေတွင်း၌ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ တစ်ခု လုံးဖြစ်စေ ရောက်ရှိ၍ နေသည်။

ပြဿနာများ

၂၀၀၇ ခုနှစ်တွင် ကာဒစ်ရှ်ဒေသန္တရ ကိုယ်ပိုင်အစိုးရသည် ကာဒစ်ရှ်ရေနံ အက်ဥပဒေကိုပြဋ္ဌာန်းလိုက်ပြီး ၎င်း၏ဒေသတွင်းရှိ သယံဇာတများအား ပိုင်ဆိုင်ခွင့်ရယူလိုက်ကာ ရေနံကုမ္ပဏီများနှင့် စာချုပ်(၂၀)ကျော် ချုပ်ဆိုလိုက်သည်။ ဗဟိုအစိုးရက ၎င်းစာချုပ်များအား တရားမဝင်ကြောင်းကြေညာကာ စာချုပ်ချုပ်ဆိုသည့် ကုမ္ပဏီများအားလည်း နာမည်ပျက်စာရင်းသွင်းခဲ့သည်။ ယင်းကုမ္ပဏီများအား အီရတ်တွင် မည်သည့်အခါမှ ရေနံတူးခွင့်မပေးရန် တားမြစ်စည်းကြပ်ခဲ့သည်။ ထို့ကြောင့် တစ်လအတွင်း ကာဒစ်ရှ်တို့ လက်နက်စွဲကိုင်ခဲ့ကြပြီး အစိုးရတပ်နှင့် စစ်ဖြစ်ပွားခဲ့ရသည်။ တစ်နှစ်ခန့်အကြာတွင် ကာဒစ်ရှ်ဒေသန္တရအစိုးရသည် ယခင်က တိုးမြှင့်တောင်ဆိုခဲ့သည့်အစား ဗဟိုအစိုးရ၏ လက်ရှိရေနံအခွန်နှုန်းထားကို လက်ခံခဲ့သည့်အတွက် သဘောတူညီချက်ရခဲ့ပြီး စာချုပ်ချုပ်ဆိုထားသော ကုမ္ပဏီများသည် ဆက်လက်လုပ်ကိုင်ခွင့်ရခဲ့သည်။[၅၁] ၂၀၀၉ ခုနှစ်တွင်ပဋိပက္ခများတစ်ဖန်ပြန်လည်ဖြစ်ပွားခဲ့ရပြန်သည်။ အကြောင်းမှာ ပြည်ထောင်စုရေနံဝန်ကြီးဌာနသည် လွှတ်တော်တွင် တစ်စုံတစ်ရာ တင်ပြဆွေးနွေးခြင်းမပြုဘဲ ဗြိတိသျှရေနံကုမ္ပဏီ (BP)ကို လုပ်ပိုင်ခွင့်ပေးလိုက်သောကြောင့်ဖြစ်သည်။ (၁၉၆၇ ခုနှစ်ဥပဒေအရ နိုင်ငံခြားရေနံကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆိုရန် ဥပဒေပြုလွှတ်တော်အတည်ပြုချက်ယူရသည်။) အဆိုပါရေနံကုမ္ပဏီ(BP)ကို ဒေသတွင်းမှရေနံမြေအား လုပ်ကိုင်ခွင့်ပေးလိုက်သည့်အတွက် ဗဟိုအစိုးရနှင့် ဘာဆရာ ပြည်နယ်ကောင်စီတို့ အကြားပြဿနာတက်ခဲ့ရပြန်သည်။ ဘာဆရာ ပြည်နယ်အစိုးရက ရေနံဝန်ကြီးဌာနသည် တောင်ပိုင်းပြည်နယ်၏ ဥပဒေပြုလွှတ်တော်အား ချပြဆွေးနွေးခြင်း မပြုဘဲ မည်သည့်ရေနံတူးဖော်ခွင့်စာချုပ်ကိုမျှ ချုပ်ခွင့်မရှိဟုဆိုသည်။[၅၂]

ကာဒစ်ရှ်လူမျိုးစစ်သားတစ်ဦးမှ ကာဒစ်ရှ် စတန်မြို့အနီးရှိ ရေနံလုပ်ကွက်တစ်ခုကို စောင့်ကြပ်နေပုံ

ရေနံကုမ္ပဏီများအနေနှင့် ဗဟိုအစိုးရနှင့် ဒေသန္တရအစိုးရ နှစ်ဖွဲ့စလုံးနှင့် စာချုပ်ချုပ်ဆိုရမည်ကဲ့သို့ရှိနေပြီး ၎င်းအစိုးရနှစ်ဖွဲ့၏ ဥပဒေနှစ်မျိုးစလုံးကိုပါ လိုက်နာရမည့် အခြေအနေဖြစ်ပေါ်နေသည်။ ၂၀၀၇ ခုနှစ်တွင် ဟိုက်ဒရိုကာဘွန် ဥပဒေကိုရေးဆွဲ၍ အခြေအနေကိုဖြေရှင်းရန် ကြိုးစားခဲ့သော်လည်း ရှစ်နှစ်ကြာသည်အထိ မူကြမ်းအဆင့်တွင်သာ သောင်တင်နေသေးသည်။ ၎င်းဥပဒေမူကြမ်းက လက်ရှိလုပ်ကိုင်နေသောစာချုပ်များအား ပြည်ထောင်စုရေနံနှင့်သဘာဝဓာတ်ငွေ့ကောင်စီ (FOGC)မှ သီးခြားလွတ်လပ် သောအကြံပေး များ၏ စုဝေးဆွေးနွေးအဖြေရှာသင့်သည့် အကြောင်းအရာတစ်ခုဖြစ်သည်ဟုအဆိုပြုထားသည်။ ၎င်းအပြင် ဒေသန္တရအစိုးရအဖွဲ့များသည် နိုင်ငံခြားရေနံကုမ္ပဏီများအား ထိန်းချုပ်ခွင့်နှင့်လိုင်စင်ထုတ်ပေးခွင့်ရရှိသင့်သည်ဟုလည်း အဆိုပြုခဲ့သည်။ ဒုတိယဥပဒေမူကြမ်းအဖြစ် အီရတ်အမျိုးသားရေနံကုမ္ပဏီဥပဒေကို ရေးဆွဲလျက်ရှိရာ အီရတ်အမျိုးသားရေနံကုမ္ပဏီအား နိုင်ငံတော်ပိုင်ကုမ္ပဏီအဖြစ် တည်ထောင်ရန်ရည်ရွယ်ပြီး ၎င်းကုမ္ပဏီက နိုင်ငံတွင်းရှိ အားလုံးသောရေနံနှင့် သဘာဝဓာတ်ငွေ့အရင်းအမြစ်များကို ကိုင်တွယ် စီမံမည်ဖြစ်သည်။[၅၃] ယင်းသည်သယံဇာတများအား ၎င်းတည်ရှိရာဒေသမှ ပြည်သူပြည် သားများက ပိုင်ဆိုင်သည်ဆိုခြင်းအား ပယ်ဖျက်ရန် သိသိသာသာကြိုးစားခြင်းပင်ဖြစ်သည်။

ကနေဒါ– မတူညီသောဒေသန္တရစီမံခန့်ခွဲမှုစနစ်များ

ကနေဒါနိုင်ငံ အယ်လ်ဘားတားပြည်နယ်ရှိ တာဆန်းသတ္တုတွင်းတခု
ဓါတ်ပုံ–Oil Change International

ကနေဒါနိုင်ငံသည် တွင်းထွက်သယံဇာတ အကြီးအကျယ်ထုတ်လုပ်ရာနိုင်ငံဖြစ်ပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှု၌ ကမ္ဘာ့အဆင့်(၅)နေရာတွင်ရှိသည်။ ကနေဒါ၏ရေနံထုတ်လုပ်မှုသည် ၁၉၄၇ ခုနှစ်တွင်အယ်လ်ဘာတာနယ်မြေ၌ ရေနံရှာဖွေတွေ့ရှိခဲ့ချိန်မှ စတင်ခဲ့သည်။ ယနေ့အချိန်တွင် အယ်လ်ဘာတာ ရေနံမြေသည် မြောက်အမေရိကတိုက်၌ အကြီးဆုံးရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရာနေရာဖြစ်ပြီး တစ်နေ့လျှင် ရေနံစိမ်းစည်ပေါင်း (၁.၇)သန်းထွက်ရှိသည်။ [၃၄]

စီမံခန့်ခွဲပိုင်ခွင့်အာဏာ

ကနေဒါတွင် သဘာဝသယံဇာတအပေါ် ထိန်းချုပ်ပိုင်ခွင့်နှင့်စီမံပိုင်ခွင့်သည် ပြည်ထောင်စုအစိုးရ၊ ဒေသန္တရအစိုးရနှင့် ပုဂ္ဂလိကပိုင်များအပြစ် မြေယာနှင့်မြေအောက်သယံဇာတများကို ခွဲခြားထားမှုအပေါ် မူတည်သည်။ ပြည်ထောင်စုအစိုးရသည် နိုင်ငံ၏(၄၁)ရာခိုင်နှုန်းကိုပိုင်ဆိုင်၍ စီမံခွင့်ရှိပြီးကျန်(၄၈)ရာခိုင်နှုန်းမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသန္တရအစိုးရ၏ လက်အောက်တွင်ရှိသည်။ ပုဂ္ဂလိကမြေပိုင်ဆိုင်သူများမှာ မြေအောက်သယံဇာတများကိုပိုင်ဆိုင်ခွင့်မရှိဘဲ ပြည်ထောင်စုအစိုးရ (သို့မဟုတ်) ဒေသန္တရအစိုးရအဖွဲ့ကသာပိုင်ဆိုင်သည်။

ပြည်ထောင်စုဗဟိုအစိုးရသည် အမျိုးသားစွမ်းအင်ဖွံ့ဖြိုးတိုးတက်မှု၊ ရေနံနှင့် သဘာဝဓာတ်ငွေ့များ တင်သွင်း/တင်ပို့မှု၊ အမျိုးသားစွမ်းအင်အဖွဲ့ (NEB)၏ ရေနံ၊သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်စွမ်းအင်များကို တစ်ပြည်လုံးတွင်ဖြတ်သန်းသယ်ပို့မှုတို့အား ပုံမှန်ထိန်းချုပ်လျှက်ရှိသည်။ ပြည်ထောင်စုငါးလုပ်ငန်းနှင့် သမုဒ္ဒရာဦးစီးဌာန (FDFO)နှင့် ကနေဒါသဘာဝပတ်ဝန်းကျင်အကဲဖြတ်ဆန်းစစ်ရေးအေဂျင်စီ (CEAA)သည် နိုင်ငံတော်အဖွဲ့အစည်းများဖြစ်ပြီး တိုင်းပြည်၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကဲဖြတ်လေ့လာဆန်းစစ်မှုများအပါအဝင် ရေလမ်းတစ်လျှောက် စွန့်ပစ်ပစ္စည်းများနှင့် ညစ်နွမ်းပျက်စီးမှုများအား စောင့်ထြည့်လေ့လာပိုင်ခွင့်ရှိသည်။ ၎င်းအဖွဲ့အစည်းများသည် ဒေသန္တရအဖွဲ့အစည်းများ၊ ဦးစီးဌာနများနှင့် အပြိုင်ဆောင်ရွက်နိုင်သည်။[၃၅]

ဒေသန္တရအစိုးရအဖွဲ့သည် ၎င်းတို့၏တူးဖော်ထုတ်လုပ်ရေးကဏ္ဍကို စီမံရန်အဖွဲ့အစည်းများ ထူထောင်ထားပြီးဖြစ်သည်။ ၎င်းအဖွဲ့အစည်းများ၏ တာဝန်များအား အောက်ပါအတိုင်း ဒေသန္တရလွှတ်တော်၌ ပြဋ္ဌာန်းထားသည်။

–ထိခိုက်နစ်နာရသောပြည်သူများ၏ သဘာပပတ်ဝန်းကျင်ဆိုင်ရာ အကဲဖြတ်မှုများနှင့် ဆွေးနွေးအကြံပြုမှုများအား အဆင်ပြေချောမွေ့စွာလက်ခံနိုင်ရန်။
–တူးဖော်ထုတ်လုပ်မှုအတွက် လိုင်စင်ထုတ်ပေးရန်နှင့် စာချုပ်ချုပ်ဆိုရန်။
–တူးဖော်ထုတ်လုပ်ရေးကုမ္ပဏီများသည် ဒေသအစိုးရမှ ထုတ်ပြန်ထားသောစည်းချဉ်းကို လိုက်ခြင်း ရှိ / မရှိ ကွပ်ကဲ ကြီးကြပ်ရန်။

ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံကိန်းများစတင်ခြင်း၊ ထုတ်လုပ်ခြင်းနှင့်ပိတ်သိမ်းခြင်း အထိ ကုမ္ပဏီများသည် စီမံကိန်းနယ်မြေရှိ လူ့အဖွဲ့အစည်းအကျိုးဆောင်ရွက်ရာ၌ ပါဝင်လာနိုင်ရန် သီးခြားလွှတ်ထပ်သော အဖွဲ့အစည်းများရှိရန် အရေးကြီးသည်။ အယ်လ်ဘာတာဒေသ၏ပုံစံသည် တူးဖော်ထုတ်လုပ်ခြင်းကဏ္ဍ၌ ကုမ္ပဏီများ၊ ကော်ပိုရေးရှင်းများအား ဦးစားပေးသည့်ပုံစံဖြစ်ကြောင်း သိသာစွာ တွေ့ရှိရပြီး ဆိုးကျိုးများကိုဖြစ်ပေါ်စေသည်။

ဒေသနှစ်ခု၏ ချဉ်းကပ်နည်း(၂)မျိုး

	အယ်လ်ဘာတာဒေသ	ဗြိတိသျှကိုလံဘီယာဒေသ
ရေနံနှင့်သဘာဝဓာတ်ငွေ့၏အရေးပါမှု	ရေနံ နှင့် သဘာဝဓာတ်ငွေ့မှ ရရှိ သော အခွန်အခနှင့် ဝင်ငွေသည် ထစ်ပြည်လုံးအသားတင် စုစုပေါင်း ထုတ်ကုန် (၂၄)ရာခိုင်နှုန်းနီးပါးရှိသည်။	သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုမှအဓိက ရရှိသော အခွန်အခနှင့်ဝင်ငွေသည် တစ်ပြည်လုံးအသားတင်စုစုပေါင်း ထုတ်ကုန်၏ (၅)ရာခိုင်နှုန်းနီးပါး ရှိပါသည်။[၅၆]
ဒေသအစိုးရအနေအထား	ဒေသအစိုးရသည် ၎င်းနယ်မြေတွင်းရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့ တူးဖော်မှုအားလုံးကို ဥပဒေပြု၍စီမံသည်။ ၎င်းထဲတွင် ငွေကြေးခွဲဝေခြင်း၊ အသုံးပြုခြင်း၊ ရောင်းချခြင်းနှင့် တူးဖော်ထုတ်လုပ်ရေးကုမ္ပဏီများအား စောင့်ကြည့်ကြီးကြပ်ခြင်းတို့ပါဝင်သည်။[၅၇] ဒေသအစိုးရသည် ရေနံနှင့်ဓာတ်ငွေ့များအား ကိုယ်တိုင်တူးဖော်ထုတ်လုပ်ခြင်းမပြု၊ ပုဂ္ဂလိကကော်ပိုရေးရှင်းများအား တူးဖော်ထုတ်လုပ်ခွင့်လိုင်စင်များရောင်းချ၍ အခွန်အခများကောက်ယူသည်။ ၎င်းအခွန်အခနှင့် ဝင်ငွေများသည် ဒေသအစိုးရ၏ ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တိုက်ရိုက်ရောက်ရှိသည်။	
တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကိုစီမံသည့်အဖွဲ့အစည်းများ	အယ်လ်ဘာတာစွမ်းအင်ထိန်းသိမ်းရေးအဖွဲ့အား ပုဂ္ဂလိကလက်ဆဲသို့လွှဲပြောင်းပေးခဲ့ပြီးအစိုးရ၏စွက်ဖက်မှုကင်းစွာနှင့်ဆောင်ရွက်သည်။ အဖွဲ့တွင် စီမံခန့်ခွဲမှုဆိုင်ရာအတွေ့အကြုံရင့် ကျက် သူ များကဦးဆောင် ကြသည်။ တူးဖော်ထုတ်လုပ်ရေးလိုင်စင်များအပေါ် စည်းကြပ်ကောက်ခံခြင်းဖြင့် ရံပုံငွေကောင်းစွာဖူလုံစေသည်။	ရေနံနှင့် ဓာတ်ငွေ့ကော်မရှင်သည် ဒေသပိုင်လုပ်ငန်းတစ်ခုဖြစ်ပြီး အစိုးရအဖွဲ့၏ ဖွဲ့စည်းပုံထဲတွင်ပါဝင်သည်။

စီမံခန့်ခွဲမှုပုံစံ	လေလံကြေးများကို ဥဝဒေအရ ဌာနပေါင်းစုံဘုတ်အဖွဲ့သို့ အစီရင်ခံ ပေးပို့သည်။ 'ရေနံသောင်ပြင် စီမံကိန်း' ကဲ့သို့ ခေါင်းပုံဖြတ်အမြတ်ကြီးစားသည့် စီမံမှုမျိုးသည် ဒေသခံပြည်သူများနှင့် ပတ်ဝန်းကျင်ကို အဖတ်ဆည်မရအောင်ဖွက်ဖွက်ညက်ညက်ကြေစေသည်။[၅၈] တူးဖော်ထုတ်လုပ်မှုကုမ္ပဏီများအတွက်လိုင်စင်လျှောက်ထားသည်မှ (၇ပတ်)အတွင်း အမြန်လိုင်စင်ထုတ်ပေးခြင်း။[၅၉] ဒေသအတွက် မြေယာအသုံးပြုမှုစီမံကိန်များမှာ များစွာ အားနည်းသည်။ (ပွင့်လင်းမြင်သာမှုနှင့် လူထုပူးပေါင်းပါဝင်မှု မရှိခြင်း။[၆၀])	အကဲဖြတ်မှုများနှင့် ဆွေးနွေးအကြံပြုမှုများကို အဖွဲ့အစည်းများကတာဝန်ခံဆောင်ရွက်သည်။ ထိုသို့ဆောင်ရွက်ရာတွင် ဗဟိုဌာန်းဥပဒေအရ သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနကဲ့သို့ ဝန်ကြီးဌာနများနှင့်လည်း ပူးတွဲဆောင်ရွက်သည်။[၆၁] အစုရှယ်ယာရှင်များ၏ အလုပ်ရုံဆွေးနွေးပွဲများ၊ ဆွေးနွေးအကြံ ပြုခြင်းများကို မြင့်မားစွာဆောင်ရွက်သည်။ ဒေသအစိုးရမှ ကွပ်ကဲကြီးကြပ်ခြင်းကို တင်းတင်းကြပ်ကြပ်တိကျစွာဆောင်ရွက်သည်။

အာဂျင်တီးနား–အကျိုးအမြတ်များအားကာကွယ်ရန်သယံဇာတကြွယ်ဝသောဒေသများအချင်းချင်းပူးပေါင်းဆောင်ရွက်ခြင်း

အာဂျင်တီးနားနိုင်ငံတွင် ရေနံနှင့်သဘာဝဓါတ်ငွေ့တူးဖေါ်ထုတ်လုပ်နေသည့်ဒေသများ

အာဂျင်းတီးနားနိုင်ငံသည် မြန်မာနိုင်ငံ၏ဧရိယာထက် လေးဆခန့်ပိုကြီးပြီး တိုင်းရင်းသားပေါင်းစုံနေထိုင်ကာ စုစုပေါင်းလူဦးရေ (၄၂)သန်းခန့်ရှိသည်။ ၎င်းတွင်ဒေသန္တရနယ်မြေ (၂၃)နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရမြို့တော်တစ်ခု ပါပင်သော ဒီမိုကရေစီနည်းကျ ပြည်ထောင်စုစနစ်ကိုကျင့်သုံးသည်။ အာဂျင်တီးနား၏ဒေသန္တရနယ်မြေ (၂၃)ခုသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းခွင့်နှင့် ကိုယ်ပိုင်အစိုးရအဖွဲ့ ဖွဲ့စည်းခွင့်ရှိသည်။

စီမံခန့်ခွဲပိုင်ခွင့်အာဏာများနှင့် စုပေါင်းတာဝန်ခံမှု

၁၉၉၀ ခုနှစ် များအစောပိုင်းကာလအထိ သဘာဝသယံဇာတများအပေါ် ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှုတို့မှာ ဗဟိုအစိုးရ၏ လက်ဝယ်တွင်သာရှိသည်။ သို့ဖြစ်၍ သယံဇာတထွက်ရှိရာဒေသများနှင့် ဗဟိုအစိုးရတို့သည် မကြာခဏ ပဋိပက္ခများဖြစ်ပွားရပြီး၊ အဓိကအကြောင်းရင်းများကို ဗဟိုမှချုပ်ကိုင်၍ဆုံးဖြတ်စီမံခြင်းနှင့် တူးဖော်ထုတ်လုပ်ရာဒေသများအား အကျိုးအမြတ်ခံစားခွင့်ကို ကန့်သတ်ထားခြင်းတို့ကြောင့်ဖြစ်သည်။ သယံဇာတများကိုရောင်းချ၍ ရရှိလာသောအခွန်အခဝင်ငွေများနှင့်ပတ်သတ်၍ ဗဟိုအစိုးရနှင့်စေ့စပ်ဆွေးနွေးရာတွင် ၎င်းတို့၏ အကျိုးစီးပွားကို စုပေါင်းကာကွယ်နိုင်ရန်အတွက် သယံဇာတကြွယ်ဝသော ဒေသန္တရနယ်မြေ (၁၀)ခုသည် ဒေသန္တရနယ်မြေများ ပူပေါင်းအဖွဲ့အစည်းတစ်ခုဖြစ်သည့် ‘ရေနံထွက်ရှိသော ပြည်နယ်များ၏ ဖက်ဒရယ်အဖွဲ့အစည်း’ (OFEPHI) ကို ၁၉၈၄ ခုနှစ်တွင်းဖွဲ့စည်းခဲ့သည်။[၆၂]

ရခိုင်ကမ်းလွန်ပင်လယ်ပြင်ရှိရွှေသဘာဝဓါတ်ငွေ့တွင်းတူးစင်တခု
ဓါတ်ပုံ–Business Korea

လေ့လာချက်(၄)

ဗဟိုအစိုးရ၏ ချုပ်ကိုင်မှုအာဏာကို လျှော့ချထားသော ငွေကြေးစီမံခန့်ခွဲမှုစနစ်များ

ရေနံရံပုံငွေစုဆောင်မှုပြခြေပြဇယား



ဂရပ်(၁)

ထိရောက်သောငွေကြေးစနစ်တစ်ခုကို ရန်ပုံငွေစုဆောင်းခြင်းဖြင့်တည်ဆောက်ထားပုံ။

အရှေ့တီမော

အရှေ့တီမောသည် ၂၀၀၂ ခုနှစ်တွင် ပြည်လုံးကျွတ်လူထုဆန္ဒခံယူပွဲတစ်ခုကို ကျင်းပပြီးနောက် လွတ်လပ်ရေးရရှိခဲ့ကာ အင်ဒိုနီးရှား၏ (၂၄)နှစ်ကြာ အုပ်စိုးမှုကို အဆုံးသတ်စေခဲ့သည်။ လက်နက်ကိုင်နှင့် အရပ်သားတော်လှန်ရေး အဖွဲ့ဝင်များသည် အစိုးရသစ်၏ အဓိကပုဂ္ဂိုလ်များဖြစ်လာခဲ့ကြသည်။ အရှေ့တီမော၏နိုင်ငံဧရိယာနှင့်လူဦးရေသည် ရခိုင်ပြည်နယ်နှင့် မတိမ်းမယိမ်းဖြစ်ပြီး အများစုမှာ စိုက်ပျိုးရေးကိုလုပ်ကိုင်ကြသည်။ အရှေ့တီမောသည် ကမ္ဘာပေါ်တွင် ရေနံမှရရှိသောဝင်ငွေအပေါ် အမှီခိုအအားထားဆုံးသော နိုင်ငံများထဲတွင်ပါပင်ပြီး ၂၀၀၄ ခုနှစ်တွင် ဘတ်ဂျက်၏ (၉၃)ရာခိုင်နှုန်းကျော်ကို ရေနံနှင့် သဘာဝဓာတ်ငွေ့မှရရှိသည်။ လက်ရှိထုတ်လုပ်နေသော ရေနံနှင့် သဘာပဓာတ်ငွေ့သိုက်နှစ်ခုမှာ ၂၀၁၆ ခုနှစ် နှင့် ၂၀၂၀ ခုနှစ်တို့တွင်ကုန်ခန်းသွားမည်ဟုခန့်မှန်းထားသည်။[၆၃]

အရှေ့တီမောသည် ရေနံနှင့်သဘာဝဓာတ်ငွေ့မှရရှိသော ဝင်ငွေများကိုကြာရှည်တည်တံ့ခိုင်မြဲသောနည်းလမ်းဖြင့် စီမံနိုင်ရန် ‘ရေနံရန်ပုံငွေဥပဒေ’ ၏ပြဋ္ဌာန်းမှုအောက်တွင် ရေနံရန်ပုံငွေတစ်ရပ်ကို ၂၀၀၅ခုနှစ်တွင်ထူထောင်ခဲ့သည်။ အရှေ့တီမော၏စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ၂၀၀၄ ခုနှစ်အောက်တိုဘာလတွင် ရေနံရန်ပုံငွေတစ်ရပ် ထူထောင်မည်ဟူသော အယူအဆသစ်ကို ဦးဆောင်၍ လူထုနှင့်ဆွေးနွေး အကြံဉာဏ်ရယူခြင်း ပြုလုပ်ခဲ့သည်။ ထို့အတူ လွှတ်တော်တွင်လည်း ၎င်း ‘ရေနံရန်ပုံငွေအက်ဥပဒေ’ ပြဋ္ဌာန်းနိုင်ရန် ဆွေးနွေးမှုများ၊ ကြားနာမှုများပြုလုပ်ခဲ့သည်။ ၎င်းအက်ဥပဒေကို ၂၀၀၅ခုနှစ် ဇူလိုင်လတွင် တညီတညွတ်တည်း အတည်ပြုပြဋ္ဌာန်းခဲ့သည်။[၆၄] ထို့နောက် ၂၀၀၀ ခုနှစ် ကတည်းက စုဆောင်းလာသော ခိုင်ကြေးငွေ အမေရိကန်ဒေါ်လာ(၂၀၄.၆)သန်း ဖြင့် ၂၀၀၅ ခုနှစ် စတင်ဘာလတွင် ‘ရေနံရန်ပုံငွေ’ကိုစတင်ထူထောင်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၁၆.၅) ဘီလီယံအထိ တိုးပွားလာခဲ့သည်။ သို့ရာတွင် ယခုလက်ရှိ၌ ဝင်ငွေထက်ထုတ်ငွေက များပြားနေသောကြောင့် ၎င်းရန်ပုံငွေမှာ ကျဆင်းလျက်ရှိနေသည်။

အရှေ့တီမောအစိုးရသည် ၎င်း၏ရေနံမှရရှိသောဝင်ငွေ၏ (၆၉)ရာခိုင်နှုန်းကို အမြဲတမ်းရန်ပုံငွေထဲသို့ ၎င်းရန်ပုံငွေ စတင်ထူထောင်သော ၂၀၀၅ ခုနှစ်ကတည်းက စုဆောင်းသည်။ ၎င်းရန်ပုံငွေကို ထူထောင်ရခြင်း၏ မူလရည်ရွယ်ချက်များထဲမှတစ်ခုမှာ ကြီးမားလုံလောက်သော ငွေကြေးပမာဏတစ်ရပ်ထူထောင်ရန်နှင့် ၎င်းမှရရှိသော အတိုးငွေသည် အစိုးရအသုံးစရိတ်ကို အပြည့်အဝ ကာမိစေရန်ဖြစ်သည်။ ၎င်းနည်းလမ်းအားဖြင့် သယံဇာတများ ကုန်ခန်းသွားသောအခါ ၎င်းမှရရှိခဲ့သော ငွေကြေးများမှ အနာဂတ်အတွက်စုဆောင်းပြီးဖြစ်နေမည်ဖြစ်သည်။ ဤသို့ အမြဲတမ်းရန်ပုံငွေတစ်ရပ်ထူထောင်၍ ရှစ်နှစ်ကြာစုဆောင်းပြီး ၂၀၁၃ ခုနှစ်သို့ရောက်သောအခါ ရရှိသောအတိုးငွေသည် နိုင်ငံတော်ဘတ်ဂျက်သို့ ထည့်ဝင်ရငွေထက် များစွာမြင့်မားနေသည်။ (ဂရပ်(၁) တွင်ကြည့်ပါ)။ ၎င်းသည် အတိုးငွေသက်သက်ဖြင့် လုံလောက်

နိုင်မှုအလားအလာကိုညွှန်ပြနေသည်။သို့ရာတွင်ငွေးရန်ပုံငွေကိုထိန်းသိမ်းထားရန်မှာမူ စိန်ခေါ်မှုတစ်ရပ်ဖြစ်နေပေသည်။ အကြောင်းမှာ အစိုးရအဖွဲ့သည် ၂၀၀၉ ခုနှစ်ကတည်းက ငွေးရန်ပုံငွေထဲမှ သတ်မှတ်ထားသောပမာဏထက် (သို့မဟုတ်) ကြာရှည်ရရှိနိုင်သည့်ခန့်မှန်းဝင်ငွေ (ESI)ထက် များစွာပို၍ သုံးစွဲခဲ့သည်။ (၎င်းကိုဂရပ်(၂)တွင်ကြည့်ပါ)

ထိုကဲ့သို့စိန်ခေါ်မှုများရှိနေသော်ငြားလည်း –

ငွေးရေနံရန်ပုံငွေဥပဒေသည် အရှေ့တီမောအ၏ ရေနံမှရရှိသောဝင်ငွေကို ကြာရှည်တည်တံ့ခိုင်မြဲစေကြောင်း စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုပေးသည်။

ငွေးရေနံရန်ပုံငွေဥပဒေသည် ရေနံရန်ပုံငွေအား လည်ပတ်နိုင်စေရန်နှင့် စီမံခန့်ခွဲ နိုင်စေရန်အတွက် ကန့်သတ်ချက်မှဘောင် အတိအကျကိုပြည့်စုံစွာဖော်ပြသည်။

ငွေးရေနံရန်ပုံငွေဥပဒေသည် ထိရောက်သောခွဲဝေပေးမှုများနှင့် ထိခိုက်နိုင်မည့်ပမာဏကို သတ်မှတ်သည်။

ငွေးရေနံရန်ပုံငွေဥပဒေသည် ရေနံမှရရှိသောငွေကြေးများကိုကောက်ခံခြင်း၊ စီမံခြင်းများကိုထိန်းချုပ်ဆုံးဖြတ်သည်။

ငွေးရေနံရန်ပုံငွေဥပဒေသည် အစိုးရဘတ်ဂျက်သို့လွှဲပြောင်းပေးရမည့်ပမာဏကို စည်းမျဉ်းသတ်မှတ်ထိန်းညှိသည်။

ငွေးရေနံရန်ပုံငွေ ဥပဒေသည်အစိုးရ၏ တာဝန်ခံမှုနှင့် ငွေးလုပ်ဆောင်ချက်များအပေါ် ကွပ်ကဲကြီးကြပ်မှုကိုပေးသည်။

အရှေ့တီမောအ၏ သယံဇာတမှရရှိသောဝင်ငွေများကိုစုဆောင်းငွေနှင့် နိုင်ငံတော်ဘတ်ဂျက်သို့ ထည့်ဝင်ငွေ



ဂရပ်(၂)

၂၀၁၃ ခုနှစ်သို့ရောက်သောအခါ ရရှိသောအတိုးငွေသည်နိုင်ငံတော်ဘတ်ဂျက်သို့ ထည့်ဝင်ငွေထက်များစွာမြင့်မားနေသည်။ ၎င်းသည် အတိုးငွေသက်သက်ဖြင့် လုံလောက်နိုင်မှုအလားအလာကို ညွှန်ပြနေသည်။ အကြောင်းမှာ အစိုးရအဖွဲ့သည် ၂၀၀၉–ခုနှစ် ကတည်းက ငွေးရန်ပုံငွေထဲမှ သတ်မှတ်ထားသောပမာဏထက် (သို့မဟုတ်) ကြာရှည်ရရှိနိုင်သည့်ခန့်မှန်းဝင်ငွေ (ESI) ထက် များစွာပို၍သုံးစွဲခဲ့သည်။

ငွေးရေနံရန်ပုံငွေအလုပ်လုပ်ပုံ

ရေနံမှရရှိသောဝင်ငွေများနှင့် ရင်းနှီးမြှုပ်နှံမှုမှရရှိသော အမြတ်အစွန်းများအားလုံးကို ရေနံရန်ပုံငွေထဲတွင် အနာဂတ်မျိုးဆက်သစ်များ အတွက်ရည်ရွယ်၍ စုဆောင်းသည်။ ၎င်းငွေကြေးများကို ပြည်တွင်းစီးပွားရေး ကျဆင်းမှုများ၊ မတည်ငြိမ်မှုများဖဏ်မှ လွတ်ကင်းစေရန် နိုင်ငံရပ်ခြား၌ ရင်းနှီးမြှုပ်နှံထားသည်။ ရေနံရန်ပုံငွေ၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ စီမံခန့်ခွဲမှုများကို အရှေ့တီမောအ၏ ဗဟိုဘဏ်မှ လတ်ရှိစီမံလျက်ရှိသည်။ ဗဟိုဘဏ်ကရံပုံငွေ၏ ငွေပင်ငွေရင်းများကို ဘဏ္ဍာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များဖြင့် ရင်းနှီး မြှုပ်နှံမှုပြုပြီးရင်း နှီးမြှုပ်နှံမှုအကြံပေးဘုတ်အဖွဲ့၏ အကြံဉာဏ်များကိုလည်းရယူရသည်။ ဘဏ္ဍာရေးဝန်ကြီးဌာန အနေနှင့်လည်း ရင်နှီးမြှုပ်နှံမှုဆိုင်ရာ နည်းဗျူဟာများနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ရေနံရန်ပုံငွေအား စီမံခန့်ခွဲမှုများနှင့်စပ်လျဉ်း၍သော်လည်းကောင်း ဆုံးဖြတ်ချက်တစ်စုံတစ်ရာမချမှတ်မီ ရင်းနှီးမြှုပ်နှံမှုအကြံပေးဘုတ်အဖွဲ့ထံမှ အကြံဉာဏ်ရယူရမည်ဖြစ်သည်။[၆၅] ပြင်ပမှ ရင်းနှီးမြှုပ်နှံမှု မန်နေဂျာများကလည်း ရေနံရန်ပုံငွေ၏ ရင်းနှီးမြှုပ်နှံမှုများအပေါ် ကြီးကြပ်ကွပ်ကဲကြသည်။

ဒီမိုကရေစီနည်းကျအုပ်ချုပ်မှု

ရန်ပုံငွေမှထုတ်ယူသုံးစွဲသောအသုံးစရိတ်များအားဘတ်ဂျက်လုပ်ငန်းစဉ်ထဲသို့ ထည့်သွင်းရသည်။အစိုးရကအဆိုပြု၍ လွှတ်တော်က အတည်ပြုပြဋ္ဌာန်းထားသော နိုင်ငံတော် နှစ်စဉ်ဘတ်ဂျက်ဥပဒေက ရန်ပုံငွေထဲမှ ဘတ်ဂျက်ထဲသို့ တစ်နှစ်အတွက် အများဆုံးပေးရမည့် ငွေကြေးပမာဏကိုပြဋ္ဌာန်းပေးသည်။ အသုံးစရိတ်များကို အစိုးရငွေတိုက်မှတစ်ဆင့် ထုတ်ယူရပြီး ၎င်းကိုအစိုးရထုတ်ပြန်မှုများ၏ တစ်စိတ်တစ်ပိုင်းအဖြစ် မှတ်တမ်းတင်ရသည်။ ဝင်ငွေနှင့် အသုံးစရိတ်ကိန်းဂဏန်းများအား ပြည်သူလူထုက လွယ်လင့်တကူသိရှိနိုင်သည်။ ထို့အပြင် ဘတ်ဂျက်ဥပဒေနှင့် ပြင်ပမှပုံမှန်စစ်ဆေးသော စာရင်းစစ်များက ရန်ပုံငွေများအား အလွဲသုံးစားပြုလုပ်ခြင်းမှ စောင့်ကြပ်ပေးသည်။

အုပ်ချုပ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများအား ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုများကို အထောက်အကူပြုစေနိုင်ရန် နေရာတကျ ပြဋ္ဌာန်းထားပြီးဖြစ်သည်။ ၎င်းတွင် သုံးလတစ်ကြိမ် အစီရင်ခံစာများ အချိန်မီထုတ်ဝေခြင်းနှင့်နှစ်စဉ်ဘဏ္ဍာရေးဆိုင်ရာ ထုတ်ပြန်ချက်များပါဝင်သည်။ လွှတ်တော်၏ သီးခြားလွတ်လပ်သော အကြံပေးကောင်စီက ရန်ပုံငွေ၏ အရေးကိစ္စများနှင့်စပ်လျဉ်း၍ အကြံဉာဏ်ပေးခွင့်ရှိသော်လည်း လွှတ်တော်အနေနှင့် ၎င်းကောင်စီ၏ အကြံပြုချက်များအတိုင်း တစ်သွေမတိမ်း လိုက်ဝါဆောင်ရွက်ရန်မလိုချေ။ နိုင်ငံတော်အသိအမှတ်ပြု စာရင်းအင်းကုမ္ပဏီက လွတ်လပ်သော ပြင်ပမှစာရင်းစစ်ခြင်းကို ဆောင်ရွက်ပြီး ၎င်းစာရင်းအင်း အစီရင်ခံစာများကို အွန်လိုင်းတွင် အများပြည်သူများ ကြည့်ရှုနိုင်စေရန် စီမံထားသည်။ ဘဏ္ဍာရေး ဝန်ကြီးဌာနနှင့် ဗဟိုဘဏ်တို့၏ ဝက်ဘ်ဆိုဒ်များတွင် ဥပဒေနှင့်ညီညွတ်သော အစိုးရစနစ်၊ ပွင့်လင်းမြင်သာမှုရှိသော လုပ်ထုံးလုပ်နည်းများနှင့် ဘဏ္ဍာရေးဆိုင်ရာအစီရင်ခံစာများကို အများပြည်သူသိရှိနိုင်စေရန် ထုတ်လွှင့်ထားသည်။ သို့ရာတွင် နောက်ဆုံးရ သတင်းအချက်အလက်များကို အမြဲမပြတ်တင်ပေးရန်လိုအပ်ပါသည်။

ပြည်သူလူထုအနေနှင့် ရန်ပုံငွေစုဆောင်းခြင်းစနစ်နှင့် အုပ်ချုပ်ပုံစီမံချက်အဆင့်ဆင့်များကို ထဲထဲဝင်ဝင်သိနားလည်ရန်မှာ အရေးကြီးသည့်အတွက် အစိုးရသည် ရေနံရန်ပုံငွေနှင့်ပတ်သတ်၍ လူထုဆွေးနွေးပွဲများကို တစ်ပြည်လုံးအနှံ့ကျင်းပပြုလုပ်ခဲ့သည်။ လွှတ်တော်တွင်လည်း ကိုယ်စားလှယ်များအား ဥပဒေနှင့် ညီညွတ်သော အစိုးရစနစ်နှင့် တိုင်းပြည်၏ရေနံသယံဇာတများအပေါ် ပွင့်လင်းမြင်သာ၍ ကြာရှည်တည်တံ့သော စီမံခန့်ခွဲမှုများအပေါ် ဆွေးနွေးပွဲများပြု လုပ်နိုးနှော်စေခဲ့သည်။ အရှေ့တီမောသည် ၂၀၁၀ခုနှစ်တွင် EITI အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့သည်။

အရပ်ဖက်အဖွဲ့အစည်းများ၏ဝါဝင်ပတ်သက်မှု

ရေနံရန်ပုံငွေ အကြံပေးကော်မတီကို ရေနံရန်ပုံငွေဥပဒေအရ ဖွဲ့စည်းခဲ့ပြီး ကော်မတီ၏အခန်းကဏ္ဍမှာ ရန်ပုံငွေ၏ စီမံဆောင်ရွက်မှုများနှင့် လုပ်ငန်းဆောင်တာများအပေါ် လွှတ်တော်အား အကြံပြုပေးရန်နှင့် ရန်ပုံငွေ၏လက်ရှိအကျိုးအမြတ်များနှင့် မျိုးဆက်သစ်များအတွက် အနာဂတ်တွင်ရရှိမည့် အကျိုးအမြတ်များအပေါ် လျာထားချက်များ၏ ထိရောက်မှုအတိုင်းအတာကို စောင့်ကြည့်ရန်တို့ဖြစ်သည်။ ကောင်စီတွင် လွှတ်တော်မှရွေးချယ်ပေးသော ကိုယ်စားလှယ်နှစ်ဦး ၊ အရက်ဖက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်နှစ်ဦး ၊ဘာသာရေး အဖွဲ့အစည်းမှ ကိုယ်စားလှယ်တစ်ဦးနှင့် ပုဂ္ဂလိကစီးပွားရေးကဏ္ဍမှ ကိုယ်စားလှယ်တစ်ဦးတို့ ပါဝင်ကြသည်။ အဖွဲ့ဝင်သက်တမ်းမှာ ငါးနှစ်ဖြစ်ပြီး နိုင်ငံတော်သမ္မတဟောင်းများ၊ လွှတ်တော်ဥက္ကဋ္ဌဟောင်းများ၊ ဝန်ကြီးချုပ်ဟောင်းများ၊ ဘဏ္ဍာရေးပန်ကြီး ဟောင်းများနှင့် ဗဟိုဘဏ်ဒါရိုက်တာဟောင်းများလည်း ကောင်စီတွင်ပါဝင်ကြသည်။ [၆၆]

စိန်ခေါ်မှုများ

အရှေ့တီမောဓ၏ ငွေကြေးစီမံခန့်ခွဲမှုစနစ်သည် ကမ္ဘာတွင်အကောင်းဆုံး အတိုးတက်ဆုံးများထဲတွင် ပါဝင်သော်လည်း တိုင်းပြည်အနေနှင့် ရေနံသယံဇာတများမကုန်ခန်းခင် (၂၀၂၀ ခုနှစ်တွင်ကုန်ခန်းမည်ဟု ခန့်မှန်းထားကြသည်။) ရေနံအပေါ် အလွန်အမင်းမှီခိုနေရမှုများမှ မည်သို့လွတ်မြောက်နိုင်မည်ဆိုသည်မှာ စိန်ခေါ်မှုတစ်ရပ်အဖြစ်တည်ရှိနေသေးသည်။ ရေနံရန်ပုံငွေဥပဒေက ရေနံမှရရှိသော ဝင်ငွေထဲမှ အစိုးရကသုံးစွဲနိုင်သောပမာဏကို သတ်မှတ်ထားသော်လည်း မကြာသေးမီက နှစ်များအတွင်း အစိုးရသည်၎င်းသုံးစွဲနိုင်သည် ပမာဏ (ကြာရှည်ရရှိနိုင်မည့်ခန့်မှန်းဝင်ငွေ ESI) ထက်ပိုသုံးခဲ့သည့်အတွက် ၎င်းရေနံရန်ပုံငွေဥပဒေသည် စည်းမျဉ်းတစ်ခုအဖြစ်မှ စံနမူနာသတ်မှတ်ချက်တစ်ခုအဖြစ်သာ အစိုးရက အဓိပ္ပာယ်ကောက်ယူထားသကဲ့သို့ ဖြစ်နေသည်။ သို့ဖြစ်၍ ဝေဖန်အကဲဖြတ်သူများက အစိုးရသည် ယခုကဲ့သို့ဆက်လက်သုံးစွဲသွားမည်ဆိုပါက တိုင်းပြည်သည် ရေနံသယံဇာတများ ခန်းခြောက်သွားသည်နှင့် စီးပွားရေးကပ်ဆိုက်မှု ကြုံတွေ့ရနိုင်ပြီး ရေနံရန်ပုံငွေသည်လည်း ၂၀၂၆ ခုနှစ်မတိုင်မီ ကုန်ခန်းသွားနိုင်သည်ဟု ယုံကြည်နေကြသည်။

ပုံမှန်တည်ငြိမ်သောဝင်ငွေရရှိမှုကိုသေချာနိုင်မာစေခြင်း

တိုင်းပြည်တွင် စိုက်ပျိုးရေထွက်ကုန်များ၊ငါးဖမ်းလုပ်ငန်းထွက်ကုန်များနှင့် နည်းပညာနိမ့်ကျသော စက်ရုံထုတ်ကုန်များ၏ဈေးနှုန်းသည် တည်ငြိမ်မှုရှိခဲ့လျှင် ၎င်းကဏ္ဍများက တိုင်းပြည်၏စီးပွားရေးတည်ငြိမ်မှုကို ဖြစ်စေနိုင်သည်။ သို့ရာတွင် ရေနံ၊သဘာဝဓာတ်ငွေ့နှင့် ကျောက်မျက်ရတနာကဲ့သို့သော တန်ဖိုးမြင့်မားသည် သဘာဝသယံဇာများ၏ ဈေးနှုန်းမှာမူ ကမ္ဘာလုံးဆိုင်ရာဈေးနှုန်းနှင့်ဆက်စပ်နေသည့်အတွက် အတက်အကျအလွန်မြန်ပြီး တည်ငြိမ်မှုမရှိကြောင်းခေတ်အဆက်ဆက်၌ ကြုံတွေ့ခဲ့ရပြီးဖြစ်သည်။(ဂရပ်တွင်ကြည့်ပါ) ယင်းကဲ့သို့ဈေးနှုန်း မငြိမ်မသက်မှုကြောင့် ဖြစ်ပေါ်ရသည့်ဝင်ငွေမတည်



Fluctuation of global price of Brent crude oil/barrel

ငြိမ်မှုသည် ဈေးနှုန်းမြင့်တက်နေစဉ် ငွေကြေးဖောင်းပွခြင်းမျိုးနှင့် ၊ဈေးနှုန်းကျဆင်းသည့်အခါ ငွေပင်ငွေရင်းပြတ်လတ်ခြင်းမျိုးကို ဖြစ်ပွားစေသည့်အတွက်လည်းကောင်း၊ ယင်းကာလတွင် အကျိုးမဲ့သော သုံးဖြုန်းမှုများပြုလုပ်မိ၍လည်းကောင်း၊ တိုင်းပြည်၏စီးပွားရေးကို ပျက်စီးစေသည်။

အောက်ဖော်ပြပါ ဂရပ်နှစ်ခုတွင်သယံဇာတ ကြွယ်ဝသည့်နိုင်ငံနှစ်ခုဖြစ်သော နော်ဝေနိုင်ငံနှင့် ဗင်နီဇွဲလားနိုင်ငံတို့၏ အစိုးရဝင်ငွေတိုးပွားလာမှု အနေအထားနှင့်အစိုးရ၏ အသုံးစရိတ်တိုးမြှင့်မှု အနေအထားကို နှိုင်းယှဉ်ပြထားသည်။ နော်ဝေနိုင်ငံတွင် မငြိမ်မသက်ဖြစ်မှုကိုထိန်းညှိရန် အလျင်အမြန်ဆောင်ရွက်နိုင်သည့် လုပ်ငန်းစဉ်များရှိသည်။ သို့ရာတွင် ဗင်နီဇွဲလားနိုင်ငံ၌ကား ၁၉၉၈ –ခုနှစ်တွင် တိုးတက်သော မွမ်းမံမှုအချို့ ပြုလုပ်ခဲ့သည့်တိုင် ၎င်းဝင်ငွေမတည်ငြိမ်မှုကိုကုစားနိုင်သည့် ထိရောက်သောစီမံချက်များ နည်းပါးနေဆဲဖြစ်သည်။

လုပ်ငန်းလည့်ပတ်သည့်စနစ်မှာ တည်ငြိမ်သော စီးပွားရေးဖြစ်ထွန်းမှုကိုထိန်းသိမ်းရန် (အနီရောင်)နှင့် ငွေကြေးဖောင်းပွမှုကို တတ်နိုင်သမျှလျော့နည်းစေရန် (အစိမ်းရောင်)ရည်ရွယ်သည်။ သဘာဝသယံဇာတရောင်းချမှုမှရရှိသော ပိုလျှံဝင်ငွေများကို အချိုးသားစုဆောင်းရန်ပုံငွေ သို့ဖဟုတ် ဝင်ငွေတည်ငြိမ်ခိုင်မာမှု ရန်ပုံငွေထဲတွင် စုဆောင်းထားပြီး ၎င်းကိုတိုင်းပြည်၌ လိုငွေပြသောအခါ ထုတ်ယူသုံးစွဲသည်။

Norway finances 1992-2012



Venezuela finances 1992-2012

အလက်စကားပြည်နယ်၊ အမေရိကန်ပြည်ထောင်စု

ANCHORAGE
DAILY NEWS
Alaska's Highest Day
$900 MILLION!
Here Goes the Money
The Oil Sale Pumps History Into Our State
Inside

အလက်စကားပြည်နယ်သည် အမေရိကန်ပြည်ထောင်စုတွင် အကြီးဆုံးပြည်နယ် ဖြစ်ပြီး မြန်မာနိုင်ငံထက် နှစ်ဆမျှကြီးသော်လည်း လူဦးရေမှာ(၇) သိန်းမျှသာ ရှိသည်။ အလက်စကားတွင် ရေနံ၊သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေး စသည့် သဘာဝသယံဇာတများ လွန်စွာကြွယ်ဝသည်။ ၁၉၆၈-ခုနှစ်၌ ဖရူဒို ပင်လယ်အော်တွင် ကြီးမားသောရေနံသိုက်ကို ရှာဖွေတွေ့ရှိခဲ့စဉ်မှစ၍ ပြည်နယ်၏ ပင်ငွေသည် နှစ်စဉ် အမေရိကန်ဒေါ်လာ သန်း(၂၀၀)တစ်ဝိုက်တွင် တည်ငြိမ်နေရာမှ ၁၉၇၀-ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၁.၂) ဘီလီယံသို့ ခုန်တက်သွားခဲ့သည်။ သို့ရာတွင် သက္ကရာဇ်(၂၀ပ၀)ရောက်သောအခါ အဆိုပါရေနံသယံဇာတများမှာ ကုန်ခန်းလုနီးပါးအခြေအနေသို့ ရောက်ရှိသွားခဲ့သည်။ [၆၇]

ရေနံနှင့်သဘာဝဓာတ်ငွေ့မှရရှိသော ဝင်ငွေသည် အလက်စကားပြည်နယ်တစ်ခုလုံးမှရရှိသောဝင်ငွေ၏ (၈ပ)ရာခိုင်နှုန်းကျော်ထိ ပါဝင်သည်။ အလက်စကားပြည်နယ်၏ ရင်ဆိုင်နေရသော အဓိက စိန်ခေါ်မှုတစ်ရပ်မှာ ထုတ်လုပ်မှုအဆင့်အတန်းနှင့်ရင်ဆိုင်နေရသောအဓိကစိန်ခေါ်မှုတစ်ရပ်မှာ ထုတ်လုပ်မှုအဆင့်အတန်း နှင့် အရန်ကျန်ရှိသော သယံဇာတပမာဏ ကျဆင်းလျော့ပါးလာခြင်းပင်ဖြစ် သည်။ ထို့ကြောင့် ယခုအခါတွင် အလက်စကားအနေနှင့် ပြည်နယ်၏ ဝင်ငွေကို အခြားသောကဏ္ဍများမှ ပြောင်းလဲရယူမည်လား သို့မဟုတ် ရေနံနှင့် ဓာတ်ငွေ့ကို အခြားနေရာသစ်များ၌ ရွှေ့ပြောင်းရှာဖွေမည်လားဟူသည့် ရွေးချယ်စရာနှစ်ခု စဉ်းစားနေရသည်။

အလက်စကားပြည်နယ်၏ အမြဲတမ်းရန်ပုံငွေ

၁၉၇၀ နှစ်များတွင် ထရန်စ်-အလက်စကားပိုက်လိုင်း တည်ဆောက်နေစဉ်အတွင်း ကုမ္ပဏီများမှ စမ်းသပ်ရှာဖွေခွင့်နှင့် ခိုင်မာသောတူးဖော်ခွင့်စာချုပ်များအတွက် ရရှိသောငွေကြေးများသည် အလက်စကားပြည်နယ်၏ ဘဏ္ဍာတိုက်ထဲ၌ ပြည့်လျှံ၍သွားခဲ့သည်။ ပြည်နယ်၏ဥပဒေပြုလွှတ်တော်သည် အစောပိုင်း၌ချုပ်ဆိုခဲ့သောစာချုပ်များမှ ရရှိသည့်ငွေကြေးအားလုံး(အမေရိကန်ဒေါ်လာ သန်း ၉၀၀)ကို နှစ်အနည်းငယ်အတွင်း သုံးစွဲပစ်လိုက်သည်။ ထိုအခါ အလက်စကားပြည်နယ်သားများသည် ပိုက်လိုင်းပြီးစီးပါကထပ်မံ၍ ငွေကြေးများ ရရှိလာမည်ဖြစ်ပြီး ၎င်းငွေများကိုနေ့ချင်းညချင်း ကုန်သွားစေ၍ မဖြစ်ကြောင်း သဘောပေါက်လာကြသည်။ ထို့ကြောင့် ၁၉၇၆-ခုနှစ်တွင်အလက်စကားပြည်နယ်သူ ပြည်နယ်သားများသည် ရေနံဝင်ငွေများအား ရင်းနှီးမြှုပ်နှံမည့် ရန်ပုံငွေတစ်ရပ် ထူထောင်နိုင်ရန်အတွက် ပြည်နယ်၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခဲ့ကြသည်။[၆၈] ပြည်နယ်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁၅) အပိုဒ်ခွဲ(၉)အရ ၁၉၇၆-ခုနှစ်တွင် ရေနံဝင်ငွေများကို ကာကွယ်စောင့်ရှောက်စေရန်အတွက် အလက်စကား အမြဲတမ်းရန်ပုံငွေကို ထူထောင်ခဲ့သည်။

အလက်ဝကား ပြည်နယ်အစိုးရသည် ၂၀၀၃ – ခုနှစ်ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်တွင်းလုပ်ကိုင်လျက်ရှိသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီ (၀၆)ခုထံမှ အောက်ဖော်ပြပါ အခွန်အခနှင့်ငွေကြေးများကိုကောက်ခံသည်။

နိုင်ကြေး

အမေရိကန်ဒေါ်လာ (၂၆၂၄) သန်း သဘာဝသယံဇာတများတူးဖော်ထုတ်လုပ်သည့်အတွက်ဒေသမှရရှိသောငွေကြေး (အလက်စကားပြည်နယ်သည်တူးဖော်ထုတ်လုပ်သောသယံဇာတစုစုပေါင်းတန်ဖိုး၏ အနည်းဆုံး (၁၂.၅%) ရရှိသည်။)

ကုမ္ပဏီမှပေးဆောင်ရသောအခွန်ငွေ

အမေရိကန်ဒေါ်လာ (၄၃၅)သန်း ကုန်ကျစရိတ်များကိုထုတ်နုတ်ပြီးနောက် ရင်းနှီးမြှုပ်နှံသည့်ကုမ္ပဏီများမှရရှိသောအမြတ်ငွေအပေါ်ပေးဆောင်ရသောအခွန်ငွေ



အခြားသောအခွန်အခများနှင့် ဝန်ဆောင်ခငွေများ

အမေရိကန်ဒေါ်လာ(၁၁၁)သန်း အလက်စကားရှိ ပြည်ထောင်စုအစိုးရပိုင် မြေပေါ်တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ခြင်းအတွက် ပြည်ထောင်စုအစိုးရ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ရရှိသောအခွန်ငွေအပါအဝင် ပြည်နယ်မပိုင်ဆိုင်သော သဘာဝဓာတ်ငွေ့ ပိုက်လိုင်းကဲ့သို့ ပစ္စည်းများအသုံးပြုမှုအတွက် ပေးဆောင်ရသောပစ္စည်းခွန်

ထုတ်လုပ်မှုအပေါ်ပေးဆောင်ရသည့် အခွန်ငွေ

အမေရိကန်ဒေါ်လာ (၄၂၁၉) သန်းပြည်နယ်အတွင်းမှထုတ်ယူသော ရေနံနှင့်သဘာဝဓာတ်ငွေ့များရောင်းရငွေစုစုပေါင်းအပေါ်တွင်ပေးဆောင်ရသောအခွန်ငွေ

ငင်းရန်ပုံငွေအလုပ်လုပ်ပုံ

အလက်စကားပြည်နယ်ပိုင် ကော်ပိုရေးရှင်းဖြစ်သော အလက်စကားအမြဲတမ်းရန်ပုံငွေကော်ပိုရေးရှင်း(APFC)က ငင်းရန်ပုံငွေနှင့် ပြည်နယ်၏ အခြားသောရင်းနှီးမြှုပ်နှံမှု အကျိုးစီးပွားကို စီမံမှုပြု၏။ ငင်းရန်ပုံငွေမှထုတ်ယူသော မည်သည့် သုံးစွဲမှုအတွက်မဆို ပြည်နယ်ဥပဒေပြုလွှတ်တော်၏ အတည်ပြုချက်ကိုရယူရမည်ဖြစ်သည်။[၆၉]

အနာဂတ်အတွက်ရင်းနှီးမြှုပ်နှံမှု

အလက်စကားပြည်နယ်၏ ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ်ခွဲ(၉)အရ " ပြည့်နယ်မှရရှိသည့် အားလုံးသော တူးဖော်ထုတ်လုပ်ရေး မြေငှားစာချုပ်များ၊ ခိုင်ကြေးများ၊ ခိုင်ကြေးရောင်းရငွေအပေါ် ကောက်ခံသည့်ငွေ၊ ပြည်ထောင်စုတူးဖော်ထုတ်လုပ်မှုဆိုင်ရာ ငွေကြေးခွဲဝေမှုပေးငွေနှင့် အပိုဆုကြေးများ၏ (၂၅)ရာခိုင်နှုန်းကိုအမြဲတမ်း ရန်ပုံငွေထဲသို့ထည့်ဝင်ရမည်။ ရန်ပုံငွေ၏ ငွေပင်ငွေရင်းအား ဝင်ငွေတိုးတက်ရရှိနိုင်သည့် ရင်းနှီးမြှုပ်နှံမှုမျိုးတွင်သာ အသုံးပြုရမည်ဖြစ်သည်။ "

ရန်ပုံငွေအားခိုင်မာသော ပိုင်ဆိုင်မှုများဖြစ်သည့် အစုရှယ်ယာများ၊ ငွေချေးစာချုပ်များနှင့် မြေယာများတွင် ရင်းနှီးမြှုပ်နှံထားသည်။ စာရင်းအင်းအလို့ငှာ ရန်ပုံငွေအား ငွေဝင်ငွေရင်းနှင့် အမြတ်ငွေအဖြစ် နှစ်ပိုင်းခွဲထားသည်။ အလက်

စကား၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ငွေပင်ငွေရင်းအား မည်သို့မျှ သုံးစွဲထုတ်ယူခွင့်မရှိဘဲ အမြတ်ငွေကိုသာလျှင် အများပြည်သူ အကျိုးစီးပွားအတွက် လွှတ်တော်၏အတည်ပြုချက်ဖြင့် သုံးစွဲခွင့်ရှိသည်။ ၎င်းတွင် အမြဲတမ်းရန်ပုံငွေအစုပေါ်အမြတ်ခွဲဝေမှုလည်း ပါဝင်သည်။[၇၀]

အမြဲတမ်းရန်ပုံငွေ၏ အစုပေါ်အမြတ်ခွဲဝေမှု

၁၉၈၂–ခုနှစ်မှစ၍ အလက်စကားပြည်နယ်အစိုးရသည် ပြည်နယ်တွင်းနေထိုင်သည့် မည်သည့်ကလေးလူကြီး၊ ယောကျ်ား၊ မိန်းမ မဆို တစ်ဦးလျှင်အမေရိကန်ဒေါ်လာ (၁၀၀၀)ထက်ပိုသောငွေကို နှစ်စဉ်ပေးအပ်ခဲ့သည်။ ယင်းသို့ပေးဝေရန် အလက်စကား အမြဲတမ်းရန်ပုံငွေမှရယူပြီး ၎င်းကိုအမြဲတမ်းရန်ပုံငွေ၏ အစုအပေါ်အမြတ်ဟုခေါ်သည်။ ရန်ပုံငွေ အမြတ်ငွေတွက်ချက်သည့်နည်း နာကိုလိုက်၍ ၎င်းအစုပေါ် အမြတ်ငွေခွဲဝေမှုသည် တစ်နှစ်နှင့်တစ်နှစ်ကွဲပြားသည်။ ၂၀၀၈–ခုနှစ်တွင် ၎င်းခွဲဝေပေးငွေသည် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ (၃၂၆၉)အထိ (၎င်းတွင် တစ်ချိန်က တစ်နှစ်တာပြည်နယ်ဘတ်ဂျက်၏ ပိုငွေမှ ဖြည့်စွက်ပေးသည့် အမေရိကန်ဒေါ်လာ(၁၂၀၀)ပါဝင်သည်) မြင့်တင်ခဲ့ပြီး မိသားစုဝင်(၅)ဦးရှိသော မိသားစုတစ်စုအတွက် တစ်နှစ်အတွက် အမေရိကန်ဒေါ်လာ (၁၆၃၄၅)အထိ ရရှိနိုင်သည်။

လွန်ခဲ့သည့်နှစ်များအတွင်း ၎င်းခွဲဝေငွေသည် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ (၁၀၀၀)နှင့် (၁၅၀၀)ကြားတွင် ပျမ်းမျှရရှိသည်။[၇၁] ပြည်သူများသို့တိုက်ရိုက်ပေးသည့် ၎င်းခွဲဝေငွေအပြင် ပြည်နယ်ဘတ်ဂျက်သို့သွားသောငွေများကို ပညာရေး၊ ကျန်းမာရေး၊ လူမှုဖူလုံရေး အစီအစဉ်များတွင်သုံးသည်။ ထို့ပြင် ပြည်နယ်တွင်းတူးဖော်ထုတ်လုပ်နေကြသော ရေနံ ကုမ္ပဏီ(၁၆)ခုတွင် လုပ်ကိုင်နေကြသည့် အလုပ်သမား(၉၀)ရာခိုင်နှုန်းခန့်မှာ ဒေသခံများဖြစ်ကြသည်။ ၎င်းပြင် ဒုတိယတန်းစား စက်မှုလုပ်ငန်းများနှင့် ၎င်းနှင့်ဆက်စပ်ဝန်ဆောင်မှုလုပ်ငန်းများ၏ အလုပ်အကိုင်နေရာများနှင့် ဝင်ငွေကို ထည့်တွက်လျှင် စက်မှုလုပ်ငန်းသည် အလက်စကားပြည်နယ်စီးပွားရေး၏ အရေးပါသောအစိတ်အပိုင်းတစ်ရပ်ဖြစ်လာသည်။[၇၂]

ဝင်ငွေမတည်ငြိမ်မှုကိုကာကွယ်ခြင်း

အလက်စကားပြည်နယ်၏ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအပေါ် အလွန်အမင်း မှီခိုအားထားနေမှုသည် ကမ္ဘာ့ဈေးကွက်အရ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ဝင်ငွေမငြိမ်သက်မှုကိုဖြစ်စေသည်။ သည့်အတွက် ပြည်နယ်၏ အနာဂတ်ရင်းနှီးမြှုပ်နှံမှုများနှင့် ဖွံ့ဖြိုးမှုများအပေါ် စီမံကိန်းချမှတ်လုပ်ဆောင်ရန် အခက် အခဲရှိသည်။ အလွန်အမင်း ဝင်ငွေမတည်ငြိမ်မှုကိုကာကွယ်နိုင်ရန် ဝင်ငွေ၏(၂)ရာခိုင်နှုန်းမှ (၄)ရာခိုင်နှုန်းအထိငွေကြေးအား ဖွဲ့စည်းပုံအရဖွဲ့စည်းထားသော ဘတ်ဂျက်အရန်ရန်ပုံငွေ (CBRF) ထဲသို့ ထည့်သွင်းပြီး ယင်းဝင်ငွေ မတည်ငြိမ်မှုကြောင့်ဖြစ်ရသော ရေတိုလိုငွေပြမှုအား ကုစားရန်ဖြစ်သည်။ ၎င်းရန်ပုံငွေမှ ငွေကြေးထုတ်ယူသုံးစွဲလိုပါက ပြည်နယ်လွှတ်တော်တွင် ဆန္ဒမဲ (၇၅)ရာခိုင်နှုန်း ရရှိရန်လိုအပ်သည်။



အလက်စကားပြည်နယ်၏ဝင်ငွေနှိုင်းယှဉ်ပြချက် ၁၉၇၈–၂၀၁၁ [၇၃]

ကြီးကြပ်မှု

အလက်စကားအမြဲတမ်းရံပုံငွေကို စီမံခန့်ခွဲမှုပြုသော အလက်စကားအမြဲတမ်း ရန်ပုံငွေကော်ပိုရေးရှင်းအား အုပ်ထိန်းရေးဘုတ်အဖွဲ့က ကြီးကြပ်သည်။ ၎င်း ဘုတ်အဖွဲ့တွင် အစိုးရအဖွဲ့မှနှစ်ဦးနှင့် ပြည်သူလူထု ကိုယ်စားလှယ်လေးဦး ပါဝင်ပြီး အလက်စကားပြည်နယ် အုပ်ချုပ်ရေးမှူးမှ ခန့်အပ်ရသည်။ လူထု ကိုယ်စားလှယ်များသည် လေးနှစ်သက်တမ်း ထမ်းဆောင်ရသည်။[၇၄] ဘုတ်အဖွဲ့ သည် ရန်ပုံငွေ၏ ပိုင်ဆိုင်မှုဦးပိုင်များ၊ လုပ်ဆောင်ချက်များနှင့် စာရင်းအင်း များစသည့် အချက်အလက်များပါဝင်သည့် အစီရင်ခံစာတစ်စောင်ကို နှစ်စဉ် ထုတ်ဝေရသည်။ ရန်ပုံငွေ၏ နှစ်စဉ်စုစုပေါင်း ပိုင်ဆိုင်မှုဦးပိုင်ကို မီဒီယာသို့ ထုတ်ပြန်ရပြီး ကော်ပိုရေးရှင်း၏ ဝက်ဘ်ဆိုဒ်တွင်လည်း လွယ်လင့်တကူကြည့်ရှု နိုင်သည်။[၇၅] မည်သူမဆိုအီးမေးလ်ဖြင့် သိလိုသည်များကို မေးမြန်းနိုင်ပြီး ဘုတ်အဖွဲ့၏ တိုက်ရိုက်ပြန်ကြားစာကို လက်ခံရရှိမည်ဖြစ်သည်။

ရေနံနှင့်သဘာဝဓာတ်ငွေ့ လက်ကျန်အနေအထား၊ ဘတ်ဂျက်အခြေအနေ၊ ငွေကြေးသုံးစွဲမှု၊ လုပ်ကွက်များ၏တိုးတက်မှုနှင့် ထုတ်လုပ်မှုစသည့် အထွေထွေ သတင်းအချက်အလက်များအား အများပြည်သူ အလွယ်တကူသိနိုင်အောင် ချပြရသည်။ အလက်စကား၏ ဘတ်ဂျက်နှင့် စီမံခန့်ခွဲမှုရုံးသည် ၎င်း၏ဝက်ဘ် ဆိုဒ်တွင် ဘတ်ဂျက်ဆိုင်ရာ အချက်အလက်များကို အမြဲဖော်ပြထားပြီး ၎င်း၌ ပြည့်စုံကျယ်ပြန့်သော ဘဏ္ဍာရေး နှစ်စဉ်အစီရင်ခံစာနှင့် ဝင်ငွေခန့်မှန်းချက် များလည်းပါဝင်သည်။ အလက်စကား သဘာဝသယံဇာတဌာန၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ဌာနခွဲ ဝက်ဘ်ဆိုဒ်၏ မူလစာမျက်နှာတွင် ရေနံနှင့်သဘာဝ ဓာတ်ငွေ့ လစဉ်ထုတ်လုပ်သည့်နှုန်း၊ စိုင်ကြေးရရှိသည့်ဝင်ငွေများအပြင် ရေနံ တွင်း သို့မဟုတ် သဘာဝဓာတ်ငွေ့ တစ်တွင်းချင်း၏ အရန်ကျန်ရှိသည့်ပမာဏ တို့ကို ဖော်ပြထားသည်။[၇၆]

ကနေဒါနိုင်ငံမှ အယ်လ်ဘာတာပြည်နယ်သည် ၎င်း၏ရင်းနှီးမြှုပ်နှံသူများအား လိုက်လျောလွန်းစွာဆက်ဆံသည့် မူဝါဒ၊ ခိုင်ကြေးနှင့် အခွန်အခများ၏ နိမ့်ကျသည့် နှုန်းထားကြောင့် ရေနံကဏ္ဍတွင် ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီများအတွက် ကွန်းခိုစရာစခန်းသာဖြစ်ခဲ့သည်။ ၂၀၀၇ ခုနှစ်တွင်အယ်လ်ဘာတာပြည်နယ်အစိုးရက ရေနံနှင့် သဘာဝဓာတ်ငွေ့မှ ၎င်းရရှိနေသည့် ရှယ်ယာနှုန်းထားအား (၄)ရာခိုင်နှုန်းမှ(၁၉)ရာခိုင်နှုန်းထိ[၇၈] တိုးမြှင့်မည်ဟုဆိုသောအခါ ကုမ္ပဏီများသည် မူလနှုန်းထားအတိုင်းထားရှိရန် အစိုးရအား ချော့၍တစ်မျိုး၊ တင်းကြပ်တစ်သွယ် အားထုတ်လာခဲ့ကြသည်။[၇၉]

နော်ဝေနိုင်ငံ၏ စီးပွားရေးမူဝါဒမှာကား ကနေဒါနှင့်မတူမကွဲပြားလေသည်။ နော်ဝေသည် ၁၉၆၉ခုနှစ်တွင် မြောက်ပင်လယ်၌ ရေနံရှာဖွေတွေ့ရှိသည်ကတည်းက ကမ်းလွန်ရေနံလုပ်ကွက်များ၌ ရေနံတူးဖော်မည့်ကုမ္ပဏီများအား မြင့်မားသောရှယ်ယာနှုန်းထား တောင်းဆိုခဲ့ပြီး ရှာဖွေခြင်းနှင့်ထုတ်လုပ်ခြင်းများအတွက် မြင့်မားသော အခွန်အခများကိုကောက်ခံခဲ့သည်။ အဆိုပါမူဝါဒက

ကနေဒါနှင့်နော်ဝေ

ကုမ္ပဏီရှယ်ယာများနှင့် အစိုးရနှင့်ပြည်သူများ

ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် အစိုးရ၏အခန်းကဏ္ဍကို ဆုံးဖြတ်ခြင်းတွင် သဘာဝသယံဇာတ စီမံခန့်ခွဲမှုအပေါ်မူဝါဒတစ်ခု တိုးတက်ကောင်းမွန်လာအောင် လုပ်ဆောင်မှု ရှိ/မရှိဆိုခြင်းသည် ပထမဦးဆုံး ထည့်သွင်းစဉ်းစားရမည့် အချက်များထဲမှ တစ်ချက်ဖြစ်သည်။ ဖော်ပြပါဂရပ်က ရေနံနှင့်သဘာဝဓာတ်ငွေ့ နှစ်(၃၀)စီမံကိန်းတစ်ခုအတွင်း ကုန်ကျငွေများနှင့် ဝင်ငွေပမာဏကို သရုပ်ဖော်ပြထားသည်။ ၎င်းတွင် စတင်ရင်းနှီးမြှုပ်နှံမှု၏ ကြီးမြင့်လှသော စရိတ်ကုန်ကျငွေများနှင့် စီမံကိန်းကာလတစ်လျှောက် ဝင်ငွေများမည်သို့ပြောင်းလဲသွားနိုင်သည်ကို အကောင်းဆုံး ခန့်မှန်းရေးဆွဲထားသည်။[၇၇]



ရေနံနှင့်သဘာဝဓါတ်ငွေ့စီမံကိန်း၏
စီမံကိန်းအချိန်ဇယားပြနမူနာတစ်ခု [၈၀]

ရေနံနှင့်သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းသည် အကုန်အကျအလွန်များပြီး စွန့်စားရသောအလုပ်မျိုးဖြစ်သည့်အတွက် မည်သည့်အစိုးရမဆို အလွယ်ကူဆုံးသော ရွေးစရာမှာ ကြီးလေးလှသော ကုန်ကျစရိတ်များကို စွန့်စား စိုက်ထုတ်သည့် ကုမ္ပဏီများထားရှိရန်ဖြစ်ပြီး အပြန်အလှန်အားဖြင့် ၎င်းတို့အား အမြတ်ရှယ်ယာအများစုကို ပေးလိုက်ရန်ဖြစ်သည်။ သို့ရာတွင် တူးဖော်ထုတ်လုပ်ရေးစီမံကိန်းများတွင် အကျိုးတူရှယ်ယာဖြင့် ပြည်နယ်ပိုင်စက်မှုလုပ်ငန်းများအား တိုးတက်စေပြီးမြင့်မားသော အခွန်အခနှုန်းထားများ ၊ခိုင်ကြေးများကို ပေးဆောင်စေသည့်ပုံစံက အများအားဖြင့် ပိုမိုကောင်းမွန်လေ့ရှိသည်။



အချို့သောရင်နီးမြှုပ်နှံမည့်ကုမ္ပဏီများအား နောက်တွန့်စေခဲ့သော်လည်း ယင်းကဲ့သို့ ပြင်ထန်းသောမူဝါဒ ချမှတ်ရခြင်း၏ ရည်ရွယ်ချက်မှာ နော်ဝေအစိုးရနှင့် နော်ဝေပြည်သူများအတွက် ကြီးမားသေချာသော အမြတ်ရာခိုင်နှုန်းရရှိမှသာ လျှင် ရေနံမြေများအား အသုံးပြုမည်ဖြစ်ပြီး တစ်နည်းအားဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့သိုက်များကို အနာဂတ်အတွက် ထိန်းသိမ်းထားရာလည်းရောက်မည်ဖြစ်သည်။ ၁၉၇၂ ခုနှစ်တွင် နော်ဝေအစိုးရသည် နိုင်ငံတူးဖော်ခွင့်စာချုပ်မှ (၅၀)ရာခိုင်နှုန်းခန့်ကို ရရှိခဲ့သည်။ နောင်တွင် ကုမ္ပဏီသည်(၃၃)ရာခိုင်နှုန်းခန့်ကို အများပြည်သူသို့ ရောင်းချပေးခဲ့သည်။ နော်ဝေသည် ယခုလက်ရှိ၌ ရေနံကုမ္ပဏီများအား ထုတ်လုပ်မှုအခွန်(၅၀)ရာခိုင်နှုန်းနှင့် ကုမ္ပဏီအခွန်(၂၈)ရာခိုင်နှုန်းကို ကောက်ယူလျက်ရှိရာ စုစုပေါင်း(၇၈)ရာခိုင်နှုန်း အခွန်အခပေးဆောင်ရသော ဤနှုန်းထားသည် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများအား အခွန်ကောက်ရာ၌ အမြင့်ဆုံးနှုန်းထားတစ်ခုပင်ဖြစ်သည်။

ကနေဒါပြည်၏ပြည်နယ်များ– တန်းတူညီမျှကိုသေချာခိုင်မာစေခြင်း

ရေနံ၊သဘာဝဓာတ်ငွေ့နှင့် ရေအားစသည့် စွမ်းအင်ကဏ္ဍသည် ကနေဒါ၏စုစုပေါင်း အသားတင်ထုတ်ကုန်တန်ဖိုး၏ (၁၀)ရာခိုင်နှုန်းခန့်ရှိသည်။[၈၁] ပြည်နယ်များသည် ၎င်းတို့၏သယံဇာတများအပေါ် ပိုင်ဆိုင်မှုနှင့် ထိန်းချုပ်မှုတို့ကို ထိန်းသိမ်းကိုင်စွဲထားသည်ဖြစ်၍ အယ်လ်ဘာတာနှင့် ဆက်စ်ကတ်ချဝမ် တို့ကဲ့သို့ သယံဇာတကြွယ်ဝသည့် ပြည်နယ်များနှင့် သယံဇာတခေါင်းပါးသည့် ပြည်နယ်တို့အကြား ကွာဟချက်ကိုထိန်းညှိနိုင်ရန် ၁၉၅၇ ခုနှစ်ကတည်းက ထန်းတူညီမျှရေး မူဝါဒတစ်ရပ်ကိုချမှတ်ခဲ့ပြီး ၎င်းသည် ၁၉၈၂ ခုနှစ်တွင်ဖွဲ့စည်းပုံအခြေခံဥပဒေ၌ တရားဝင်ပြဋ္ဌာန်းခဲ့သည်။[၈၂]

အကျိုးအမြတ်များကို သာတူညီမျှခွဲဝေခြင်း

တန်းတူညီမျှရေးပေးငွေသည် ပြည်နယ်တိုင်း၏အနိမ့်ဆုံးပင်ငွေ မည်မျှရရှိမည်ဟူသော သတ်မှတ်ချက်အပေါ် မူတည်သည်။ ပုံမှန်အားဖြင့် ဗဟိုအစိုးရသည် သယံဇာတကြွယ်ပသောပြည်နယ်များမှ အခွန်အခမြင့်မားစွာရရှိလေ့ရှိပြီး ယင်းအခွန်များနှင့် အခြားရရှိသောဝင်ငွေများကို သယံဇာတခေါင်းပါးသည့် ပြည်နယ်များသို့ ဗဟိုအစိုးရမှ တန်းတူညီမျှရေး ပေးငွေအဖြစ် ဖြန့်ဝေပေးသည်။ တစ်နည်းအားဖြင့် ပြည်စုံကြွယ်ပမှုကို တဆင့်ပြန်လည် ဖြန့်ဝေပေးခြင်းပင် ဖြစ်သည်။ ပေးငွေပမာဏသည် ပြည်နယ်တစ်ခု၏ ရရှိနိုင်သောဝင်ငွေ ပမာဏအပေါ်မူတည်သည်။

၂၀၀၇–၂၀၀၁၈ ခုနှစ် ပြည်နယ်တစ်ခု၏ရရှိသောဝင်ငွေပမာဏအပေါ်မူတည်၍တန်းတူညီမျှရေးပေးငွေ [၈၃]



၂၀၀၄ ခုနှစ်တွင်ဆိုလျှင် သယံဇာတကြွယ်ဝသော အယ်လ်ဘာတာ၊ ဗြိတိသျှကိုလံဘီယာ၊ ဆတ်စ်ကတ်ချပမ်နှင့် နယူးဖောင်လန်တို့သည် ၎င်းပေးငွေမျိုးလုံးဝမရရှိပေ။[၈၄] ကနေဒါ၏ တန်းတူညီမျှရေး ပေးငွေသည် ခြွင်းချက်တစ်စုံတစ်ရာ အပေါ်မမူတည်။ ၎င်းပေးငွေကို လက်ခံရရှိသောပြည်နယ်တို့သည် ၎င်းတို့ ၏ပြည်နယ်ဘတ်ဂျက်မှနေ၍ ၎င်းပေးငွေများကို မည်သို့မည်ပုံ အသုံးပြုမည်ဆိုခြင်းအပေါ်တွင်သာ မူတည်လေသည်။

ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရတို့၏ ရှုယ်ယာများ

ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရတို့ကြား၌ ပဋိပက္ခများဖြစ်ပွားခြင်းကို ရှောင်လွှဲနိုင်ရန်အတွက် ၎င်းတို့ကြား၌ ပိုင်ဆိုင်မှု၊စီမံမှုနှင့်ဘဏ္ဍာရေးဆိုင်ရာလုပ်ပိုင်ခွင့်များကို တိကျရှင်းလင်းစွာ ခွဲဝေထားမှုသည် အလွန်အရေးပါသည်။ အရှင်းဆုံး နည်းလမ်းမှာမည်သည့်အခွန်အမျိုးအစားကို ဗဟိုအစိုးရကကောက်ခံ၍ မည်သည့်အခွန်အမျိုးအစားကို ပြည်နယ်အစိုးရက ကောက်ခံမည်ဟု ခွဲခြား

ထားရန်ဖြစ်သည်။ ဥပမာအားဖြင့် အာဂျင်တီးနားတွင် ပြည်နယ် အစိုးရသည် ရေနံနှင့်သဘာဝဓာတ်ငွေ့များ ရှာဖွေခြင်းနှင့် ထုတ်လုပ်မှုများ၏ခိုင်ကြေးများကိုကောက်ခံယူပြီး ဗဟိုအစိုးရက ရေနံနှင့်သဘာဝဓာတ်ငွေ့များကိုပြည်ပသို့တင်ပို့ရောင်းချမှုများမှ အခွန်အခများကောက်ယူသည်။

ကနေဒါနှင့် အမေရိကန်ပြည်ထောင်စုတွင် ပြည်နယ်အစိုးရများသည် ပြည်နယ် ဒေသပိုင်းသယံဇာတများ၏ ခိုင်ကြေးများကိုကောက်ယူပြီး ဗဟိုအစိုးရက ပြည်ထောင်စုတွင် ပြည်ထောင်စုပိုင်သယံဇာတများ၏ ခိုင်ကြေးများကို ကောက်ယူသည်။ ပြည်နယ်အစိုးရသည် ပြည်နယ်တွင်းရှိသယံဇာတများကိုပိုင်ဆိုင်ပြီး အမြတ်အစွန်းရရှိနေစဉ်ဗဟိုအစိုးရသည်လည်းဝင်ငွေအများအပြားပင်ရရှိနေသည်။ အကြောင်းမှာကုမ္ပဏီများသည် ကုမ္ပဏီနှင့်အလုပ်သမားဝင်ငွေခွန်များကို ပြည်နယ်အစိုးရကိုသာမက ဗဟိုအစိုးရကိုပါပေးရသောကြောင့်ဖြစ်သည်။

အလက်စကားပြည်နယ်တွင်မူ ကုမ္ပဏီများသည် အမြတ်၏ (၃၅)ရာခိုင်နှုန်းကို ဗဟိုအစိုးရအားပေးရပြီး (၉.၄)ရာခိုင်နှုန်းကို ပြည်နယ်အစိုးရအားပေးရသည်။ ကနေဒါမှ အယ်လ်ဘာတာပြည်နယ်၌ကားကုမ္ပဏီများသည်အမြတ်၏ (၁၆.၅) ရာခိုင်နှုန်းကို ဗဟိုအစိုးရအားပေးရပြီး (၁၀) ရာခိုင်နှုန်းကိုပြည်နယ်အစိုးရအားပေးရသည်။[၈၅] ယင်းကဲ့သို့ပြည်နယ်အစိုးရက အခွန်အခများကောက်ယူရရှိနေခြင်းသည် တစ်နည်းအားဖြင့်ဗဟိုအစိုးရကိုအကျိုးပြုနေရာလည်းရောက်သည်။ ယင်းကဲ့သို့ပြည်နယ်များက ဝင်ငွေတိုးတက်မြင့်မားလာခြင်းသည် ကနေဒါ တန်းတူညီမျှရေးပေးငွေကဲ့သို့သောထောက်ပံ့ငွေမျိုးကို ဗဟိုအစိုးရကပေးဝေရမှုလျော့နည်းစေသောကြောင့်ပင်ဖြစ်ပါသည်။

ကိုးကားချက်များ

1 http://www.offshoreenergytoday.com/myanmar-awards-new-offshore-blocks/ - MOGE presentation

2 http://consult-myanmar.com/2013/10/16/lists-of-registered-myanmar-nationalowned-companies-at-energy-planning-department-for-cooperation-withforeign-oil-companies-as-of-2-9-2013/

3 Aung Hla Tun, "Myanmar 2014/15 FDI swells to $8.1bln - govt agency," Reuters, March 25, 2015 at http://www.reuters.com/article/2015/03/25/myanmar-investment-idUSL3N0WR25Q20150325, accessed on September 16, 2015.

4 Kyaw Hsu Mon, "Foreign Investment Soars to record $8b in 2014-15," The Irrawaddy, April 9, 2015 at http://www.irrawaddy.org/business/foreigninvestment-soars-to-record-8b-in-2014-15.html, accessed on September 25, 2015.

5 Song, "Myanmar Economic Growth: Strong 6.8% For 2013-2014 But The Poor May Fare Worse," International Business Times, Nov 7 2013, accessed Sept 16 2015 and Aung Hla Tun, "Myanmar 2014/15 FDI swells to $8.1bln - govt agency," Reuters, March 25, 2015 at http://www.reuters.com/article/2015/03/25/myanmar-investment-idUSL3N0WR25Q20150325, accessed on September 16, 2015.

6 See http://www.aprenergy.com/content/apr-energy%E2%80%99s-myanmarproject-named-asian-power%E2%80%99s-fast-track-power-plant-year and http://www.bloomberg.com/research/stocks/private/snapshot.asp?privcapId=5303509 /

7 The rate was 10 percent in 2014. The 2014 Myanmar Population and Housing Census, Union Report Vol 2, Ministry of Immigration and Population, May 2015.

8 Health Convergence Core Group, A Federal, Devolved Health System for Burma/Myanmar, 2014.

9 Miningwatch Canada, Local Votes and Mining in the Americas, May 2012.

10 Peru Law 29875 available at http://www.congreso.gob.pe/ntley/imagenes/Leyes/29785.pdf

11 Nixon, et al. State and Region Governments in Myanmar, 2013 at http://asiafoundation.org/publications/pdf/1249

12 Ribot, J.C. Choosing representation: Institutions and Powers for Decentralized Natural Resource Management, World Resources Institute, 2004.

13 Arakan National Conference (ANC) statement regarding natural resources, April 2014.

14 The Myanmar Development Resource Institute's Centre for Economic and Social Development (MDRI-CESD) and The Asia Foundation, Natural Resources and Subnational Governments in Myanmar: Key considerations for wealth sharing at http://asiafoundation.org/publications/pdf/1367

15 Constitution of Myanmar, 2008 at http://www.burmalibrary.org/docs5/Myanmar_Constitution-2008-en.pdf accessed on March 5, 2015.

16 Constitution of Myanmar, 2008 at http://www.burmalibrary.org/docs5/Myanmar_Constitution-2008-en.pdf accessed on March 5, 2015

17 Moumin, "The Legal Framework for Managing Oil in Post-Conflict Iraq" in High-Value Natural Resources and Peacebuilding, 2012.
18 Myanmar earned more than 1 billion USD annually from the Yadana and Yetagun offshore gas projects before the export of the Shwe gas to China began in mid 2013. Myanmar is expected to earn an estimated 1.8 billion USD annually from the export of the Shwe gas alone. http://www.mmtimes.com/index.php/business/11456-zawtika-spurs-growth-in-state-gas-exportrevenue.html and http://uk.reuters.com/article/2013/06/12/myanmar-energyidUKL3N0EO0Y520130612. For 2013-14 figures see Moore Stephens LLP, Myanmar Extractive Industries Transparency Initiative: Scoping study for the first EITI report, September 2015.
19 Revenue Watch Institute, Resource Governance Index, 2013.
20 Moore Stephens LLP, Myanmar Extractive Industries Transparency Initiative: Scoping study for the first EITI report, September 2015.
21 Institutional and Regulatory Assessment of the Extractive Industries in Myanmar, Adam Smith International, March 2015, p.12.
22 Calculations and oil and gas project information is from Myanmar's Ministry
52
of Energy, published on July 10, 2012 at http://www.energy.gov.mm/
23 http://www.resourcegovernance.org/news/blog/could-natural-resourcerevenue-sharing-help-secure-peace-myanmar (based on Ministry of Finance figures)
24 Bauer, Fiscal Rules for Natural Resource Funds, Revenue Watch Institute, April 2014.
25 Sovereign Wealth Fund Rankings, The Sovereign Wealth Institute, June 2015 http://www.swfinstitute.org/fund-rankings
26 Choukroune, "Corporate Liability for Human Rights Violations: The Exxon Mobil Case in Indonesia" in Regulating Disasters, Climate Change and Environmental Harm, 2013, p. 56-78.
27 The Law Governing Aceh, 2006, http://www.ifrc.org/docs/idrl/968EN.pdf accessed on July 10, 2015
28 Aguswandi and Large, "Aceh's New Era: An interview with Irwandi Yusuf," Conciliation Resources, Issue 20, 2008.
29 Everett, The Panguna Copper Mine: A resource curse for the people of Bougainville, Curtin University Australia.
30 O'Callaghan. "The Origins of Conflict," Conciliation Resources, Issue 12, 2002.
31 "Ride, The Rebel Peace," The New Internationalist, Issue 311, April 1999.
32 Bougainville Peace Agreement, August 2001 at http://www.usip.org/sites/default/files/file/resources/collections/peace_agreements/bougain_20010830.pdf, accessed on July 25, 2015.
33 The Constitution of the Autonomous Region of Bougainville, November 2004 at http://www.bougainville-copper.eu/mediapool/59/599247/data/ABG/THE_CONSTITUTION_OF_BOUGAINVILLE.pdf, accessed on July 26, 2015.
34 Wallis, Joanne. Constitution Making During State Building, 2014.
35 Bougainville Mining Act, March 2015 at http://www.bcl.com.pg/wp-content/uploads/2015/04/Gazette-Bougainville-Mining-Act.pdf, accessed on July 26, 2015.

36 Papua New Guinea Mining Watch, "North Bougainville Rallies against Mining Act," May 2015 at https://ramumine.wordpress.com/2015/05/27/northbougainville-rallies-against-mining-act/
37 Adam Smith International, Institutional and Regulatory Assessment of the Extractive Industries in Myanmar, March 2015.
38 Constitution of Myanmar, 2008 at http://www.burmalibrary.org/docs5/Myanmar_Constitution-2008-en.pdf accessed on March 5, 2015.
39 International Energy Agency. Key World Statistics, 2014.
40 Wieland, Patrick. "Going Beyond Panaceas: Escaping Mining Conflicts in Resource-Rich Countries through Middle-Ground Policies," New York University Environmental Law Journal, Vol. 20 Issue 2, 2013.
41 Mieszkowski and Soligo, "The Governance of Oil and Gas in the United States" in Oil and Gas in Federal Systems, Forum of Federations, 2010.
42 Mieszkowski and Soligo, "The Governance of Oil and Gas in the United States" in Oil and Gas in Federal Systems, Forum of Federations, 2010.
43 CIA, The World Factbook, 2013.
44 Constitution of Argentina, http://www.biblioteca.jus.gov.ar/argentinaconstitution.pdf, accessed on June 2, 2015.
45 Zapata, "Oil and Gas in Argentina" in Oil and Gas in Federal Systems, Forum of Federations, 2010.
46 http://www.mongabay.com/reference/new_profiles/238uae.html
47 International Energy Agency, Key World Statistics, 2014.
48 Constitution of Myanmar, 2008 at http://www.burmalibrary.org/docs5/Myanmar_Constitution-2008-en.pdf accessed on March 5, 2015
49 Hayson and Kane, Negotiating Natural Resources for Peace, October 2009.
50 Constitution of Argentina at http://www.biblioteca.jus.gov.ar/argentinaconstitution.pdf, accessed on June 2, 2015.
51 Ibid.
52 Ibid.
53 Cameron, Managing the Politics of Oil Reform: Lessons from Iraq, Centre for Energy, Petroleum & Mineral Law & Policy, 2010.
54 Deyholos and Cuschieri, A Comparative Guide to the Regulation of Oil and
53
Gas Projects: Canada, European Lawyer Reference Series, 2013.
55 Ibid.
56 Plourde, "Oil and Gas in the Canadian Federation" in Oil and Gas in Federal Systems, Forum of Federations, 2010.
57 This is done through provincial ministries, such as the Alberta Department of Energy and the BC Ministry of Natural Gas Development.
58 The project has caused a sharp decline in numbers of endangered wild life in the province Alberta Tar Sands Network, Greenpeace, http://www.albertatarsandsnetwork.ca/, http://www.greenpeace.org/canada/en/campaigns/Energy/tarsands, accessed on May 23, 2015.
59 Alberta Government, Acquisition of Petroleum and Natural Gas Rights in Alberta, The Tenure System, 2014.
60 Vlavianos, The Legislative and Regulatory Framework for Oil Sands Development in Alberta: A Detailed Review and Analysis, 2007.
61 Alberta Wilderness Association, "Sorcerer's Apprentice: Government of Alberta and Energy Leasing," Presentation at Synergy Alberta Conference,

2011.
62 OFEPHI, History of the Federal Organization of Oil Producing States (OFEPHI) at http://www.ofephi.com.ar, accessed on June 1, 2015.
63 Scheiner, Can the Petroleum Fund Exorcise the Resource Curse from Timor-Leste?, La'O Hamutuk, June 2015
64 http://www.laohamutuk.org/Bulletin/2007/Mar/bulletinv8n1.html [these references from LH are eight years old; we have much more current data on our website]
65 http://www.mof.gov.tl/budget-spending/petroleum-fund/ [the Ministry hasn't updated this web page in four years.]
66 http://www.laohamutuk.org/Bulletin/2006/Apr/bulletinv7n1.html#PFCC
67 Alaska State revenues 1968-1970 at http://ww.uspresidentelection.us/year_revenue_1970AKml_16ms1n#usgs302, accessed on September 14, 2015.
68 http://www.apfc.org/home/Content/aboutFund/fundHistory.cfm
69 https://en.wikipedia.org/wiki/Alaska_Permanent_Fund
70 http://www.apfc.org/home/Content/aboutFund/fundHistory.cfm
71 http://usbig.net/alaskablog/about-the-alaska-dividend/
72 Alaska Oil and Gas Association, The Role of the Oil and Gas Industry in Alaska's Economy, May 2014.
73 Knapp, An Introduction to the economy of Alaska, University of Alaska Anchorage, February 2012.
74 Alaska Permanent Fund Corporation, An Alaskan's Guide to the Permanent Fund, September 2005.
75 The Alaska Permanent Fund Corporation, www.apfc.org
76 Division of Oil and Gas of the Alaska Department of Natural Resources website, www.dog.dnr.alaska.gov
77 Bauer, Subnational Oil, Gas and Mineral Revenue Management, Revenue Watch Institute, July 2013.
78 The proposal suggested that provincial shares for oil sands should increase by 17%, crude oil by 4% and natural gas by 5%. The Alberta Royalty Review Panel, Our Fair Share, September 2007.
79 What Canada and Alberta Could Learn from Norway, at http://credbc.ca/norways-oil-gas-policy/
80 Bauer, Subnational Oil, Gas and Mineral Revenue Management, Revenue Watch Institute, July 2013.
81 Natural Resources Canada, Energy markets Fact book 2014-15, 2014.
82 Canadian Constitution Act of 1982, section 36(2) at http://laws-lois.justice.gc.ca/eng/const/page-16.html#h-53 accessed on August 8, 2015.
83 Parliamentary Budget Office of Canada, 2014-15 Federal Transfers to Provinces and Territories, June 2014.
84 Department of Finance, Canada, 2007 at http://www.budget.gc.ca/2007/plan/bpc4-eng.html accessed on August 8, 2015.
85 Alaska Department of Revenue, Alaska's Oil and Gas Fiscal Regime: A Closer Look from a Global Perspective, January 2012.

၂၀၀၂မှ ယနေ့အထိ ရခိုင်ပြည်ရှိ ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍတွင် ကုမ္ပဏီများရင်းနှီးမြှုပ်နှံမှု

ရေနံနှင့်သဘာဝဓါတ်ငွေ့အခန်းကဏ္ဍ

Country	Company	Total Blocks
	Asia	
Korea	Daewoo International Corporation	3
	Korea Gas Corporation	2
India	Oil and Natural Gas Corporation(ONGC)	2
	Gas Authority of India Corporation Limited(GAIL)	2
	ESSAR	1
Austraila	Woodside Energy	5
China	Chinnery Asset/ China National Petroleum Corporation (CNPC)	1
	China National Offshore Oil Corporation (CNOOC)	1
Japan	Mitsui Oil Exploration Co.,Ltd(MOECO)	2
	US/EU	
US	Conoco Phillips Myanmar E&P Pte.Ltd:	1
	Chevron (Unocal Myanmar Offshore Co., Ltd	1
Great Britain	BG Asia Pacific Pte.Ltd	4
	Ophir Energy Development	1
Netherland	Shell Myanmar Energy Pte.Ltd	2
Norway	Statoil Myanmar Private Limited	1

Country	Companies	Total Blocks
Myanmar	Myanmar Petroleum E&P Co.,Ltd. (MPEP)	2
Myanmar	Myanmar Petroleum Resources Ltd. Exploration & Production (MPRLE&P)	1
Myanmar	Royal Marine Engineering Co.,Ltd.	1
Myanmar	Parami Energy Development Co.,Ltd.	1
Myanmar	Myanmar Oil and Gas Enterprise (MOGE)	2

သတ္တုတူးဖော်ရေးကဏ္ဍ

Country	Companies	Project
China	Gold Finder	Titanium
Luxembourg	Goulle Mining Group	
Vietnam	Myanmar SIMCO Song Da Limited Joint Stock Company (MYSICO)	Marbel Nayputaung Mine
Myanmar	Myanmar Government	

နောက်ဆက်တွဲ(၂)

ထိခိုက်နစ်နာရသော ဒေသခံပြည်သူများသည် ဆုံးဖြတ်ချက်များချမှတ်ရာတွင်ပါဝင်ခွင့်ရှိခြင်းနှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာစံသတ်မှတ်ချက်များ

သဘာဝသယံဇာတများ တူးဖော်ထုတ်လုပ်ကြခြင်းကြောင့် တိုက်ရိုက်ထိခိုက်နစ်နာရသော လူ့အဖွဲ့အစည်းသည် အဆုံးရှုံး၊အနစ်နာရဆုံးပင်ဖြစ်သည်။ သူတို့၏ဘဝများနှင့် အသက်မွေးဝမ်းကျောင်းများအပေါ်တွင် ကြီးမားသောအလှည့်ပြောင်းကိုဖြစ်စေလျက် သူတို့၏စိုက်ပျိုးမြေများနှင့် ငါးဖမ်းကွက်များဆုံးရှုံးပျက်စီးခဲ့ရသည်။ အင်အားကြီး မားသောစီးပွားရေးအဖွဲ့အစည်းများ သို့မဟုတ် နိုင်ငံတော်အစိုးရက စီမံကိန်းကြီးများအား အကောင်အထည်ဖော်ရာတွင် ၎င်းတို့အား ဆန့်ကျင်သူများကို နှိမ်နင်းရန်အတွက် ရဲတပ်ဖွဲ့ သို့မဟုတ် စစ်တပ်ကိုပါ အသုံးပြုလေ့ရှိကြသည်။ ၎င်းစီမံကိန်းများ၏ တရားနည်းလမ်းကျမှု ၊ ကျိုးကြောင်းဆီလျော်မှုတို့ကို ပြန်လည်သုံးသပ်မည်ထက် လူမှုရေး၊ ကျန်းမာရေး၊ ပတ်ဝန်းကျင် စသည်များအား မည်မျှထိခိုက်နိုင်သည်ကို ထိထိရောက်ရောက် အကဲဖြတ်ဆန်းစစ်မှုများပြုလုပ်ပေးခြင်းနှင့် လျော်ကြေးအမျိုးမျိုး အစားစားကို သတ်မှတ်ပေးခြင်းများ ပြုလုပ်ပေးလျှင်ပင် အကောင်းဆုံး၊အသက်ညှာဆုံး ဆောင်ရွက်ပေးသည်ဟု ဆိုနိုင်ပါသည်။

အစိုးရ၊ ကုမ္ပဏီများနှင့် နှိုင်းစာလျှင် ဒေသခံလူ့အဖွဲ့အစည်းဆိုသည်မှာ နိုင်ငံရေးအာဏာဖြင့်သော်လည်းကောင်း၊အတန်းပညာအရည်အချင်းအားဖြင့်သော်လည်ကောင်း ၊ငွေကြေးအင်အားအနေဖြင့်သော်လည်းကောင်း အားအနည်းဆုံးပင်ဖြစ်သည်။ မူဝါဒချမှတ်သူများအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော တိုးတက်ဖွံ့ဖြိုးမှုများနှင့် ငြိမ်းချမ်းမှုကိုရည်ရွယ်ရာတွင် အဆိုပါမညီမျှမှုများကို အဓိကဦးစားပေး ဖြေရှင်းရန်လိုပါသည်။ ကုလသမဂ္ဂ ဌာနေတိုင်းရင်းသားများဆိုင်ရာသဘောတူညီချက်ကြေငြာစာတမ်း(UNDRIP)နှင့် နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ်ဆိုင်ရာ သဘောတူညီချက် နံပါတ် (၁၆၉) ကဲ့သို့သော အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် ကြေငြာစာတမ်းများက ၎င်းမညီမျှမှုအချို့ကို ပြင်ဆင်နိုင်ရန်အားထုတ်ခဲ့ကြသည်။

မြန်မာနိုင်ငံသည် (UNDRIP)ကို အတည်ပြုလက်ခံပြီးဖြစ်သော်လည်း နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ်ဆိုင်ရာသဘောတူညီချက် နံပါတ်(၁၆၉)ကိုမူ ယခုအချိန်ထိ တရားဝင်အတည်ပြု လက်ခံလိုက်နာဆောင်ရွက်ခြင်းမရှိသေးပေ။ မြန်မာနိုင်ငံက အတည်ပြုလက်ခံထားသော ကုလသမဂ္ဂဌာနေတိုင်းရင်းသားများဆိုင်ရာ သဘောတူညီချက် ကြေငြာစာတမ်း (UNDRIP)က ထိခိုက်ခံဌာနေတိုင်းရင်းသားများအနေဖြင့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် ပါဝင်နိုင်ခွင့်ရှိကြောင်း အတိအလင်းဖော်ပြထားသည်။ ၎င်းပြင် မည်သည့်စီမံကိန်းကိုမဆို အတည်ပြုလက်ခံခြင်းမပြုမီ ဌာနေတိုင်းရင်းသားများအား စီမံကိန်းနှင့်ပတ်သတ်သော အချက်အလက်များကို ကြိုတင်၍ လွတ်လပ်စွာချပြရမည့် (FPIC) လုပ်ငန်းစဉ်တစ်ခုကို မဖြစ်မနေ လုပ်ဆောင်ရမည်ဟု အခိုင်အမာဆိုထားသည်။ *

"ဌာနေတိုင်းရင်းသားများသည် ၎င်းတို့၏ရပိုင်ခွင့်များကို အကျိုးသက်ရောက်စေနိုင်သည် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချမှတ်ရာတွင် ၎င်းတို့ကိုယ်တိုင်ပြဋ္ဌာန်းထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ၎င်းတို့ကိုယ်တိုင်ရွေးချယ်ထားသော ကိုယ်စားလှယ်များအား ပါဝင်စေနိုင်ခွင့်ရှိသည်။ ထို့အတူ ၎င်းတို့၏ ဆုံးဖြတ်ချက်ချမှတ်နိုင်သော ကိုယ်ပိုင်အဖွဲ့အစည်းများကို ထူထောင်ပိုင်ခွင့် ၊ ထိန်းသိမ်းပိုင်ခွင့်နှင့် တိုးတက်ဖွံ့ဖြိုးစေခွင့်ရှိသည်။"

ကုလသမဂ္ဂဌာနေ တိုင်းရင်းသားများဆိုင်ရာ သဘောတူညီချက် ကြေငြာစာတမ်း အပိုဒ် (၁၈)

"အစိုးရသည် ဌာနေတိုင်းရင်းသားများအား အကျိုးသက်ရောက်မှုရှိစေနိုင်သည် ဥပဒေဆိုင်ရာ သို့မဟုတ် စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများအား အတည်ပြုအကောင်အထည်မဖော်မီ စီမံကိန်းနှင့်ပတ်သက်သော အချက်အလက်များကို ကြို

တင်၍ လွတ်လပ်စွာချပြရမည်ဟူသော သဘောတူညီချက်ကိုရယူနိုင်ရန် ၎င်းတို့အား ကိုယ်စားပြုနိုင်သောအဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင် အကြံဉာဏ်ရယူခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများကို အရိုးသားဆုံး လုပ်ဆောင်ရမည်။"

ကုလသမဂ္ဂဌာနေတိုင်းရင်းသားများဆိုင်ရာ သဘောတူညီချက် ကြေငြာစာတမ်းအပိုဒ် (၁၉)

နိုင်ငံတကာအလုပ်အမားအဖွဲ့ချုပ်ဆိုင်ရာသဘောတူညီချက် နံပါတ်(၁၆၉)သည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း(၂၀) က အတည်ပြုလက်ခံပြီး တရားဝင်လက်ခံကျင့်သုံးနေသော အပြည်ပြည်ဆိုင်ရာ စံနှုန်းတစ်ခုဖြစ်သည်။ ၎င်းသဘောတူညီချက်က ဌာနေတိုင်းရင်းသားများသည် ၎င်းတို့၏လူမှုဘဝများအပေါ် အကျိုးသက်ရောက်နိုင်သော ကိစ္စရပ်များကို ဆုံးဖြတ်ရာတွင် ကိုယ်တိုင်ပါဝင်နိုင်ခွင့်ရှိကြောင်း အတိအကျဖော်ပြထားသည်။ မည်သည့်စီမံကိန်းမဆို စတင်အကောင်အထည်မဖော်မီ ကြိုတင်ဆွေးနွေးတိုင်ပင် အကြံဉာဏ်ရယူရမည် ဆိုခြင်းမှာလည်း ဤသဘောတူညီချက်၏ အခြေခံအဓိကအချက်ပင်ဖြစ်သည်။☆☆

"ဌာနေတိုင်းရင်းသားများသည် ၎င်းတို့၏အသက်ရှင်ရပ်တည်မှုများ၊ ယုံကြည်မှုများ၊ အဖွဲ့အစည်းများနှင့် ဘာသာတရားတို့အား အကျိုးသက်ရောက်မှုဖြစ်စေနိုင်သည် တိုးတက်ဖွံ့ဖြိုးမှု လုပ်ငန်းစဉ်များအတွက် မည်သို့မည်ပုံလုပ်ဆောင်မည်ကို ကိုယ်တိုင်ရွေးချယ် ဆုံးဖြတ်နိုင်ခွင့်ရှိသည်။ ၎င်းတို့နေထိုင်ရာမြေများ သို့မဟုတ် အခြားနည်းလမ်းဖြင့် အသုံး ပြုရာမြေများအား ၎င်းတို့၏ စီးပွားရေး၊လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှုများအတွက် ဖြစ်နိုင်သမျှအတိုင်းအတာထိ ထိန်းသိမ်းပိုင်ခွင့်ရှိသည်။ ၎င်းပြင် ဌာနေတိုင်းရင်းသားများသည် ၎င်းတို့အားတိုက်ရိုက် အကျိုးသက်ရောက်မှု ရှိစေနိုင်မည့် နိုင်ငံလုံးဆိုင်ရာ သို့မဟုတ် ဒေသဆိုင်ရာတိုးတက်ဖွံ့ဖြိုးမှု လုပ်ငန်းများအတွက် စီမံကိန်းများချမှတ်ခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် ချင့်ချိန်တွက်ချက်ခြင်းများ၌ ပူးပေါင်းပါဝင်ခွင့်ရှိသည်။"

နိုင်ငံတကာ အလုပ်သမားအဖွဲ့ချုပ်ဆိုင်ရာ သဘောတူညီချက်နံပါတ် (၁၆၉) အပိုဒ် (၇)'

ရခိုင့်သယံဇာတနှင့်သဘာဝဝတ်ဝန်းကျင်ဆိုင်ရာကွန်ရက်အဖွဲ့ဝင်များမှ ရခိုင်ပြည်ရှိသဘာဝသယံဇာတတူးဖော်ထုတ်လုပ်မှုများကို ရပ်တန့်ပေးရန်လှုပ်ရှားမှု(စစ်တွေကမ်းခြေ) ဓါတ်ပုံ-AOW

☆ United Nation Decleration on Rights of Indigenous People(UNDRIP), September, 2007

☆☆ International Labour Organization, Indigenous and Tribe People Convention, NO-169, 1989

ရခိုင်ပြည်နယ်၏ ပင်လယ်ကမ်းရိုးတန်းငါးဖမ်းနယ်မြေများ၊ စိုက်ပျိုးမြေများနှင့် ပင်လယ်ကမ်းလွန်
သဘာဝဓါတ်ငွေ့သိုက်များကြောင့် ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အချမ်းသာဆုံးပြည်နယ်များထဲမှ
တစ်ခုအပါအဝင်ဖြစ်သည်။ သို့သော်လည်း ရခိုင်ပြည်နယ်၏ လူမှုရေးနှင့်စီးပွားရေးအခြေအနေများမှာ
အဆင်းရဲဆုံးပြည်နယ်တခုအဖြစ်သို့ ကျရောက်နေသည်။ အဘယ်ကြောင့်နည်း။ ဗဟိုအစိုးရနှင့်
နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများက သဘာဝသယံဇာတပိုင်ဆိုင်မှုနှင့် ထိန်းချုပ်မှုများကို ရယူထားခြင်းကြောင့်
ရခိုင်ပြည်နယ်အပါအဝင် မြန်မာတစ်နိုင်ငံလုံးကို သဘာဝသယံဇာတကျိန်စာကျရောက်နေခြင်းဖြစ်သည်။
ရခိုင်ရေနံစောင့်ကြည့်ရေးအဖွဲ့သည် သဘာဝသယံဇာတရင်းနှီးမြှုပ်နှံမှု စီမံကိန်းများကြောင့်
ထိခိုက်နစ်နာကြရသည့် ဒေသခံပြည်သူများကြား ဆယ်စုနှစ်ကြာ ပူးပေါင်းဆောင်ရွက်နေခြင်းနှင့်
ကမ္ဘာတစ်ဝှမ်းမှ သဘာဝသယံဇာတကြွယ်ဝသော နိုင်ငံများကို လေ့လာမှုအတွေ့အကြုံများအရ
ဤအစီရင်ခံစာတွင် မြန်မာနိုင်ငံသည် သဘာဝသယံဇာတကျိန်စာမှ လွတ်မြောက်ရန်နှင့် စီးပွားရေးတိုးတက်
ကောင်းမွန်ပြီး ပိုမိုတောင့်တင်းခိုင်မာသော လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်ပေါ်လာစေရန်အတွက်
အဓိကအရေးပါသော အချက်(၆)ချက်ကို အကြံပြုတင်ပြထားပါသည်။